www.burmeseclassic.com



www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## နယ်ရှုပ်လူလင်

(ပထမပိုင်း)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## လောဘနှင့်သိက္ခာ

နာမည်ကျော် မင်္ဂလာကန်တော်၏အလှသည် ဆွတ်ပျံ့ကြည်နူးဖွယ် ကောင်းလှဘိခြင်း။

ကန်ရေပြင်ကျယ်တွင် လှိုင်းကြက်ခွပ်ကလေးများ တဖျတ်ဖျတ်ရိုက်ခတ်လှုပ်ရှားနေ၏။

အမှောင်ဘက်သို့ လှနေပြီဖြစ်၍ ကန်ရေပြင်ပေါ်တွင် နှင်းမြူများ ဝိုင်းဝေ့နေ၏။

ကန်ရေပြင်ကို ရှပ်တိုက်ပြေးလာသော လေနုအေးသည် တောပန်းတောင်ပန်းတို့၏ရနံ့ကို သယ်ဆောင်လာသဖြင့် မွှေးကြိုင်ထုံသင်းနေသည်။

လွမ်းမောဖွယ် မင်္ဂလာကန်တော်၏အလှကို မိန်းမပျိုလေးတစ်ယောက် ငေးမောနေသည်။ မိန်းမချောကလေးပင် ...

သူမသည် ကန်စပ်တွင် မလှုပ်မယှက်ထိုင်လျက်မှ ဟိုအဝေးဆီသို့ ငေးမောနေခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"လူ့အသက်တစ်ချောင်းဆိုတာ ဖြစ်ခဲတယ်နော်၊ ကန်ထဲ ခုန်ချဖို့များ စိတ်ကူးနေသလား"

ထိုစကားကြောင့် မိန်းကလေးသည် ချာခနဲ လှည့်ကြည့်လိုက်၏။ စုတ်ပြတ်နေသော လူငယ်တစ်ယောက်ကို မြင်လိုက်ရ၏။

"ပေါက်ကရတွေ လာပြောမနေနဲ့၊ ရှင် အခုထွက်သွားပါ"

စုတ်ပြတ်နေသောလူငယ်က ရယ်မောလိုက်၏။

"အို ... တယ်ဒေါသကြီးပါလား"

သူမသည် လူငယ်ကို ဒေါသဖြစ်သွားမိ၏။ ထို့ကြောင့် သူမ၏ လက်တစ်ဖက်သည် လေထဲသို့ မြောက်သွားပြီး ...

'ဖြန်း'

လူငယ်အား ရုတ်တရက် ရိုက်ချလိုက်၏။

"အို"

လူငယ်မှာ မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် ရုတ်တရက် အာမေဋ္ဍိတ်သံ ထွက်ပေါ်သွားသည်။ မိန်းကလေး၏ လှုပ်ရှားမှုက မြန်ဆန်လှသည်။

သူမသည် လူငယ်အား ရိုက်ပြီးသည်နှင့် မျက်နှာကို သေသေချာချာ စူးစိုက်ကြည့်လိုက်လေသည်။ ထိုအခါ သူမ၏မျက်လုံး အစုံမှာ ပြူးကျယ်သွားရတော့သည်။

"ဟင် ... အစ်ကို အစ်ကိုပါလား"



"ငါ့ညီမက ဘယ်ဆိုးလို့လဲ၊ မိန်းကလေးဆိုတာ အဲဒီလို လက်သွက်မှပေါ့"

အရိုက်ခံရသော ယောက်ျားပျိုက စိတ်မဆိုးသည့်အပြင် မိန်းကလေးကိုပင် ချီးကျူးလိုက်သေး၏။

"ကျွန်မ အစ်ကို့ကို ရုတ်တရက် မမှတ်မိဘူးရှင်"

လူငယ်က ရယ်လိုက်သည်။

"အင်း ... ငါကလည်း မှတ်မိစရာမှ မကောင်းတော့ဘဲ၊ ဒါနဲ့ ညီမက ဒီမှာ ဘာထိုင်လုပ်နေတာလဲ"

"ဒီရောက်နေတာ ဘာဆန်းလို့လဲ၊ မင်္ဂလာကန်တော်ရဲ့ အလှဟာ ညနေဆည်းဆာမှာ ဘယ်လောက် သဘာဝကျထားသလဲ၊ သဘာဝအလှကို ကြည့်ပြီး လွမ်းဆွေးရတာပဲပေါ့၊ ညီမအဖို့ တမ်းတမျှော်လင့်ခြင်းနဲ့အတူ လွမ်းဆွေးရတာဟာ အရသာတစ်ခုပဲလို့ အောက်မေ့ထားတယ်"

"ဟင် ... ဟုတ်မှာပါပဲ၊ မတွေ့ရတာ သုံးနှစ်လောက်ကြာပြီနော်၊ ဒါပေမဲ့ ငါ့ညီမကတော့ အရင်ကအတိုင်း လှလို့ပလို့ ဘာမှ မပြောင်းလဲပါဘူး"

သူမသည် လူငယ်ကို ကြင်နာစွာကြည့်၍ ...

"အစ်ကို ဘာကြောင့် ဒီပုံစံမျိုး ပေါက်နေရတာလဲ၊ အဝတ်အစားတွေကလည်း စုတ်ပြတ်နေပါလား၊ ဘယ်လိုဖြစ်လာတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ပြောပြစမ်းပါဦး"

လူငယ်က ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်လိုက်သည်။

"ငါ ဘယ်လိုဖြစ်ပျက်တယ်ဆိုတာ ညီမက တကယ်မသိဘူးလား"

"သိတာမှ သိပ်သိတာပေါ့။ ချူးလုစန်းလို နာမည်ကြီးတဲ့ လူတစ်ယောက်ရဲ့အကြောင်းကို မသိဘူးဆိုရင် ကျွန်မကို လူတွေက အရူးလို့ ထင်သွားကြမှာပေါ့"

"ဘာဖြစ်လို့ ငါ့အပေါ် ဒီစကားမျိုး ပြောရတာလဲ"

မိန်းမပျိုက မဲ့ပြုံးကလေး ပြုံးလိုက်သည်။

"ဒီစကားမှ မပြောရင် ဘာစကားပြောရမှာလဲ၊ ငွေငါးသိန်းဆိုတာ နည်းနည်းနောနောငွေတွေ မဟုတ်ဘူး"

လူငယ်က သက်ပြင်းရှည်တစ်ချက် ချလိုက်လေ၏။

"ညီမတောင် ငါ့အပေါ် အယုံအကြည်မရှိတော့ဘဲကိုး၊ ငွေငါးသိန်းကို ငါက မောင်ပိုင်စီးသွားတယ်လို့ ထင်နေတာပဲ မဟုတ်လား"

"ယုံတာ၊ မယုံတာ ထားပါတော့လေ၊ ကျွန်မတို့ကလည်း ပစ္စည်းရှင်ကို လျော်ပေးလိုက်ပါပြီ"

မိန်းမပျို၏စကားကြောင့် လူငယ်၏မျက်နှာ အုံ့သြတုန်လှုပ်မှု အရိပ်လက္ခဏာများ ရုတ်ခြည်းလွှမ်းသွားတော့၏။



"ဟင် ...ဒီလောက်များတဲ့ငွေတွေကို ငါ့ညီမတို့က ဘယ်လိုရှာပြီး လျော်ပေးလိုက်ရတာလဲ"

"ရှိတာတွေ ရောင်းချပေးရတဲ့အပြင် ကျွန်မအဖေရဲ့အသက်တစ်ချောင်းပါ အသစ်ထည့်ပေးလိုက်ရတာပေါ့"

မိန်းကလေးက အံတင်းတင်းကြိတ်၍ ပြောလိုက်လေသည်။

လူငယ်မှာ အကြီးအကျယ် စိတ်ခြောက်ပျက်ပြားသွားဟန်ဖြင့် နဖူးကို လက်ဝါးဖြင့် ဖြန်းခနဲ ရိုက်လိုက်မိလျက်သား ဖြစ်သွားတော့၏။

"ဒါဆိုရင် ကျုပ်အဖို့ သေပို့တောင်ကောင်းနေပြီပဲ"

မိန်းကလေးက နှုတ်ခမ်းကို သွားဖြင့် တင်းတင်းကလေးဖိကိုက်ထား၏။

"သေဖို့ကောင်းမှန်းသိရင် ဘာဖြစ်လို့ ဒီကိုပြန်လာတာလဲ ပြောစမ်းပါဦး အစ်ကို"

ချူးလုစန်းသည် တစ်စုံတစ်ရာကို ဆုံးဖြတ်ပြီးဟန်ဖြင့် ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်၏။

"ဘာပဲဖြစ်ဖြစ် တို့ကို ဒုက္ခပေးသွားတဲ့ လူကိုရှာပြီး စာရင်းရှင်းရမှာပဲ၊ နို့မဟုတ်ရင် ငါ ဘယ်တော့မှ ကျေနပ်နိုင်မှာ မဟုတ်ဘူး၊ ဘယ်လိုမှလည်း ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး"

ချူးလုစန်း၏ စကားသံသည် ခံပြင်းမှုနှင့် ဝမ်းနည်းမှုတို့

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တုန်ခါနေ၏။

“ရှာလို့ရမယ်ဆိုရင် အခုလိုတောင် ဖြစ်မနေဘူး”

မိန်းကလေး၏အသံက အခဲမကျေသံ အထင်အရှား ပေါ်နေသည်။

“ဘာပြောတယ် ... ညီမတို့လည်း လိုက်ရှာနေတယ်ပေါ့ ... ဟုတ်လား”

“ကျွန်မ ကျေနပ်နေလိမ့်မယ်လို့ အစ်ကိုထင်နေလား”

ချူးလုစန်း ခေါင်းကို ခါယမ်းလိုက်၏။

“ငါ ဒီသဘောမျိုးနဲ့ ပြောနေတာ မဟုတ်ဘူး။ ငါ့အပေါ် အထင်မလွဲပါနဲ့”

“ဟင်း ဟင်း”

မိန်းကလေးက မရယ်ချင့်ရယ်ချင်နှင့် ရယ်လိုက်သံ။ ပြီးတော့မှ ဝမ်းနည်းပက်လက် ရှိုက်၍ ငိုနေတော့၏။

✿

ချူးလုစန်းနှင့်မိန်းကလေးသည် မောင်နှမအရင်းအချာ မဟုတ်ပါ။ သို့သော် ပညာသင်ဘက် မောင်နှမများ ဖြစ်ကြ၏။



ချူးလုစန်း၏ဆရာမှာ မိန်းကလေး၏ ဖခင်အရင်းဖြစ်၏။ မိန်းကလေး၏ဖခင် ဝမ်းတီဖြစ်သည်။

ဝမ်းတီသည် အာမခံဌာနတစ်ခုကို ပိုင်ဆိုင်ထားသူ ဖြစ်ပေ၏။

ချူးလုစန်းသည် ထိုအာမခံဌာနတွင် အမှုထမ်းဆောင်ရာမှ ဝမ်းတီ၏လူယုံတော်တပည့်တစ်ဦး ဖြစ်လာခဲ့ပေသည်။

ဝမ်းတီ၏သမီး ဝမ်းဝမ်း။ သူမနှင့် ချူးလုစန်းသည် အလုပ်လုပ်ကိုင်ရင်းမှ မောင်နှမရင်းချာသဖွယ် ခင်မင်လာခဲ့ကြ၏။ နှစ်ရှည်လများ ဆက်ဆံကြရသောအခါ ကြင်နာမှု သံယောဇဉ်ကလေးများပင် ငြိတွယ်လာခဲ့ကြသူများ ဖြစ်သည်။

ချူးလုစန်းက ဝမ်းဝမ်း၏လက်ကို အသာအယာ ဆုပ်ကိုင်လိုက်၏။

ထို့နောက် တစ်စုံတစ်ရာကို ပြောရန် ပြင်လိုက်စဉ်မှာပင် အေးစက်စက်ရယ်သံတစ်သံက ရုတ်တရက် ပျံ့လွင့်လာတော့သည်။

“ဟား ဟား ဟား”

ထိုသို့ ရယ်မောလိုက်သည့်အသံကြောင့် ချူးလုစန်းသည် ဝမ်းဝမ်းအား ရုတ်တရက် သူ့ထံသို့ ဆွဲယူကာ ကာကွယ်မှုပြုလိုက်၏။

ထို့နောက် ရယ်သံကြားသည့် တောအုပ်ကလေးဆီသို့ လှမ်းကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်လူ ဘာရယ်တာလဲ၊ ယောကျ်ားပီပီ အပြစ်ကို ထွက်ခဲ့"

ချူးလုစန်း လှမ်းပြောလိုက်သည်။ ချူးလုစန်း၏စကားဆုံးသည်နှင့် တောအုပ်ဆီမှ အသံထွက်လာသည်။

"အင်း ... ချူးလုစန်း ချူးလုစန်း၊ မင်းက နာမည်ကြီးသလောက် အပြောအဆိုလည်း ပြတ်ပါတယ်၊ တို့ကလည်း သတ္တိကြောင်တဲ့လူ မဟုတ်ပါဘူး"

တုံ့ပြန်ပြောဆိုသံနှင့်အတူ လူသုံးယောက် တောအုပ်အတွင်းမှ ဘွားခနဲ ပေါ်ထွက်လာသည်။ လူသုံးယောက်ထဲတွင် တစ်ယောက်က အရပ်အလွန်ရှည်ပြီး ကျန်နှစ်ယောက်က ပုကွကွဖြစ်သည်။

သုံးဦးစလုံး ပိုးသားဖြင့်ချုပ်လုပ်ထားသော ကိုယ်ကျပ်ဝတ်စုံကို ဝတ်ဆင်ထားကြလေသည်။

အရပ်ပုပုလူနှစ်ဦးက ဓားရှည်တစ်လက်စီ ကိုင်ဆောင်ထားသည်။

အရပ်ရှည်သူ၏ လက်ထဲတွင်မူ ဓားမကြီးတစ်လက် ကိုင်ဆောင်ထားသည်။ ထိုဓားမကြီးမှာ အလေးချိန် အတော်စီးပုံရ၏။

ထိုသုံးဦးသည်မှာ ချူးလုစန်းနှင့် ဝမ်းဝမ်းတို့နှစ်ဦး ရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လာကြသည်။



ချူးလုစန်းက ထိုလူသုံးယောက်အား မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

"မိတ်ဆွေတို့ကို မြင်ဖူးသလိုပဲ၊ ဘယ်နေရာမှာ မြင်ဖူးတယ်ဆိုတာတော့ ကျုပ် ... ရုတ်တရက် စဉ်းစားလို့ မရဘူး"

"ဟဲ ဟဲ ... ဟုတ်မှာပဲ၊ အခုလည်း မိတ်ဆွေအဖြစ် ပေါင်းသင်းဦးမယ်ဆိုရင်တော့ ခင်ဗျားအဖို့ အချိန်မနှောင်းသေးပါဘူး"

ချူးလုစန်းက ခေါင်းကို ဆတ်ခနဲညိတ်လိုက်သည်။

"ကောင်းပါတယ်၊ မိတ်ဆွေဖွဲ့တယ်ဆိုတာ လက်မခံနိုင်စရာမရှိပါဘူး၊ ဒါပေမဲ့ စဉ်းစားပြီးပြောပါ၊ တော်ကြာ ရန်သူဖြစ်သွားရမှာကိုတော့ ကျုပ်က မလိုလားဘူး"

အရပ်ရှည်ရှည်လူက ရယ်လိုက်ပြန်၏။

"ဟဲ ဟဲ ... ကျုပ်တို့သုံးယောက်က ရန်သူဖြစ်ဖို့လာတာ မဟုတ်ပါဘူး၊ ခင်ဗျားနဲ့တော့ ဆွေးနွေးချင်ပါတယ်"

ချူးလုစန်း မျက်မှောင်ကြုတ်လိုက်ပြန်သည်။

"ဘာကိစ္စလဲ"

အရပ်ရှည်ရှည်လူသည် ချူးလုစန်းအား ဂရုမစိုက်ဟန်ဖြင့် ပြန်ကြည့်ကာ ခပ်ယဲ့ယဲ့ ပြုံးလိုက်လေသည်။

"မောင်ရင့်အသက်က သုံးဆယ်ပြည့်ကာနီးပါပြီ၊ အသက် (၇၀) အထိ နေရတယ်ပဲထားဦး ငွေနှစ်သိန်းလောက်ဆိုရင် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ကျုပ်ပြောတာ သဘောပေါက်ရဲ့လား"

"ခင်ဗျားပြောတာ ဘာအဓိပ္ပာယ်လဲ"

ချူးလုစန်းက နားမလည်ဟန်ဖြင့် အရပ်ရှည်ရှည်လူအား ပြန်မေးလိုက်သည်။

အရပ်ရှည်ရှည်လူသည် မျက်နှာတည်သွား၏။

"ကဲ ... မောင်ရင် နားမလည်ဘူးဆိုရင် ကျုပ်ရှင်းပြမယ်၊ ကျုပ်တို့တစ်တွေကလည်း သိပ်လောဘမကြီးပါဘူး၊ မောင်ရင် ရခဲ့တဲ့ ငွေငါးသိန်းထဲက တစ်သိန်းစီ ကျုပ်တို့ကို ဝေမျှပေးရင် ကျေနပ်ပါတယ်"

ချူးလုစန်း၏မျက်ခုံးအစုံသည် ရုတ်တရက် မြင့်တက်သွားတော့သည်။

"တော်တော်ကောင်းတဲ့ အကြံအစည်တစ်ခုပါပဲ"

"ငွေငါးသိန်းဆိုတာ တစ်သက်လုံး ဖြုန်းလို့ကုန်မှာ မဟုတ်ပါဘူး၊ ဒီအတိုင်းထားရင် မှိုတက်သွားနိုင်တယ်၊ အဲဒီလို မှိုတက်ခံမယ့်အစား ကျုပ်တို့ကို တစ်သိန်းစီခွဲပေးလိုက်ရင် ခင်ဗျားအဖို့ ဘယ်လောက် ငြိမ်းချမ်းသွားမယ်ဆိုတာ စဉ်းစားကြည့်ပေါ့ဗျာ"

အရပ်ရှည်ရှည်လူသည် ဟိတ်ဟန်အပြည့်ဖြင့် တိုက်တွန်းလိုက်လေသည်။ ချူးလုစန်းက ထိုသူ၏မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။



"ကျုပ်မှာ ငွေငါးသိန်း မရှိဘူးဆိုရင်ကော"

ချူးလုစန်း၏လေသံက မာကျောကျောနိုင်လှ၏။ အရပ်ရှည်ရှည်လူက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ဒီလိုမလုပ်ပါနဲ့ မိတ်ဆွေရယ်၊ ကျုပ်တို့က မောင်ရင့်အကြောင်းနဲ့ပတ်သက်ပြီး နောကျေအောင် သိထားပါတယ်၊ ခတ်သိချင်းတွေပဲ၊ တစ်ယောက်နဲ့တစ်ယောက် ဘွင်းဘွင်းပ ဆက်ဆံကြတာကောင်းပါတယ်"

လူရှည်၏အသံက ပျော့ပျောင်းသည်ဟု ထင်ရသော်လည်း တကယ်တမ်းအားဖြင့် အေးစက်မာကျောနေခြင်း ဖြစ်သည်။

"ဒါဆိုရင် ခင်ဗျားတို့က ငွေသုံးသိန်းအရယူချင်တယ်ပေါ့ ... ဟုတ်လား"

"ဟုတ်ကဲ့ ... တစ်ပြားမှလျှော့လို့ မဖြစ်ပါဘူး"

လူရှည်က ပိုင်စိုးပိုင်နင်းပင် ခပ်တင်းတင်း အဖြေပေးလိုက်သည်။

ချူးလုစန်း အခြေအနေကို သိလိုက်ပါပြီ။ ရွေးချယ်စရာတခြား နည်းလမ်းလည်း မရှိတော့ပေ။

ချူးလုစန်းသည် တစ်စုံတစ်ရာမှ ဆက်လက်မပြောတော့ဘဲ အင်္ကျီအောက်မှ ဓားမြှောင်နှစ်လက်ကို ရုတ်ခနဲ ဆွဲထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့နဲ့ ဆက်ပြောနေလည်း အချိန်ကုန်တယ်"

"ကဲ ... ခင်ဗျားတို့ သုံးယောက်စလုံး တစ်ချိန်တည်း ဝင်မှာလား"

ချူးလုစန်းက စိတ်ကို ဆုံးဖြတ်ပြီးဟန်ဖြင့် စိန်ခေါ်လိုက်သည်။

လူရှည်က ပျာပျာသလဲ လက်ကာ၍ ဟန့်တားလိုက်၏။

"သိပ်မလောပါနဲ့လေ ... နည်းနည်း ထပ်ဆွေးနွေးကြသေးတာပေါ့၊ အကြွမ်းဖက်ဖို့ အချိန်တွေက အများကြီးရှိပါတယ်"

"ဘာမှ ပြောစရာမလိုဘူး၊ ခင်ဗျားတို့ လိုချင်တဲ့ငွေ ကျုပ်မှာမှမရှိဘဲ၊ အကြမ်းဖက် တိုက်ခိုက်ရုံကလွဲလို့ တခြားလမ်းမရှိတော့ဘူး"

ချူးလုစန်း၏စကားက ရှင်းသည်၊ ပြတ်သည်။ သို့သော် လူရှည်က လက်မလျှော့ဘဲ ဆက်လက်ဆွေးနွေးပြန်၏။

"ကျုပ်တို့ ဘယ်သူဘယ်ဝါဆိုတာ မောင်ရင်သိပုံမရသေးဘူး၊ အဲ ... သိသွားရင်တော့ စိတ်ထားပြောင်းလာမှာပါ"

"ဒါဆိုလည်း ပြောပေါ့ဗျာ"

ချူးလုဆန်းက စိတ်မပါ့တပါ ပြောလိုက်သည်။

"ကျုပ်တို့သုံးယောက်က ဟူပေမှာနေတယ်၊ သိုင်းလောကသားတွေက ကျုပ်တို့ကို"



လူရှည်၏ စကားမဆုံးမီ ချူးလုစန်းက လက်ကာ၍ ဝင်ပြောလိုက်၏။

"ကျုပ်သိပြီ၊ ခင်ဗျားတို့က ဟူပေမားသုံးဖော် မဟုတ်လား၊ အကျင့်စာရိတ္တ ညံ့ဖျင်းတယ်ဆိုတာ သိထားရပါတယ်"

ချူးလုစန်းက ပြတ်ပြတ်သားသားပင် ရှုတ်ချလိုက်သည်။ လူရှည်၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

"ချူးလုစန်း စကားကောင်းကောင်းပြောပါ၊ ကျုပ်တို့က ကောင်းကောင်းမွန်မွန် ဆက်ဆံနေလျက်သားနဲ့ မောင်ရင်က အလိုက်ကမ်းဆိုးမသိဘူးဆိုရင်တော့ ကျုပ်တို့သုံးယောက်က လွယ်လွယ်ကလေးနဲ့ ရှင်းပစ်နိုင်တယ်ဆိုတာ သိထားပါ မောင်ရင်"

လူရှည်က ခြိမ်းခြောက်လိုက်သည်။ ချူးလုစန်း ခေါင်းခါလိုက်သည်။

"လောကမှာ လေလုံးထွားတဲ့လူတွေဟာ အသေစောတတ်ကြတယ်၊ ခင်ဗျားတို့လည်း လေလုံးထွားတယ်နဲ့ တူတယ်"

ချူးလုစန်းက ပြောင်လှောင်သည့်သဘောဖြင့် ပြောလိုက်သည်။ လူရှည် မျက်နှာပေါ်တွင် ဒေါသရိပ်များ ဖြတ်သန်းသွားတော့သည်။

"မောင်ရင်က ကိုယ့်သေတွင်းကို ကိုယ်တူးနေတာကိုး၊ ကောင်းပြီ ... နောက်တော့မှ ကျုပ်တို့ကို အဆိုးမဆိုနဲ့"

www.burmeseclassic.com

www.burmeseclassic.com



လူရှည်သည် ပြောပြောဆိုဆို ရှေ့သို့ ခုန်ထွက်လာ၏။ သို့သော် ...

"ခဏနေပါဦး"

ဟန့်တားသံတစ်ခုကြောင့် လူရှည် ရပ်တန့်လိုက်ရ၏။ ဟန့်တားသူမှာ အခြားမဟုတ်။ မိန်းကလေးပင် ဖြစ်သည်။ သူမသည် ဟန့်တားရင်း လူရှည်၏ရှေ့တွင် ပိတ်၍ ရပ်တန့်လိုက်သည်။

"ဟိတ် မိန်းကလေး ... မင်းက သူ့အစား ဝင်ပြီး အသေခံချင်လို့လား"

လူရှည်က ဒေါသတကြီးဖြင့် ငေါက်ငမ်းလိုက်၏။

မိန်းမပျိုက မှဲ့ပြုံးပြုံးလိုက်၏။

"ရှင်တို့ရဲ့အသက်ကို ကျွန်မ နှမြောမိလို့ပါ"

လူရှည် မျက်မှောင်ကြုတ်လိုက်၏။

"ဘာဖြစ်လို့လဲ"

"ရှင်တို့ အခုရောက်လာတာ ဘာရည်ရွယ်ချက်နဲ့လဲ"

မိန်းကလေးက ဟန်ပါပါ မေးလိုက်သည်။

"ငွေလိုချင်လို့"

လူရှည်က လွတ်ခနဲ ဖြေသည်။ မိန်းကလေး ခေါင်းညိတ်လိုက်၏။

"ငွေလိုချင်ရင် သူနဲ့ဘာဖြစ်လို့ ရန်ဖြစ်ချင်ရတာလဲ၊ အကယ်၍ သူသေသွားရင် ရှင်တို့ ငွေရဖို့ လမ်းပိတ်သွားမှာပေါ့"

လူရှည်သည် ခေါင်းညိတ်၍ ပြုံးလိုက်သည်။

"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့ကလည်း မသတ်ပါဘူး၊ နည်းနည်းပညာပေးမလို့ပါ၊ ဒါနဲ့ မိန်းကလေးက သူနဲ့ ဘာတော်သလဲ"

ထိုစကားကြောင့် မိန်းကလေး မည်ကဲ့သို့ ပြန်ဖြေရမှန်းမသိ ဖြစ်သွားသည်။

"အို ... ရှင် ဒါတော့"

"ဘယ်လိုလဲ မိန်းကလေး ... ဖွင့်ပြောရ ခက်နေတယ်ထင်တယ်"

မိန်းကလေးက နှုတ်ခမ်းရွဲ့လိုက်၏။

"မခက်ပါဘူး၊ သူနဲ့ကျွန်မ ဘာပဲတော်တော် ရှင်တို့အလုပ်မဟုတ်ပါဘူး၊ ကျွန်မပြောချင်တာက ရှင်တို့က ငွေကိုလိုချင်တဲ့သူ လူကိုသတ်လို့ ဘာအမြတ်ရမှာလဲ"

"အင်း မဆိုးပါဘူး ဆက်ပြောပါဦး"

"လူ့အသက်နဲ့ ငွေနဲ့ ဘယ်ဟာ တန်ဖိုးရှိတယ်ဆိုတာ ရှင်တို့ စဉ်းစားတတ်ပါလိမ့်မယ်"

"ဟုတ်ကဲ့ သဘောပေါက်ပါတယ်၊ ဒါထက် မိန်းကလေးရဲ့ နာမည်က"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းဝမ်း"

မိန်းကလေးက တုံးတိတိပင် ဖြေလိုက်သည်။ လူရှည် မျက်လုံးများ ပြူးကျယ်တောက်ပြောင်သွား၏။

"ဝမ်းဝမ်း ဟုတ်လား၊ လက်စသတ်တော့ စိန်ရွှေအာမခံဌာန ပိုင်ရှင် သူဌေးကြီး ဝင်းတိရဲ့သမီးကိုး"

မိန်းကလေး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

လူရှည် စိတ်ပျက်သလို ခေါင်းကို ခါရမ်း၍ ချူးလုစန်းကို တစ်ချက်ကြည့်လိုက်၏။

ထို့နောက် ဝမ်းဝမ်းအား ...

"မိန်းကလေးရဲ့အဖေက ဒီကောင်ကြောင့် စီးပွားပျက်ရုံတင် မကဘူး သူတောင် အသေခံလိုက်ရတယ် မဟုတ်လား၊ မင်းက အခုလို သူ့ဘက်က အကာအကွယ်ပေးနေတာကို တမလွန်ဘဝ ရောက်နေတဲ့ မင်းအဖေသာသိရင် ဘယ်လောက် စိတ်ထိခိုက်မလဲ၊ ဟဲ ဟဲ"

ဝမ်းဝမ်း၏မျက်နှာလည်း တိမ်ဖုံးသည့်လနှယ် ညှိုးပုပ်သွား ၏။

"ဒါက ကျွန်မကိစ္စပါ၊ ရှင်တို့မဆိုင်ဘူး"

ဝမ်းဝမ်း၏လေသံမှာ သိသိသာသာ တင်းမာသွားသည်။



"အေး မင်းကိစ္စကို ငါဝင်မစွက်ချင်တာ အမှန်ပဲ၊ ကဲ ... ဘေးဖယ်လိုက်စမ်း မိန်းကလေး"

ဝမ်းဝမ်း ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မက မဖယ်ပေးဘူးဆိုရင်ကော"

"ဒါဆိုရင် တို့က ပြတ်ပြတ်သားသား လုပ်ရမှာပေါ့"

လူရှည် စကားဖြတ်ထားပြီး ရက်စက်မည့်အသွင်ပေါ်နေ၏။

ဟူပေ ဓားသုံးဖော်ဆိုသည်မှာ ကျန်စူးနှင့်ကျက်ကျန်းပြည် နယ်တွင် ကျော်စောထင်ရှားသော လူမိုက်ကြီးသုံးယောက်ဖြစ်သည်။

နာမည်ကြီးသလောက် သိုင်းပညာလည်း အဆင့်မြင့်လှ၏။ ယခု လောလောဆယ် အရေအတွက်အားဖြင့် နှစ်ယောက်နှင့် သုံးယောက် ဖြစ်သည်။

တစ်ဖက်နှင့်တစ်ဖက် အကြမ်းဖက်လာပါက ချူးလုစန်းတို့ ပညာသင်မောင်နှမအဖို့ ဘေးအန္တရာယ် ကျရောက်နိုင်သည်။

ဝမ်းဝမ်းသည် သတ္တိကောင်း၍ ချူးလုစန်းအတွက် ဝင် ရောက်ကာကွယ်ပြောနေခြင်းမဟုတ်။ သို့သော် သူမက ငွေကြေး မက်မောသော လူ့သဘောကို သိထားသည်။

ဟူပေဓားသုံးဖော်တို့သည် ငွေကြောင့် ချူးလုစန်းအား အသေသတ်မည် မဟုတ်ပေ။

ထိုအချက်ကို သူမက စဉ်းစားမိထား၏။ ချူးလုစန်းသည်

www.burmeseclassic.com

www.burmeseclassic.com



သူမကို ကျေးဇူးတင်မိ၏။

သို့သော် လက်ငင်းအခြေအနေပေါ်တွင် ချူးလုစန်းသည် စိုးစဉ်းမျှ ကြောက်ရွံ့စိတ် မရှိပေ။

"ညီမ ဘေးဖယ်နေပါ၊ သူတို့က အစ်ကို့ကို ဘာမှ လုပ်နိုင်မှာ မဟုတ်ပါဘူး"

ချူးလုစန်းက ဝမ်းဝမ်းအား ဘေးဖယ်ခိုင်းလိုက်၏။

"သူတို့သုံးယောက်က နာမည်ကြီးတယ်၊ သတိထားမှ ဖြစ်မယ် အစ်ကို"

"အစ်ကို သိပါတယ်"

ချူးလုစန်းက ခပ်ဆတ်ဆတ်ပြောလိုက်ရာ ဝမ်းဝမ်းမှာ မည်သို့မျှ မတတ်နိုင်ဘဲ ဘေးသို့ ရှောင်ပေးလိုက်ရသည်။

ချူးလုစန်းက လူရှည်အား စူးရဲစွာ ကြည့်လိုက်သည်။

"ကဲ ကိုယ့်လူ ... ငွေလိုချင်ရင် နည်းနည်းတော့ အားထုတ်ရလိမ့်မယ်"

"မင်း ပြောတာမှန်တယ်"

လူရှည်သည် အပြောသမားမဟုတ်။ ချက်ချင်းပင် လက်တွေ့ကျကျ ဓားမကြီးဝင့်ကာ ချူးလုစန်းထံသို့ ဝင်ရောက် တိုက်ခိုက်လိုက်၏။

'ဝှီး ဝှီး ဝှီး'



ဓားချက်က ပြင်းသည်၊ မြန်သည်၊ ကြောက်မက်ဖွယ် လိလိ ဖြစ်၏။ သို့သော် လူရှည်၏ ဓားချက်များသည် ချူးလုစန်းအား ထိရန် ဝေးစွ အကျီစကိုပင် လှုပ်ရှားသွားအောင် စွမ်းဆောင်နိုင်ခြင်း မရှိပေ။

"ကဲ ... အားမနာနဲ့ ဆက်လုပ်"

ချူးလုစန်းက ဓားချက်ကို လွတ်အောင် ရှောင်ပြီးသည်နှင့် လူရှည်ကို ထပ်မံ စိန်ခေါ်လိုက်ပြန်သည်။ လူရှည်၏မျက်နှာမှာ ဒေါသရှိန်ကြောင့် ရဲခနဲ နီမြန်းသွားသည်။

စင်စစ် လူရှည်သည် မိမိ၏ဓားချက်အား ချူးလုစန်းက မည်ကဲ့သို့ရှောင်တိမ်းသွားသည်ကို မသိလိုက်ချေ။ ချူးလုစန်းက ထပ်မံစိန်ခေါ်လာသောအခါ လူရှည်သည် အတွင်းအားကို စုစည်းပြီး ဓားဖြင့် ဆယ်ချက်တိတိ ဝင်ရောက်တိုက် ခိုက်လိုက်သည်။

သို့သော် ထိုဆယ်ချက်စလုံး အရာမထင် မထိရောက်ဘဲ ပွတ်ကာသီကာ လွဲချော်သွားခဲ့သည်။

လူရှည်သည် တစ်ဖက်လူ၏သိုင်းစွမ်းရည် ထက်မြက်လှသည်ကို အကဲခတ်မိသွားသဖြင့် မျက်နှာတစ်ချက် ပျက်သွားသည်။

ထိုစဉ် ချူးလုစန်းက မခန့်လေးစား လှောင်ပြောင်ရယ်မော လိုက်လေသည်။

"ဟဲ ဟဲ ... ခင်ဗျားက ကိုယ့်ဓားကို သိပ်အထင်ကြီးပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့မှာ ဘာမှ အရာမရောက်ဘူး မဟုတ်လား၊ အကောင်းဆုံးက သုံးယောက်စလုံး တစ်ခါတည်း ဝင်လိုက်ပါ၊ နို့မို့ရင် ရထားတဲ့ ဘွဲ့နာမည်တွေ ထိခိုက်သွားဦးမယ်၊ အဲဒီအခါကျမှ ကျုပ်ကို အပြစ်မဆိုနဲ့နော်"

ချူးလုစန်း၏ ခနဲ့တဲ့တဲ့ စကားကြောင့် လူရှည်မှာ မခံချင်အောင် ဖြစ်သွားသည်။ သို့သော်လည်း ချူးလုစန်း၏စကားမှာ မှန်ကန်နေ၏။

မိမိတစ်ဦးတည်းဖြင့် ချူးလုစန်းအား အနိုင်ယူနိုင်မည် မဟုတ်သည့်အတွက် လူရှည်က ချက်ချင်းပင် လက်ဟန်တစ်ချက်ပြလိုက်သည်။ ဤတွင် လူပုနှစ်ဦး ပြေးတက်လာ၏။

သူတို့သုံးဦးသည် နာမည်ကြီး စုပေါင်းတိုက်ကွက်ကို အသုံးပြုပြီး ချူးလုစန်းအား တရကြမ်း ဝင်ရောက်တိုက်ခိုက်တော့သည်။

'ဝှီး ဝှီး'

'ဖုစ် ဖုစ်'

ဓားခုတ်သံများက တိတ်ဆိတ်ခြင်းကို ဖောက်ထွင်း၍ ထွက်ပေါ်လာသည်။

မကြာလိုက်ပါ။ ရှူးဝါးနက်ခံကြာသော အော်သံကြီးပေါ်သံက သွေးပျက်ခမန်း ရုတ်တရက် ထွက်ပေါ်လာသည်။

"အော်သံမှာ ချူးလုစန်းထံမှ မဟုတ်ပါ"



ဟူပေ ဓားသုံးဖော်တို့ပင် ဖြစ်သည်။ ဟူပေ ဓားသုံးဖော်တို့၏ စုပေါင်းတိုက်ကွက်က ပြင်းထန်သော်လည်း ချူးလုစန်း၏ သိုင်းစွမ်းရည်ကို မယှဉ်သာအောင်ပင် ကွာခြားနေတော့သည်။

ယင်းကြောင့်ပင်လျှင် တိုတောင်းသောအချိန်ကာလအတွင်း၌ ဟူပေဓားသုံးဖော် အထိနာသွားခြင်း ဖြစ်သည်။ ယခု ဟူပေဓားသုံးဖော်တို့ မိုက်ဓာတ်သိမ်းသွားလေပြီ။

သူတို့သုံးဦးစလုံး၏လည်မျိုတွင် အပေါက်တစ်ခုစီ ဖြစ်ပေါ်နေ၏။

ထိုအပေါက်မှ သွေးစိမ်းများ မြင်မကောင်းအောင် ပန်းထွက်နေသည်။ ချူးလုစန်းသည် ဟူပေဓားသုံးဖော်၏ အဖြစ်ဆိုးကို ကြည့်ပြီး စိတ်မသက်မသာဖြင့် ခေါင်းခါယမ်းနေသည်။

ဝမ်းဝမ်းသည် ကြောက်မက်ဖွယ်ကောင်းသော သတ်ပုတ်ပွဲကို အနီးကပ်တွေ့မြင်ခဲ့ရသဖြင့် ယခုတိုင် ကြောင်တောင်တောင်ဖြင့် ရပ်လျက် ငေးငိုင်နေ၏။

"ဘာလို့ ငိုင်နေရတာလဲ ညီမ"

ချူးလုစန်းက ရုတ်တရက် လှမ်းမေးလိုက်သည်။ ထိုအခါကျမှ ဝမ်းဝမ်း သတိပြန်ဝင်လာတော့၏။

"အစ်ကို သုံးနှစ်အတောအတွင်း ပညာတွေ သိပ်ပြီးတိုးတက်နေပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်လည်း မဟုတ်သေးပါဘူး၊ အကျဉ်းထောင်ထဲမှာ ဆိုတော့ အားလပ်ချိန်ရတယ် မဟုတ်လား၊ အချိန်ရတိုင်း သိုင်းပညာနဲ့ပဲ အပန်းဖြေနေရတာပေါ့ကွာ"

"အင်း ... ဟုတ်သားပဲ၊ ဒါနဲ့ အစ်ကို ထောင်ကလွတ်လာတာ ဘယ်လောက်ကြာပြီလဲ"

"လွန်ခဲ့တဲ့ နှစ်ဆယ့်ရှစ်ရက်က ထောင်ကထွက်လာတာ"

ဝမ်းဝမ်းက နှုတ်ခမ်းစူပစ်လိုက်သည်။

"ဩော် နှစ်ဆယ့်ရှစ်ရက်တောင် ရှိပြီပဲ၊ ဒါတောင် ညီမဆီ အခုမှ လာတယ်နော်"

ချူးလုစန်းမျက်နှာ မသိမသာ ညိုးသွားသည်။

"ထောင်ကထွက်စဆိုတော့ အစ်ကို့ဆီမှာ ခြူးတစ်ပြားတောင် မရှိဘူး၊ ဒါကြောင့်မို့ပါ"

"အစ်ကိုက ကျွန်မကို သူစိမ်းလိုပဲ သဘောထားတယ်နော်"

ဝမ်းဝမ်းမှာ ပြောရင်း ရှက်သွေးဖြာသွားသည်။ သူမ၏ အသက်မှာ ဆယ့်ရှစ်နှစ်သာ ရှိသေးသည်။ အတွေ့အကြုံ နုနယ်သေးသည့် အပျိုရွယ်ကလေးပင် ဖြစ်သည်။ သူမနှင့် ပညာသင်ဘက် ယောကျ်ားလေးသုံးယောက် ရှိခဲ့သော်လည်း သူမသည် ချူးလုစန်းကို အခင်မင်ဆုံး ဖြစ်သည်။

သူမ၏ကိုယ်လုံးကိုယ်ထည်မှာ ဆယ့်ရှစ်နှစ်အရွယ် မိန်းကလေးတစ်ဦးပီပီ ကိုယ်လုံးကိုယ်ထည်က ဖွံ့ဖြိုးလှသည်။



"မင်း ငါ့ကို သူစိမ်းလို သဘောမထားမှန်း သိလို့ပဲ အစ်ကို လာခဲ့တာပေါ့၊ ဒါနဲ့ နောက်ပိုင်းဆီမှာ ဘာတွေ ဖြစ်သေးသလဲ"

"ပစ္စည်းရှင်က သဘောကောင်းပါတယ်၊ ဖေဖေဟာ စိတ်ထိခိုက်ပြီး အိပ်ရာထဲ ဘုန်းဘုန်းလဲပြီး သေဆုံးသွားရတာကို ပစ္စည်းရှင်က စိတ်မကောင်းဖြစ်ပြီး နှစ်သိန်းလေးသောင်းလောက်နဲ့ပဲ ကျေနပ်လိုက်တယ်"

"စိတ်မကောင်းစရာပဲ၊ အားလုံး ကျုပ်ကြောင့် ဖြစ်ရတာမို့ ငါ့ညီမနဲ့ ထပ်တူထပ်မျှ ဝမ်းနည်းပါတယ်"

ချူးလုစန်းက စိတ်မကောင်းစွာဖြင့် ပြောလိုက်၏။

"ဒါနဲ့ အစ်ကိုကြီးနဲ့အစ်ကိုလတ်တို့ကော"

ချူးလုစန်းက ဆက်မေးလိုက်ခြင်းဖြစ်သည်။

"ဖေဖေမရှိတော့ သူတို့လည်း ကိုယ့်လမ်းကိုယ်သွားကြတာပဲ"

"ဒါဖြင့် ညီမတစ်ယောက်တည်းပဲ ကျန်ရစ်နေတာပေါ့ ... ဟုတ်လား"

"ကျွန်မက ဖေဖေ့ကို အိမ်မှာပဲ မြေမြှုပ်သင်္ဂြိုဟ်လိုက်တယ် ဆိုတော့ ဒီမှာပဲ ဆက်နေရတော့တာပေါ့၊ ကဲ အစ်ကို ပြန်ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



ချူးလုစန်းက ခေါင်းညိတ်လိုက်၏။

"အေး ... သွားမယ်"

ချူးလုစန်းသည် လေးကွေးသော ခြေလှမ်းများဖြင့် ဝမ်းဝမ်းနှင့်အတူ လိုက်ပါသွားခဲ့သည်။ မကြာမီ အိမ်အိုကြီးတစ်အိမ်သို့ ရောက်ရှိလာသည်။

ထိုအိမ်သည် ဝမ်းဝမ်း၏ဖခင် ဝမ်းတိုက်နေထိုင်သွားခဲ့သော အိမ်ကြီးပင်ဖြစ်၏။ အိမ်ကြီးသည် အိုမင်းဟောင်းနွမ်းနေလေသည်။ သို့သော် သပ်သပ်ရပ်ရပ် ရှိသေး၏။

မင်္ဂလာကန်တော်အနားတွင် တည်ရှိနေသဖြင့် ပတ်ဝန်းကျင်ရှုမျှော်ခင်းက သာယာလှသည်။

လေကောင်းလေသန့်ရရှိပြီး ပျော်ရွှင်ချမ်းမြေ့ဖွယ် ကောင်းလှသည့် နေရာတစ်ခုပင် ဖြစ်သည်။ ချူးလုစန်းသည် ယင်းအိမ်ထဲ၌ပင် သူ၏ငယ်စဉ်ဘဝများကို ကျော်လွန်စေခဲ့သည်။

ယခုမူ အခြေအနေက အပြောင်းလဲကြီး ပြောင်းလဲခဲ့လေပြီ။

✲ ✲ ✲



## အယောင်ဆောင်

"ဒေါ်ကြီးကူးမား ... ဒီမှာ ဘယ်သူရောက်နေပါယ်ဆိုတာ မြန်မြန်လာကြည့်ပါဦး"

ဝမ်းဝမ်းက အသံပြုလိုက်ရာ အမယ်အိုတစ်ယောက် အိမ်အတွင်းမှ သုတ်သုတ်ပျာပျာ ထွက်လာ၏။ ထိုအမယ်အိုမှာ ခေါင်းဆွတ်ဆွတ်ဖြူနေပြီဖြစ်သည်။

ဝမ်းဝမ်း၏ အထိန်းတော် ကူးမားဆိုသည့် အဘွားအိုပင်ဖြစ်သည်။ ယင်းကြောင့် ချူးလုစန်းနှင့်လည်း ရင်းနှီးမှုရှိလှသည်။

"ဟင် ချူးလုစန်း ...မင်းရောက်လာသေးတာကိုး၊ သခင်မလေးက မင်းကိုမျှော်နေတာ လည်ပင်းရှည်နေပြီ၊ နေ့တိုင်း အပြင်ထွက်ပြီး မျှော်လိုက်ရတာ ခြေကိုတိုတော့မယ်"

"ဒေါ်ကြီးကူးမား ... ဘာတွေလျှောက်ပြောနေတာလဲ ရှက်စရာကြီး"

ဝမ်းဝမ်းက ကလေးတစ်ဦးပမာ အထိန်းတော်ကြီးအား မျက်စောင်းတစ်ချက်ထိုးပြီး နှုတ်ခမ်းစူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါလေ … အဒေါ် ဆက်မပြောတော့ပါဘူး၊ ထိုင်ကြ ထိုင်ကြ"

"ကျွန်မတို့ ဗိုက်ဆာနေပြီ အဒေါ်၊ စားစရာလေး ဘာလေး ရှိရင်လည်း စီစဉ်လိုက်ပါဦး"

ဝမ်းဝမ်းက ပြောလိုက်၏။

"ရှိတယ် ရှိတယ်၊ မင်းတို့ ရေနွေးကြမ်းသောက်နှင့်ကြ၊ ငါ သွား စီစဉ်လိုက်မယ်"

ကူးမားဆိုသော အဘွားအိုက ပြောပြီးသည်နှင့် အခန်းထဲသို့ ချာခနဲ လှည့်ဝင်သွားတော့၏။ အမှန်တော့ ချူးလုစန်းသည် အဒေါ်ကြီးကူးမားနှင့် စကားပြောချင်သေး၏။

သို့သော် ဝမ်းဝမ်းက ဖယ်ရှားခိုင်းလိုက်သဖြင့် စိတ်ထဲ ကသိကအောက်ဖြစ်သွားလေသည်။

"သူ့ကို ဂရုစိုက်မနေပါနဲ့ အစ်ကိုရယ်၊ ကျွန်မတို့ ပြောစရာရှိတာ ပြောကြတာပေါ့၊ ဒါနဲ့ ပစ္စည်းတွေက ဘယ်လိုပျောက်သွားရတာလဲ၊ ကျွန်မတော့ အခုထိ နားမလည်သေးဘူး"

"ငါလည်း ဒီအတိုင်းပဲ"

"ရှင်"

"ငါလည်း အဲဒီပစ္စည်းတွေ ဘယ်ကိုရောက်သွားတယ်ဆိုတာ အခုထိ စဉ်းစားလို့ မရသေးဘူး"



ဝမ်းဝမ်း သက်ပြင်းချလိုက်သည်။

"ဟင် … အစ်ကိုက ပစ္စည်းကိုပို့တဲ့သူ၊ ဒါတောင် မသိဘူးဆိုတော့ ကျွန်မတို့ဆိုရင် ပြောဖွယ်ရာမရှိတော့ဘူးပေါ့"

ဝမ်းဝမ်း စိတ်ပျက်သွားဟန်ဖြင့် မျက်နှာညှိုးသွား၏။ ချူးလုစန်း ယဲ့ယဲ့ ပြုံးလိုက်သည်။

"ဒီလိုပါ၊ လွန်ခဲ့တဲ့ သုံးနှစ်တုန်းက ငါက အာမခံဌာနရဲ့ လှည်းယာဉ်တွေကို စောင့်ကြပ်ပြီး စီးကျူးနယ်မှာရှိတဲ့ အူကန်မြို့ကို ရောက်တော့ မိုးချုပ်နေပြီ၊ ဒါနဲ့ တည်းခိုခန်းတစ်ခုမှာ ဝင်တည်းတယ်"

"နောက်တော့ရော"

"နောက်တော့ ငါ အိပ်ရာက နိုးလာတယ်၊ အဲဒီအချိန်မှာ ငါဟာ ကျန်ဟူးမြို့မှာရှိတဲ့ အချုပ်ထောင်ထဲကိုရောက်နေတယ်"

"ဖြစ်မှဖြစ်ရလေ၊ အစ်ကို့အဖြစ်အပျက်တွေကတော့ မယုံကြည်နိုင်စရာလောက်ပါပဲလား"

"ဟုတ်တယ်၊ သူတို့က အဲဒီပစ္စည်းတွေကို ကိုယ်က အပိုင်ကြံလိုက်တယ်လို့ စွပ်စွဲတယ်လေ၊ ငါလည်း ဘယ်လိုမှ မငြင်းနိုင်ဘူးပေါ့"

"ဘာဖြစ်လို့ မငြင်းနိုင်တာလဲ၊ သူတို့က အထောက်အထား ပြနိုင်လို့လား"

"ဟုတ်တယ် … ငါ့ခရီးဆောင်အိတ်ထဲမှာ ငွေတုံးနှစ်တုံး

www.burmeseclassic.com

www.burmeseclassic.com



ရှာတွေ့သွားတယ်၊ အဲဒါ ငါ တာဝန်ယူပို့တဲ့ ပစ္စည်းတွေထဲက ငွေတုံးတွေ ဖြစ်နေတယ်လေ”

“ဒီအထောက်အထားလောက်နဲ့ ဘယ်လုံလောက်ပါ့မလဲ၊ တစ်ယောက်ယောက်က အစ်ကို့အိတ်ထဲ အဲဒီပစ္စည်းတွေ ထည့်ထားတာကော မဖြစ်နိုင်ဘူးလား”

“သူတို့မှာ အခြားအထောက်အထားတွေလည်းရှိတယ်”

“ဘာ အထောက်အထားလဲ”

“ယုန်ဖုန်းမြို့နဲ့ ကျန်ဟူးမြို့ကြားမှာ ငွေကို ရေလိုသုံးဖြုန်းတဲ့ လူတစ်ယောက် ပေါ်လာတယ်”

“ရှင်”

ဝမ်းဝမ်း အံ့သြသွားရသည်။ အတန်ကြာမှ ဝမ်းဝမ်းက ...

“အဲဒီလူက အစ်ကိုပဲလား”

“ငါမဟုတ်ပေမယ့် ငြင်းလို့မရဘူး”

“အစ်ကိုပါလို့ သက်သေအထောက်အထားကောရှိသလား”

“ငါ့ကို တပ်အပ်မြင်ပါတယ်ဆိုတဲ့ တရားလိုပြ သက်သေ တစ်ယောက်ပေါ်လာတယ်”

“ဒါဖြင့် ငွေကို ရေလိုဖြုန်းနေတဲ့လူက အစ်ကိုပဲ တကယ်ဖြစ်နေလို့လား”

ချူးလုစန်း ရယ်လိုက်သည်။



“ငါက ငတုံး အေတစ်ယောက်မှ မဟုတ်ဘဲ၊ ကိုယ်ဖြောင် ထားတဲ့ပစ္စည်းတွေကို လူတွေရှေ့မှာ ဖြောင်သုံးစွဲပါ့မလား”

“ကျွန်မက စကားအဖြစ် မေးကြည့်တာပါ၊ စိတ်မဆိုးပါနဲ့ အစ်ကိုရယ်၊ ဒီကိစ္စဟာ သွေးရိုးသားရိုးမဟုတ်မှန်း ကျွန်မ ရိပ်မိပါ တယ်၊ ဟော ... စားသောက်စရာတွေတောင် ယူလာပြီ၊ စားသောက် ရင်း အေးအေးဆေးဆေး ပြောကြတာပေါ့”

ကူးမားက အစားအသောက်များကို စားပွဲပေါ်သို့ ချပေး လိုက်သည်။ ထိုစဉ် ခြေသံသဲ့သဲ့ ကြားလိုက်ရသည်။ ခြေသံမှာ အထူး သတိထားပြီး သွားလာဟန် တူ၏။ ဝမ်းဝမ်းလည်း မျက်နှာတစ်ချက် ပျက်သွားသည်။

“ဘယ်သူပါလိမ့်၊ အပြင်ထွက်ကြည့်ရင် ကောင်းမယ်ထင် တယ်”

ဝမ်းဝမ်းက ပြောလိုက်သည်။

“ကောင်းတယ်”

ချူးလုစန်း သဘောတူစွာဖြင့် ခေါင်းညိတ်လိုက်လေသည်။ ခြေသံမှာ နောက်ဖေးဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။ သူတို့ သည် အိမ်ပတ်လည် အနှံ့အပြားရှာဖွေသော်လည်း မည်သည့် အရိပ် အယောင်မျှ မတွေ့ရပါချေ။

အိမ်ထဲသို့ပြန်ရောက်သောအခါ ကူးမားက အစား

www.burmeseclassic.com

www.burmeseclassic.com



အသောက်များ အဆင်သင့် ပြင်ဆင်ထားပြီးဖြစ်သည်။

အရက်များလည်း အဆင်သင့် ငှဲ့ထားလေသည်။ စာ
သောက်ပွဲ ပြင်ဆင်ပြီးနောက် ကုလားသည် အလိုက်တသိဖြင့် အခ
ထဲမှ ထွက်သွား၏။ ချူးလုစန်းနှင့်ဝမ်းဝမ်းတို့နှစ်ယောက် စားပွဲတွ
ဝင်ထိုင်လိုက်ကြသည်။

"ကဲ ညီမ ... ကျေးဇူးပြုပြီး ပန်းကန်ကြီးတစ်လုံး သွားယ
ပေးပါ"

ချူးလုစန်းက ဝမ်းဝမ်းအား ခိုင်းလိုက်သည်။ ဝမ်းဝမ်းက
ချူးလုစန်း၏ အပြုအမူကို နားမလည်သလို ကြည့်လိုက်သည်။

"ဘာလုပ်မလို့လဲ"

"အရက်ကို ပန်းကန်လုံးကြီးကြီးနဲ့ သောက်ရမှ အားရလို့ပါ

ဝမ်းဝမ်း သဘောပေါက်သွားပြီး ခေါင်းတစ်ချက် ညိတ်လိုက
သည်။ သို့ဖြင့် ဝမ်းဝမ်းသည် ပန်းကန်လုံးယူရန် မီးဖိုချောင်သို့ သွက်
လက်စွာ လှမ်းဝင်သွားသည်။ မကြာမီ သူမပြန်ရောက်လာသည်။

သူမ၏လက်ထဲတွင် ပန်းကန်လုံးတစ်လုံး ပါလာ၏။ ထို
အပြင် အရက်အပြည့်ထည့်ထားသော အိုးတစ်အိုးလည်း ပါလာ
သည်။

ဝမ်းဝမ်းသည် ချူးလုစန်း၏ရှေ့တွင် ချထားသောအရက်
ခွက်ကိုယူ၍ ပန်းကန်လုံးထဲသို့ ပြောင်းထည့်ပေးလိုက်၏။



ပြီးနောက် ဝမ်းဝမ်းသည် အိုးထဲမှအရက်များကို ပန်းကန်လုံးထဲသို့ ထပ်မံ၍ ဖြည့်ထည့်ပေးလိုက်တော့၏။ သူမသည် သူမ၏အရှေ့ရှိသောအရက်ခွက်ကို ကောက်ကိုင်ကာ မြှောက်ပြလိုက်၏။

"ကဲ ... အစ်ကို ကျန်းမာပျော်ရွှင်နိုင်ပါစေ"

သူမက ပြောပြောဆိုဆို အရက်ကို မော့ချလိုက်သည်။

✹

ချူးလုစန်းကလည်း လက်မနှေးပါ။ ပန်းကန်လုံးထဲမှ အရက်များကို တစ်ရှိုက်တည်း မော့ချလိုက်သည်။

ဝမ်းဝမ်းက သူမ၏ အရက်ခွက်ကို စားပွဲပေါ်သို့ ပြန်တင်ကာ နှစ်မြို့က်စွာ ပြုံးလိုက်သည်။ သူမ၏အပြုံးက ကောက်ကျစ်မှုသဘောကို ဆောင်နေ၏။

"လူတွေက ငွေကြောင့် သေတယ်၊ ငှက်တွေက အစြား ကြောင့် သေတယ်၊ ငှက်ကတော့ တိရစ္ဆာန်မို့ ထားပါတော့၊ ဒါပေမဲ့ ဦးနှောက်ရှိရဲ့နဲ့ ဦးနှောက်ကို အသုံးမချတတ်ဘဲ အန္တရာယ်ကို ဝင်တိုးတာတော့ မိုက်မဲတယ်လို့ ဆိုရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ချူးလုစန်း မဲ့ပြုံးပြုံးလိုက်၏။

"ဟုတ်တယ်၊ မင်းကတော့ ဘာဖြစ်လို့ ဒီလောက်တော
ငွေကို မက်ရတာလဲ၊ သိပ်လောဘကြီးတော့ မိုက်မဲရာ ကျတာပေ

ဝမ်းဝမ်း၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ရှင် ဘာပြောလိုက်တာလဲ"

ဝမ်းဝမ်းသည် ဆက်လက် ရန်တွေ့ရန် ဟန်ပြင်ပြီးမှ သူမ
ဗိုက်ကို လက်နှစ်ဖက်ဖြင့် နှိပ်ကာ အကြီးအကျယ် မျက်နှာပျက်သွ
တော့သည်။

"ရှင် ... ရှင် ... ဘယ်လိုလုပ်လိုက်တာလဲ"

ဝမ်းဝမ်းသည် တစ်စုံတစ်ရာသော ဝေဒနာကို ခံစားလိုက်
ပြီး အထစ်ထစ် အငေါ့ငေါ့ဖြင့် ပြန်မေးလိုက်သည်။

"ခင်ဗျား အဆိပ်ထည့်ထားတဲ့အရက်တွေ သောက်မိသွ
တာပါ"

"ဟင်"

သူမ၏မျက်လုံးများ ပြူးကျယ်သွား၏။

"ရှင် တော်တော် ရက်စက်ပါလား"

ချူးလုစန်းက ခြောက်ကပ်ကပ် ရယ်မောလိုက်၏။

"ဟား ဟား ဟား ... ရက်စက်တယ် ဟုတ်လား၊ ဘယ်
က ရက်စက်တာလဲ၊ ကဲ ငါမေးမယ်၊ ငါနဲ့ပညာသင်ဘက် ညီမလေ



ဘယ်ရောက်နေသလဲ၊ မင်း သူ့ကို ဘာလုပ်ထားသလဲ ပြော"

ချူးလုစန်း၏အသံသည် အေးစက်မာကျောနေ၏။ သိုင်းလောကသည် အလွန် အံ့သြဖွယ်ကောင်း၏။ ချူးလုစန်း ယခုတွေ့နေရသော မိန်းကလေးမှာ ဝမ်းဝမ်းအစစ် မဟုတ်ပေ။

ဝမ်းဝမ်းနှင့် ချွတ်စွပ်တူအောင် ရုပ်ဖျက်ထားသော မိန်းကလေးတစ်ဦး ဖြစ်နေပေသည်။ သူမသည် ချူးလုစန်းအား အရက်ထဲ အဆိပ်ခတ်ကာ အပိုင်ကြံခဲ့ခြင်း ဖြစ်၏။

သို့သော် သူမနောက်ဖေးဆောင်သို့ သွားစဉ် ချူးလု စန်းက အရက်ခွက်ကို တိတ်တဆိတ်လဲလှယ်ထားလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် သူမမှာ ကိုယ့်အတတ်နှင့် ကိုယ်စူးသွားခြင်း ဖြစ်တော့သည်။

✲

မည်သို့ဆိုစေ ...

သူမသည် မမျှော်လင့်ဘဲ ခံလိုက်ရသည့်အတွက် အထိတ်-
တလန့် ဖြစ်သွားသော်လည်း ကြောက်ရွံ့ခြင်း အလျဉ်းမရှိပေ။
သူမက ချူးလုစန်းမျက်နှာကို စူးစူးရဲရဲ ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ရှင်မဆိုးပါဘူး၊ ဒါပေမဲ့ ... ကျွန်မကို လျှော့တွက်ထားတာတော့ ရှင့်အမှားပဲ"

"ဟဲ ဟဲ ... ဒါကတော့ ကိုယ့်အဖြစ်နဲ့ကိုယ်ပဲ၊ ဘာမှ ပြောမနေနဲ့၊ ဟိုအဘွားကြီး မြန်မြန်ထွက်ခဲ့စမ်း၊ တစ်ခုခုကြံမယ်တော့ စိတ်မကူးနဲ့နော်၊ ခင်ဗျား တစ်ခုခု ကြံရင်တော့ မိန်းကလေး အရင်ဆုံး ဒုက္ခရောက်သွားမယ်၊ မယုံရင်စောင့်ကြည့်"

ချူးလုစန်းသည် နောက်ဖေးဘက်သို့ လှမ်းခြိမ်းခြောက်သတိပေးရင်း ဝမ်းဝမ်းအတု၏ အဓိကသွေးကြောတစ်ခုကို လျှင်မြန်စွာ ထိုးပိတ်လိုက်သည်။

အဘွားအို ကူးမားဟန်ဆောင်ထားသော အမျိုးသမီးသည် မည်သို့မျှမတတ်နိုင်ဘဲ အိမ်ရှေ့သို့ထွက်လာခဲ့ရ၏။

"ကဲ ဆိုစမ်း ... ခင်ဗျားတို့က ဘယ်သူတွေလဲ၊ မှန်မှန်ပြောနော်"

ချူးလုဆန်းက အလောတကြီး ဆီး၍ မေးမြန်းသည်။

"ကျွန်မတို့က ပါမွှားတွေပါ၊ ပြောလည်း ရှင်သိမှာ မဟုတ်ပါဘူး"

ဝမ်းဝမ်းအတုက ဝင်ရောက်အဖြေပေးသည်။ ချူးလုစန်းက ခေါင်းခါယမ်းလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်မေးတာကိုသာဖြေ၊ မင်းတို့မှာ နာမည်



မရှိဘူးလား"

ဝမ်းဝမ်းအတုက အနည်းငယ် စဉ်းစားဟန်ပြုပြီး ...

"ကျွန်မက ချင်းဝှာ ... သူကတော့ ကျွန်မရဲ့အစ်မချင်းစွမ်း"

"အင်း ... တော်တော်ရုပ်ဖျက်ကောင်းပါလား၊ ငါတောင် မျက်စိမှားတော့မလို့"

"ရှင် တော်ပါတယ်၊ ကျွန်မတို့ကို ဘယ်လိုရိပ်မိတယ်ဆိုတာ စဉ်းစားလို့ မရဘူး"

ချင်းဝှာမှာ အလိမ်ပေါ်သွားသောကြောင့် မချင့်မရဲ ဖြစ်ပြီး ပြန်မေးလိုက်၏။

"ဘာလို့ သိချင်တာလဲ၊ အပိုတွေ မေးမနေနဲ့"

ထိုစဉ် ချင်းစွမ်းက ...

"ကျွန်မညီမ အဆိပ်မိထားတယ်၊ ဖြေဆေးသောက်မှ ဖြစ်မယ်"

"ဟုတ်တယ်၊ ဒါပေမဲ့ ကျုပ် ဘာမှ မတတ်နိုင်ဘူး"

ချူးလုစန်းက အမှန်အတိုင်း ပြောလိုက်သည်။

"ရှင်မတတ်နိုင်မှန်း သိပါတယ်၊ ကျွန်မတို့မှာ ဖြေဆေး အသင့်ရှိတယ်"

ချင်းစွမ်းက ပြောလိုက်သည်။ ချူးလုစန်းက ခေါင်းခါယမ်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က သောက်ခွင့်မပေးနိုင်ဘူး၊ စိတ်မရှိပါနဲ့"

ချင်းစွမ်းမျက်နှာ ကွက်ခနဲ ပျက်သွားပြန်၏။

"ဒါက ဘာသဘောလဲရှင့်"

"ဘာသဘောလဲဆိုတော့ ရှင်းရှင်းလေးပဲ၊ ဝမ်းဝမ်းအစစ်ကို ခေါ်ပေးရင် ဖြေဆေးသောက်ခွင့်ပေးမယ်"

ချူးလုစန်းသည် အကျပ်ကိုင်လိုက်၏။

"ဘာလဲ. အကျပ်ကိုင်တဲ့ သဘောလား"

ချင်းစွမ်း၏မျက်နှာပေါ်တွင် ဒေါသများ လွှမ်းနေ၏။ သူမသည် ချက်ချင်းပင် အင်္ကျီအောက်မှဓားကို ဆွဲထုတ်လိုက်လေသည်။

"ကဲ ... ရှင်နဲ့ကျွန်မ အပြင်ထွက်ပြီး တိုက်ရအောင်"

ချင်းစွမ်းက စိန်ခေါ်လိုက်သည်။

ချူးလုစန်းက ဟန်ပါပါ ပြုံးလိုက်၏။

"ဘာလဲ ... ကျုပ်ကို အပြင်မှျားထုတ်မလို့လား၊ ဒီမှာ အံ့တို နေပြီ"

ချူးလုစန်းသည် ချင်းစွမ်း၏အကြံကို အတိအလင်း ဖွင့်ပြောလိုက်၏။ ချင်းစွမ်းမှာ ရွေးချယ်စရာနည်းလမ်း မရှိတော့ပြီ။

ထို့ကြောင့် သူမသည် တစ်စုံတစ်ရာ ပြန်မပြောတော့ဘဲ ချူးလုစန်းအား ဓားဖြင့် လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။

ဓားချက်က မြန်သည်၊ ပညာသားလည်း ပါသည်။ သူမ



သည် သုံးချက်ဆက်တိုက် လှမ်းခုတ်သော်လည်း ချူးလုစန်းအား လုံးဝမထိပါ။

ချင်းစွမ်းသည် ဒေါသကြီးသူဖြစ်သည်။ စိတ်လည်း မြန်၏။ သို့သော် အခြေအနေကို သုံးသပ်သည့်အခါတွင်လည်း မဆိုးလှပေ။ သူမသည် တစ်ဖက်လူကို မနိုင်မှန်း ချက်ချင်းသိလိုက်၏။

ထို့ကြောင့် ဓားကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။

"ကျွန်မ ရှင့်ကို မတိုက်နိုင်ပါဘူး၊ ရှင်ကြိုက်သလို လုပ်နိုင်တယ်"

"မင်းတို့ကိုလည်း ငါမသတ်သင့်ပါဘူး"

"ဒါဖြင့် ကျွန်မတို့ကို ခွင့်လွှတ်မယ်ပေါ့ ... ဟုတ်လား"

ချင်းစွမ်းသည် မယုံကြည်နိုင်ဟန်ဖြင့် အလျင်စလို မေးလိုက်သည်။ ချူးလုစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါပေမဲ့ ကျုပ်မေးတာကို မှန်မှန်ဖြေရမယ်"

"မေးပါ"

"ကျုပ်ဆရာ ဘာကြောင့် သေရတာလဲ"

ချူးလုစန်း၏အမေးကြောင့် ချင်းစွမ်းမှာ တွေ့ဆိုင်းဆိုင်း ဖြစ်သွားသည်။ အတန်ကြာမှ သူမက ...

"ကျွန်မ တစ်ဆင့်စကားကြားတာပါ၊ ဟုတ်မဟုတ်တော့ မပြောတတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကို ကျူပ် ဝေဖန်မယ် ... ပြောမှာသာပြော"

ချူးလှစန်းသည် ခပ်တင်းတင်း ခပ်ပြတ်ပြတ် ပြော၏။

"ရှင့်ဆရာမှာ ရောဂါအစ်ရှိတယ် မဟုတ်လား၊ ပစ္စည်းတွေ ဆုံးရှုံးသွားတော့ စိတ်ထိခိုက်ပြီး ရောဂါပြန်ထလို့ သေရတာလို့ ပြောကြတာပဲ"

"ဝမ်းဝမ်းနဲ့ ငှါညီနောင် နှစ်ယောက်ကော"

"ရှင့်ဆရာသေသွားတော့ သူတို့လည်း သူတို့လမ်း သူတို့ သွားကြမှာပေါ့"

ချူးလှစန်း၏မျက်နှာမှာ ကြောက်စရာကောင်းလောက်အောင် တင်းမာသွားတော့၏။

"ချင်းစွမ်း"

"ရှင်"

ချူးလှစန်းက ဝမ်းဝမ်းအတွအား မေးငေါ့ပြရင်း ...

"မင်းညီမ ကြာကြာခံမယ် မထင်ဘူး၊ အမှန်အတိုင်း ဖွင့်ပြောရင် ကောင်းမယ်"

"ကျွန်မ အမှန်အတိုင်း ပြောနေတာပါ"

ချူးလှစန်းက မယုံကြည်ဟန်ဖြင့် ခေါင်းခါယမ်းလိုက်သည်။

"ကိုယ့်လမ်းကိုယ်သွားတယ်ပဲ ထားဦး၊ ငှါဆီကို ထောင်ဝင်စာတော့ လာတွေ့မှာပဲ၊ အခုတော့ တစ်ယောက်မှ ပေါ်မလာဘူး၊



တစ်ခုခု ဖြစ်နေတယ်ဆိုတာ ဗေဒင်ဆရာ မေးစရာလိုသေးသလား၊ ငှါကိုလှိမ့်ဖို့တော့ မကြံနဲ့နော်"

"ကျွန်မ တကယ်မသိလို့ပါ"

ချင်းစွမ်း၏လေသံက ပျော့သွား၏။ ချူးလှစန်းက ချင်းစွမ်း၏ မျက်နှာကို အကဲခတ်ကြည့်နေသည်။

"ဘယ်သူက မင်းတို့ကို ခိုင်းတာလဲ"

"အဲဒါတော့ မပြောပါရစေနဲ့ရှင်"

"မင်းညီမရဲ့ အသက်က ငှါလက်ထဲမှာနော်"

ချူးလှစန်းက ခပ်တည်တည် ခြိမ်းခြောက်လိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်မပြောပြပါ့မယ်"

"အဲဒီလိုလုပ်ပါ၊ ကဲ ... ပြော"

"ဒီလိုပါ ... အင်း အား"

ချင်းစွမ်း ဘာမှ ပြောခွင့်မရလိုက်ပါ။ အဘယ်ကြောင့် ဆိုသော် သူမသည် ပြောရန်ဟန်ပြင်ပြီးမှ ရူးရူးဝါးဝါး တစ်ချက်အော်၍ ရှေ့သို့ ငိုက်စိုက်ကျသွားသောကြောင့်ပင်။ ချူးလှစန်းက ချင်းစွမ်းအား ဆွဲထူလိုက်သည်။

"ချင်းစွမ်း ... ချင်းစွမ်း"

ချင်းစွမ်း၏မျက်နှာသည် နာကျင်လွန်း၍ ရှုံ့မဲ့နေလေသည်။

"ကျွန်မ ကျွန်မ မနေရတော့ဘူး၊ အိတ်ထဲမှာ ဖြေ[illegible]ရှိ"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် စကားကို ဆုံးအောင်မပြောနိုင်တော့ပါ။ ရုတ်တရက် စက်ကျိုး၍ ငြိမ်သက်သွားတော့၏။

ချင်းစွမ်း၏ကျောပြင်တွင် အဆိပ်အပ်တစ်ချောင်း စိုက်ဝင်နေသည်။ ချူးလုစန်းမှာ တုံ့ဆိုင်းမနေတော့ဘဲ ချင်းစွမ်း၏အိတ်ထဲမှ အဆိပ်ဖြေဆေးပုလင်းကို နှိုက်ယူလိုက်သည်။

ပုလင်းမှာ နှစ်လုံးဖြစ်ပြီး တစ်လုံးမှာ အနီရောင်ဖြစ်ပြီး ကျန်တစ်လုံးမှာ အဖြူရောင်ဖြစ်ပေသည်။ ချူးလုစန်းသည် ချင်းစွမ်းအား ကြမ်းပြင်ပေါ်သို့ အသာအယာ ပြန်ချခဲ့ပြီး ချင်းဝှာထံသို့ ပြေးသွားသည်။

သို့သော် အချိန်ကနောက်ကျသွားခဲ့လေပြီ။ ချင်းဝှာသည် သေမင်းခေါ်ရာသို့ ကောက်ကောက်ပါအောင်လိုက်သွားပြီဖြစ်သည်။ ချူးလုစန်းသည် ချင်းစွမ်းအား အလစ်ဝင်ပစ်သွားသည့်သူအား တွေ့လိုတွေ့ငြား အပြင်သို့ ထွက်ကြည့်၏။

သို့သော် လူရိပ်လူခြည် လုံးဝမတွေ့ရမမြင်ရပါ။ နေရောကလည်း ခေါင်ပြီး ညည့်နက်ပိုင်းဖြစ်၍ ရန်သူကိုရှာဖွေရန်မှာ လွယ်ကူသည့်ကိစ္စ မဟုတ်ပေ။

ချူးလုစန်း၏ ဦးနှောက်ထဲတွင် နောက်ကျိသွားတော့သည်။ နောက်ဆုံးတွင် ချူးလုစန်းသည် စိတ်ပေါက်ပေါက်ဖြင့် ဟားတိုက်ရယ်မောလိုက်တော့သည်။



"ဟား ဟား ဟား"

ပျော်ရွှင်၍ ရယ်မောလိုက်ခြင်း မဟုတ်ပါ။

စိတ်ထဲတွင် တနင့်နင့် ခံစားနေရသည့် ဝေဒနာတစ်ရပ် ပျေါပါးသွားစေရန် ရယ်မောလိုက်ခြင်းပင် ဖြစ်သည်။

သူတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်မှု ့မှာ မယုံကြည်နိုင်လောက်အောင် ဆန်းကြယ်သည်နှင့်အမျှ ရင်နာဖွယ်လည်း ကောင်းလှပေသည်။

အဖြစ်အပျက်က မြန်ဆန်ပြီး ဆန်းကြယ်လွန်းသည့်အတွက် သူ့အဖြစ်ကို သူ ပြန်လည်မတွေးတတ်အောင် ဖြစ်နေသည်။

✹

လွန်ခဲ့သော သုံးနှစ်။ ထိုအချိန်က သူသည် အာမခံဌာနအတွက်ပစ္စည်းများကို စန်းတုံမြို့သို့ တာဝန်ယူသယ်ဆောင်သွားခဲ့သည်။

သို့သော် စီးကျန်ပြည်နယ် အူကျန်းမြို့ကလေးသို့ ရောက်သောအခါ အကုသိုလ်ဝင်ခဲ့လေသည်။ နယ်စားကြီးဖြစ်သူ၏ အထောက်အထား တောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အထောက်အထား မခိုင်လုံဟုဆိုကာ သူ့ကို ထောင်ထဲတွင်ဆက်မထားဘဲ ပြန်လွှတ်လိုက်၏။ ထိုအချိန်တွင် သူ၏ထောင်သက်မှာ သုံးနှစ်တင်းတင်း ပြည့်နေပြီ ဖြစ်၏။

ထောင်ထဲမှ လွတ်မြောက်လာသည်နှင့် မင်္ဂလာကန် တော်သို့ တန်းလာခဲ့သည်။ သူသည် ရှေးဦးစွာ ခရီးစရိတ်ရှာကြံနေ ရသဖြင့် အနည်းငယ် ကြန့်ကြာခဲ့ရသည်။

သို့သော် မင်္ဂလာကန်တော်သို့အရောက်တွင် ဟူပေမားသုံး ဖော်၏ရန်ရှာခြင်းကို ခံရသည်။ ထို့နောက် ဝမ်းဝမ်းအတုနှင့်တွေ့ပြီး အဆိပ်ခတ်ခြင်း ခံရပြန်သည်။

ဤတစ်ကြိမ်လည်း သူကံကောင်းသည်ဟု ဆိုရမည်။ ဝမ်း ဝမ်းအတုသည် သူ့အား အစ်ကိုဟုခေါ်လိုက်ခြင်းသည် သူ၏အသက် အန္တရာယ်ကို ကယ်လိုက်ခြင်းပင် ဖြစ်၏။

ဝမ်းဝမ်းအစစ်သည် သူနှင့် ပညာသင်ဘက်ဖြစ်သည့်အပြင် ငယ်ကျွမ်းဆွေလည်း ဖြစ်၏။ ဝမ်းဝမ်းက သူ့ကို အမြဲတမ်း 'ကိုကို'ဟု ခေါ်သလို သူကလည်း 'ညီမ' ဟုခေါ်ခဲ့သည်။

သုံးနှစ်အတွင်း ဝမ်းဝမ်းက အစ်ကိုဟု ပြောင်းလဲခေါ်လိုက် စဉ်ကတည်းက ချူးလုစန်း မသင်္ကာဖြစ်ခဲ့သည်။ ယင်းအခေါ်ကြောင့် သူသည် အကျဉ်းအကျပ်ထဲမှ ရုန်းထွက်နိုင်ခဲ့ခြင်း ဖြစ်၏။

တစ်ဖက်လူလည်း အထိနာသွားရသည်။ သူ့အတွက်



အောင်ပွဲကြီးကြီးကျယ်ကျယ် ခံလိုက်ရသည်ဟု မဆိုသာသော်လည်း ထောင်ကထွက်လာပြီးနောက် ကြီးမားသောအန္တရာယ်မှ လွတ် မြောက်ခဲ့ရသည်မှာ အမှန်ပင်ဖြစ်လေ၏။

ယခုဆိုလျှင် ဆရာသမားဖြစ်သူနှင့် ပညာသင်ဘက်တို့ကိုပါ ရှာမတွေ့တော့ပေ။ မိမိအဖို့လည်း အဖတ်မဆည်နိုင်အောင် နာမည် ပျက်နေရပြီ ဖြစ်သည်။

သူသည် ပူပူနွေးနွေး ထောင်ထွက်တစ်ယောက်။ ထို့ပြင် သူကျူးလွန်ခဲ့သည့်ပြစ်မှုကလည်း နုပျိုသေးသေးမဟုတ်။ ဌာနပိုင် ပစ္စည်းများကို အပိုင်ကြံစည်မှု။ ရှက်ဖွယ်လိလိပင် မဟုတ်ပါလား။

သူသည် ထိုပြစ်မှုကို အမှန်ပင် မကျူးလွန်ခဲ့ပေ။ သို့သော် အားလုံးက သူ့အား အခိုင်အမာ စွပ်စွဲနေကြ၏။

ငွေငါးသိန်း မောင်ပိုင်စီးသွားသည်ဟု ထင်နေကြသည်။ ခက်သည်က ရန်သူသည် ထိုမျှနှင့်မကျေနပ်နိုင်သေးဘဲ တွေ့ရာ သင်္ချိုင်း ဓားမဆိုင်း သုတ်သင်ရန် အရိပ်ပမာ နောက်မှ ထက်ကြပ် မကွာ လိုက်နေကြပေသည်။

ထို့ကြောင့် သူ၏လက်ရှိအခြေအနေမှာ ဘေးအန္တရာယ် ဝိုင်း ဝိုင်းလည်နေဆဲပင် ဖြစ်သည်။ အချိန်မရွေး၊ နေရာမရွေး အန္တရာယ် က ဆီးကြိုနေ၏။

အဘယ်ကြောင့် ယင်းသို့ဖြစ်ရသနည်း။ ချူးလုစန်းအဖြေ

www.burmeseclassic.com

www.burmeseclassic.com



ရှာသည်။ ရေရာတိကျသည့်အဖြေကား ထွက်မလာပေ။ မစဉ်းစာ
တတ်အောင်ပင် ဦးနှောက်ချာချာလည်နေရှာ၏။

သို့သော် ရန်သူက သူ့အား အပြတ်ရှင်းချင်နေသည်မှာ
အမှန်။ ယင်းအချက်ကို စောစောကဖြစ်ရပ်များက သက်သေခံေ
သည် မဟုတ်ပါလား။

မည်သို့ဆိုစေ ဖြစ်လာမည့်ဘေးကို ပြေးတွေ့ရန်မှတစ်ပါ
သူ့အဖို့ အခြားနည်းလမ်း မရှိတော့ပြီ။ သို့ဖြင့် ချင်းမှာနှင့်ချင်းစွမ်
တို့အား မြေမြှုပ်ပြီးနောက် စုကြူးမြို့သို့ ဦးတည်ထွက်ခွာသွာ
တော့သည်။

✲ ✲ ✲



## သူသေကိုယ်သေ

စုကြူးမြို့ ...

စုကြူးမြို့၏ အရှေ့တောင်ပိုင်းတွင် ကြီးမားခံ့ထည်သော
အဆောက်အအုံတစ်ခုရှိသည်။ အချိန်က နံနက် ခုနစ်နာရီပင် မထိုး
သေးသော်လည်း ယင်းအဆောက်အအုံရှေ့တွင် လှည်းယာဉ်နှင့်
လူသူများ စည်ကားနေပေသည်။

သို့သော် ပွဲလမ်းသဘင်ရှိ၍ စည်ကားနေခြင်းမျိုး မဟုတ်
ပါ။ ထိုအဆောက်အအုံကြီးမှာ အာမခံဌာနတစ်ခုဖြစ်သည်။ လှည်း
ယာဉ်များမှာ ပစ္စည်းများ သယ်ဆောင်နေခြင်း ဖြစ်သည်။

ကိုယ်ကျပ်ဝတ်စုံ ဝတ်ဆင်ထားသော လူတစ်ယောက်က
ပစ္စည်းများကို လှည်းယာဉ်ပေါ်သို့တင်ရန် လူတစ်စုနှင့် အလုပ်ရှုပ်
နေချိန် ဖြစ်သည်။

ကိုယ်ကျပ်ဝတ်စုံနှင့်လူသည် အပြာရောင်ဝတ်ဆင်ထား
သောလူငယ်ကို မယုံသင်္ကာမျက်လုံးဖြင့် လှမ်းကြည့်လိုက်လေသည်။

"မိတ်ဆွေက ဘယ်သူ့ကို တွေ့ချင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ရဲ့ ဌာနမှူးနဲ့ တွေ့ချင်လို့ပါ"

"ပစ္စည်းအပ်မလို့လား"

ဝတ်စုံပြာနှင့်လူငယ်က ခေါင်းခါယမ်းလိုက်၏။

"ခင်ဗျားက ဌာနမှူးကြီးလား"

"မဟုတ်ဘူး ... ကျုပ်နာမည် ကျိုအန်း၊ ဒီဌာနက အလုပ်သမားတစ်ယောက်ပဲ"

"ဒါဖြင့် ကျွန်တော်တွေ့ချင်တဲ့အကြောင်း ဌာနမှူးကြီးဆီ တစ်ဆိတ်လောက် ပြောပေးပါလား"

ကျိုအန်းဆိုသူက လူငယ်ကို ခြုံ၍အကဲခတ်ကြည့်လိုက်သည်။

"မိတ်ဆွေရဲ့နာမည်" ... "ချူးလုစန်း"

ကျိုအန်း မျက်ခုံးအစုံ မြင့်တက်သွားတော့သည်။

ကျိုအန်းက ...

"စိန်ရွှေအာမခံဌာနမှူးကြီးရဲ့ တတိယတပည့် မဟုတ်လား"

"ဟုတ်ပါတယ်"

ကျိုအန်း မဲ့ပြုံးပြုံးလိုက်သည်။

"ဝမ်းနည်းပါတယ်၊ ဌာနမှူးကြီးက ဒီနေ့ ဧည့်သည်နဲ့မတွေ့ဘူးလို့ ကြိုပြောထားပါတယ်၊ စိတ်မရှိပါနဲ့"



ချူးလုစန်း မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ဒီစကားက ခင်ဗျားပြောတာနော်"

"ဟုတ်တယ် ... ဘယ်သူပဲမေးမေး ဒီအတိုင်းပြောကြမှာပဲ"

"ဒီမှာ ကျိုအန်း ... ကျုပ်က ယဉ်ယဉ်ကျေးကျေးနဲ့ တွေ့ခွင့်တောင်းနေတာနော်"

ချူးလုစန်းလေသံက သတိပေးသကဲ့သို့ တင်းမာသွား၏။ ကျိုအန်း မခိုးမခန့် ရယ်လိုက်သည်။

"ဘယ်လိုပြောလိုက်တာလဲ ကိုယ့်လူ၊ မင်းက ငါ့ကိုလာပြီး ခြိမ်းခြောက်တာပေါ့ ဟုတ်လား၊ ရှင်းရှင်းပြောမယ် ကျုပ်တို့ သံမဏိအာမခံဌာနက သူတောင်းစားကို စွန့်ကြဲချင် စွန့်ကြဲမယ် ခင်ဗျားကိုတော့ တစ်ပြားမှ မပေးနိုင်ဘူး၊ ကျုပ် ဒေါသမထွက်ခင် အေးအေးဆေးဆေး ထွက်သွားရင် ကောင်းမယ်"

ကျိုအန်းက ချူးလုစန်းအပေါ် တောင်းနိုးနိုး ခိုးနိုးနိုး သဘောဖြင့် ခပ်ရိုင်းရိုင်းပြောဆိုလိုက်ခြင်း ဖြစ်သည်။ အထင်သေးမည်ဆိုလျှင်လည်း သေးစရာပင်။

ချူးလုစန်း၏အဝတ်အစားကလည်း သူတောင်းစားတစ်ယောက်နှင့် အမှန်ပင် တူနေသည်မဟုတ်ပါလား။ သို့သော် ချူးလုစန်းက စိတ်မဆိုးပါ။ လေသံအေးအေးမှန်မှန်ဖြင့် ပြန်လည် ရှင်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားမှားနေပြီ ကိုအန်း၊ ကျုပ်က တောင်းရမ်းဖို့လာတာ မဟုတ်ဘူး၊ ခင်ဗျားတို့ရဲ့ ဌာနမှူးကြီးနဲ့ စကားပြောချင်လို့ပါ"

"ဘာပြောတယ်၊ ဌာနမှူးကြီးနဲ့ စကားပြောချင်လို့ ဟုတ်လား၊ မင်းကိုယ်မင်းလည်း နည်းနည်းပါးပါးပြန်ကြည့်ပါဦး၊ ဒီလောက်စုတ်ချာနေတဲ့ လူတစ်ယောက်က ကျုပ်တို့ရဲ့ဌာနမှူးကြီးနဲ့ တွေ့ဆုံစကားပြောခွင့်တောင်းတာ လွန်လွန်းနေပြီ"

"ကျုပ်က ယဉ်ယဉ်ကျေးကျေးနဲ့ ပြောနေတာနော်၊ နောက်တော့မှ အဆိုးမဆိုနဲ့"

"ကောင်းပါပြီဗျာ၊ ကဲကွာ"

ကိုအန်းသည် ပြောပြောဆိုဆို လက်ဝါးပြင်းပြင်းဖြင့် ချူးလုစန်းကို ရုတ်တရက် လှမ်းရိုက်ချလိုက်သည်။ ရိုက်ချက်က ပြင်းသည်၊ မြန်သည်၊ အားမာန်ပြည့်သည်။

ချူးလုစန်းကို ရုတ်တရက် လှမ်းရိုက်ချသည်။ ချူးလုစန်းမှာ ယခုကဲ့သို့ ချက်ချင်းရန်မူလာမည်ကို မမျှော်လင့်ထားသဖြင့် ကိုအန်း၏ရိုက်ချက်ကို လွတ်ရုံကလေးသာ တိမ်းရှောင်လိုက်နိုင်၏။

ကိုအန်းသည် သံမဏိအာမခံဌာနမှူးကြီး၏လူယုံတော်တပည့်ကြီးတစ်ဦးဖြစ်သည်။ သူသည် 'လက်ဝါး' သိုင်းပညာဖြင့် နာမည်ရလာသူဖြစ်၏။ ယခုမူ သူ၏ပထမဆုံးတိုက်ကွက်က အချည်းနှီးဖြစ်သွားခဲ့ရ၏။



ယင်းသို့ဖြစ်ရခြင်းကြောင့် ကိုအန်း ပို၍ဒေါသထွက်သွား၏။ လက်ဝါးသိုင်းကွက်သည် ချူးလုစန်းအပေါ် အရာမရောက်သဖြင့် အံတစ်ချက် ကြိတ်လိုက်သည်။

ယင်းအချိန်မှာပင် ချူးလုစန်းက လျှပ်တစ်ပြက် လှုပ်ရှားလိုက်၏။ ချူးလုစန်း၏ လှုပ်ရှားမှုကလည်း မြန်၏။

သူ၏လက်ကို ဆတ်ခနဲ ဖမ်းကိုင်လိုက်၏။ တစ်ဆက်တည်းမှာပင် ခပ်လှမ်းလှမ်းကို ပစ်ပေါက်လိုက်၏။

'ဝုန်း'

ကိုအန်း၏ခန္ဓာကိုယ်သည် မြေကြီးပေါ်သို့ ပုံပျက်ပန်းပျက် ကျရောက်သွား၏။ ကိုအန်းမှာ အထိနာသွားသော်လည်း သတိလက်လွှတ်မသွားပေ။

"ဌာနပိုင်ပစ္စည်းကို အပိုင်ကြံတဲ့ ချူးလုစန်းဆိုတာ ဒီလူပဲ မလွှတ်စေနဲ့"

ကိုအန်းက လှမ်းအော်လိုက်ရာ အာမခံဌာန၏ ပစ္စည်းထိန်းသုံးယောက်နှင့် ရိုးရိုးအဖွဲ့ဝင်ငါးယောက်တို့က အပြေးအလွှား ရောက်လာပြီး ချက်ချင်းလိုပင် ချူးလုစန်းအား ဝိုင်းရံထားလိုက်သည်။

၎င်းတို့အားလုံးသည် အဆင့်မြင့်သိုင်းသမားများ ဖြစ်ကြ၏။ သို့သော် ... ကိုအန်း၏အဖြစ်ကို မြင်တွေ့ခဲ့ပြီးဖြစ်၍ လက်ချည်းသက်သက်ဖြင့် ချူးလုစန်းအား ရင်မဆိုင်ဝံ့သဖြင့် လက်နက်ကိုယ်စီ

www.burmeseclassic.com

www.burmeseclassic.com



ခွဲထုတ်လိုက်၏။ တစ်ယောက်ချင်းဆိုလျှင် ချူးလုစန်းက လုံးဝမမှု ဂရုမစိုက်ပေ။

သို့သော် ရှစ်ယောက်နှင့် တစ်ပြိုင်တည်း ရင်ဆိုင်ရမည်ဆိုသောအခါ အခက်အခဲတွေ့နိုင်ပေသည်။ အဓိကအားဖြင့် မဆိုင်သူတွေ ထိခိုက်နစ်နာသွားမှာစိုး၏။

သူသည် ရန်သူ့သတင်း စုံစမ်းလို၍ ဤဌာနသို့ ရောက်ရှိလာခြင်းဖြစ်သည်။ သို့သော် သူ့ကို လူတကာက ငွေငါးသိန်းကို အပိုင်ကြံခဲ့သူအဖြစ်သာ မြင်နေကြသည်။

ထို့ကြောင့် မည်သူကမျှ သူ့ကို စကားပြောခွင့်မပေးဘဲ ရှောင်ရှားလိုကြသည်။ ဝေစုလိုချင်သူများက အန္တရာယ်ပြုကြသည်။ အနှောင့်အယှက်ပေးကြသည်။

ယခုလည်း ချက်ချင်းဆိုသလိုပင် သူ့အား လက်နက်ကိုယ်စီဖြင့် ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ မတတ်သာတော့ပြီ။ ချူးလုစန်းသည် ဝိုင်းတိုက်သူတစ်စုကို တုံ့ပြန်တိုက်ခိုက်ရတော့သည်။

ထိုစဉ်မှာပင် ဩဇာအာဏာနှင့်ပြည့်စုံသော အမိန့်သံတစ်ခုက ရုတ်တရက် ထွက်လာ၏။

"ရပ်လိုက်စမ်း"

ထိုအသံကြောင့် အာမခံဌာနမှ အဖွဲ့ဝင်ရှစ်ယောက်တို့က တိုက်ခိုက်ခြင်းကို ချက်ချင်းရပ်လိုက်ကြသည်။



သို့သော် သူတို့သည် ချူးလုစန်းအား ဝန်းရံထားလျက်ပင်ရှိသည်။ ဟန့်တားသံနှင့်အတူ အစိမ်းရောင်အင်္ကျီရှည်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်က ဟန်အပြည့်ဖြင့် တစ်လှမ်းချင်း လှမ်းလာသည်။

ထိုအဘိုးအို၏လက်ထဲတွင် ဆေးတံရှည်တစ်ချောင်းကို ကိုင်ထားသည်။ ဆေးတံနှင့်အဘိုးအိုက ချူးလုစန်းအား အထင်သေးစွာဖြင့် စူးစိုက်ကြည့်လိုက်သည်။

"မိတ်ဆွေက ပြဿနာရှာဖို့သက်သက် ရောက်လာတာလား"

"မဟုတ်ပါဘူး။ ကျွန်တော်က ဒီဌာနရဲ့ ဌာနမှူးကြီးနဲ့ တွေ့ဖို့ လာခဲ့တာပါ"

ချူးလုစန်းက ယဉ်ကျေးသိမ်မွေ့စွာ ဖြေလိုက်သည်။ အဘိုးအိုက ဆတ်ခနဲ ခေါင်းညိတ်လိုက်၏။

"ဌာနမှူးကြီး ချန်စန်းဆိုတာ ငါပဲ၊ ဘာကိစ္စရှိလို့လဲ"

ချန်းစန်း၏စကားသံက ဝင့်ထည်စွာ ထွက်ပေါ်လာ၏။ ချူးလုစန်းက ဦးညွှတ်၍ အရိုအသေပြုလိုက်သည်။

"နည်းနည်း မေးစရာရှိလို့ပါ" ... "ဘာမေးမလို့လဲ"

"ဒီဌာနက စိန်ရွှေအာမခံဌာနပိုင်တာပဲ၊ ဘယ်လိုကြောင့် အမည်ပြောင်းလိုက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ချစ်စန်းသည် ချူးလုစန်း၏အမေးကို မဖြေဘဲ တုံ့ပြ
မေးခွန်းပြုလိုက်သည်။

"မင်း ဘယ်သူလဲ"

"ကျွန်တော် နာမည် ချူးလုစန်းပါ"

ချစ်စန်းက ချူးလုစန်းအား အတန်ကြာ အကဲခတ်ပြီး
ဟားတိုက်ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား"

ချူးလုစန်း မျက်နှာပျက်သွားသည်။

"ဘယ်လိုလဲ၊ ခင်ဗျားက မယုံလို့လား"

ချူးလုစန်းက ခပ်ဆတ်ဆတ်မေးလိုက်ရာ ချစ်စန်းက ခေါင်
ကို သွက်သွက်ခါယမ်းလိုက်၏။

"ဟုတ်တယ်၊ သိန်းချီပွသွားတဲ့ လူတစ်ယောက်က ဒီလိုပုံ
မျိုး စုတ်ပြတ်နေတယ်ဆိုတာတော့ မယုံနိုင်စရာပဲ"

ချူးလုစန်း၏မျက်နှာပေါ်တွင် ဒေါသရိပ်များ လွှမ်းမိုးသွာ
တော့သည်။

"ဒီကိစ္စ ခင်ဗျားနဲ့မဆိုင်ပါဘူး၊ ကျွန်တော်မေးတာကိုသာ
ဖြေပါ"

ချူးလုစန်း၏လေသံက တင်းမာသွား၏။ ချစ်စန်းက အေး
စက်စက် ရယ်မောလိုက်သည်။



"အေး ... ဒီကိစ္စ မင်းကိုယ်မင်း ပြန်မေးဖို့ကောင်းတယ်၊
မင်းက လူတကာထက် ပိုသိမှာပေါ့"

"ကျွန်တော်က ထောင်သုံးနှစ်ကျခဲ့ပြီးမှ ပြန်ထွက်ခဲ့သူမို့
အပြင်လောကမှာ ဘယ်လိုတွေ ဖြစ်နေတယ်ဆိုတာ ဘယ်သိပါ့မလဲ၊
အဲဒါကြောင့် တကူးတက လာမေးတာကို ကျေးဇူးပြုပြီး ဖြေပါ"

ချစ်စန်း စိတ်ဆိုးမာန်ဆိုးဖြင့် ခေါင်းတစ်ချက် ညိတ်လိုက်
သည်။

"တို့က အဲဒီ အာမစ်ဌာနကို ငွေပေးဝယ်လိုက်တာ ရှင်းပြီ
လား၊ တခြား ဘာမေးစရာရှိသေးလဲ"

"ခင်ဗျားက ကျွန်တော့်ဆရာနဲ့ တွေ့ခဲ့လို့လား"

"မတွေ့ခဲ့ပါဘူး၊ ငါက စိန်ရွှေအာမစ်ဌာနရဲ့ ငွေကိုင်ယန်စင်း
ဆီက ဝယ်လိုက်တာ"

"ဒါနဲ့ ကျွန်တော့်ဆရာ ဘယ်ရောက်နေတယ်ဆိုတာကော
ခင်ဗျား မကြားမိဘူးလား"

"ငါက မင်းဆရာနဲ့မှ အဆက်အသွယ်မရှိဘဲ သူ ဘယ်
ရောက်နေမှန်း ဘယ်လိုလုပ်သိပါမလဲ"

"ဒါဆိုလည်း ကျွန်တော့်ကို သွားခွင့်ပြုပါ"

ချူးလုစန်းသည် ပြောပြောဆိုဆို လှည့်ထွက်ရန်ဟန်ပြင်
လိုက်သည်။ သို့သော် ချစ်စန်းက အလွယ်တကူ ခွင့်မပြုပေ။

www.burmeseclassic.com

www.burmeseclassic.com



"ခဏနေပါဦး ကိုယ့်လူ ... မင်း ဒီအတိုင်းသွားရင် သမဏီ အာမခံပို့ဆောင်ရေးဌာန သိက္ခာအကြီးအကျယ် ကျသွားမှာပေါ့"

"ဗျာ ... ခင်ဗျားက ကျွန်တော့်ကို ဖမ်းထားဦးမလို့လား"

"မင်းက ငါ့လက်ထောက်ကို ကိုယ်ထိလက်ရောက် စော်ကားခဲ့တယ်၊ အဲဒီအတွက် ထိုက်တန်တဲ့ လျော်ကြေးပေးရမှာပေါ့"

"ကောင်းပြီ ... ခင်ဗျားတို့ ကြိုက်သလိုသာလုပ်ပါ"

ချူးလုစန်းသည် ချန်စန်း၏စိန်ခေါ်မှုကို ချက်ချင်းပင် တုံ့ပြန်လိုက်သည်။ ချန်စန်း လက်ပြလိုက်သည်နှင့် အနီးရှိ ယယ်သားများ နောက်ဆုတ်သွားကြသည်။ ထို့နောက် ဆေးတံကို ခါးကြားသို့ ထိုးလိုက်၏။

"ကဲ ... မင်း အရင်စတိုက်"

ချန်စန်းသည် အချိန်ဖြုန်းမနေတော့ဘဲ ချူးလုစန်းအား လက်ယပ်ခေါ်ရင်း စိုင်းလိုက်သည်။ ချန်စန်းအနေဖြင့် စတင်တိုက် ခိုက်ခြင်း ပြုမည်မဟုတ်။

သို့သော် မိမိက စတိုက်လိုက်ပါက ချန်စန်းက ရေကုန်ရေ ခန်း တုံ့ပြန်လာမည်။ ထို့ကြောင့် ဗျူဟာဦးတိုက်ကွက်ဖြင့် အနိုင် ယူရန်မှာ အင်မတန်မှအရေးကြီးသည်။

ချူးလုစန်းက ဤသို့ဆင်ခြင်မိသည်။ ယင်းကြောင့် ချူး လုစန်းက ချန်စန်းကို အလျှင်စလို ဝင်ရောက်တိုက်ခိုက်ခြင်းမပြုဘဲ



ချန်စန်း၏အနီးတွင်သာ ဟိုသည်ရွေ့လျားနေ၏။

ယင်းသို့ရွေ့လျားရင်း အခွင့်ကောင်းကို ချောင်းနေ၏။ သမဏီအာမခံအဖွဲ့တွင် ဦးစီးသူတစ်ယောက် ရှိသေးသည်။ ထိုသူမှာ ထင်းကျောင်းဖြစ်၏။

ချန်စန်းက ထင်းကျောင်း၏ လက်ထောက်သာ ဖြစ်၏။ ထင်းကျောင်းမှလွဲလျှင် ချန်စန်းက သိုင်းပညာအတော်ဆုံးဖြစ်၏။

သိုင်းလောကတွင်လည်း ချန်စန်းက နာမည်ရထားလေ၏။ သူ့ကို ယှဉ်ပြိုင်အံတုနိုင်သူ များများစားစား မရှိပေ။ ချန်စန်း၏ တစ်ခုတည်းသော အားနည်းချက်မှာ စိတ်တိုခြင်းပင် ဖြစ်သည်။

ထို့ကြောင့် အချိန်ဆွဲနေသော ချူးလုစန်း၏အပြုအမူကို ချန်စန်း သည်းမခံနိုင်ဘဲ စိတ်တိုလာ၏။

"ဟေ့ကောင် ... မင်းအချိန်ဆွဲတိုင်း ငါက စောင့်နေရမှာ လား ... ကဲကွာ"

ချန်စန်းသည် အော်ငေါက်ရင်း ချူးလုစန်းအား လက်ဝါးသုံး ချက် ဆင့်၍ရိုက်ချလိုက်လေသည်။ ချန်စန်း၏ရိုက်ချက်မှာ လူတစ် ယောက်ကို ပွဲချင်းပြီးသေစေနိုင်လောက်သည်။

သို့သော် သူ့လက်ဝါးသည် ပစ်မှတ်ကိုထိမှန်ခြင်း မရှိပေ။ သုံးချက်ဆင့်၍ ရိုက်ပြီးသောအခါ ချန်စန်း၏မျက်နှာ အကြီးအကျယ် ပျက်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ ယင်းအချိန်မှာပင် သူ၏ညာဘက်လက်
ကောက်ဝတ်ကို မိမိရရ ဆုပ်ထားခြင်းခံရသောကြောင့် ဖြစ်သည်။
ချန်စန်းက အတင်းရုန်း၏။

သို့သော် ချူးလုစန်း၏ လက်ငါးချောင်းတို့က သံမဏိကွဲသို့
မာကျောနေ၏။ မည်သို့မျှ ရုန်း၍မရပါ။ ချန်စန်းသည် သံမဏိအာမခံ
အဖွဲ့၏ဒုတိယအကြီးအကဲ ဖြစ်၏။

ယခုလိုအခြေအနေမျိုးတွင် သူ့အနေဖြင့် အရှုံးပေးခြင်းမှ
တစ်ပါး အခြားရွေးစရာလမ်း မရှိပေ။

သို့သော် ယင်းသို့ အရှုံးပေးလိုက်ပါက ရထားသောနာမည်
တစ်လုံး ရေစုန်မျှောရပေတော့မည်။ ချန်စန်းက နာမည်ကို အသက်
ထက်ပင် တန်ဖိုးထားသူဖြစ်၍ မည်သည့်နည်းနှင့်မျှ အညံ့မခံနိုင်ပေ

သူသည် ရှိသမျှအတွင်းအားကို ဘယ်ဘက်လက်တွင်
စည်းလိုက်ပြီး ချူးလုစန်းအား ဘယ်ဘက်လက်သီးတစ်လုံး ပစ်သွင်း
လိုက်၏။

"အား"

စူးဝါးသော အော်သံတစ်ချက်နှင့်အတူ ချူးလုစန်း ကိုယ်
ခန္ဓာသည် လေထဲသို့ မြောက်တက်လွင့်စဉ်သွား၏။ ထို့နောက် မြေ
ပေါ်သို့ ဘိုင်းခနဲ ပစ်ကျလာ၏။

ချူးလုစန်းသည် ချန်စန်း၏လက်ဖျံရိုးကို ချိုးပစ်နိုင်ခဲ့သည်



သို့သော် သူကိုယ်တိုင်လည်း မချိမဆံ့ ခံလိုက်ရ၏။ အမှန်
ဆိုလျှင် တစ်ဖက်နှင့်တစ်ဖက် ကြီးကျယ်သော ရန်ငြိုးရန်စ မရှိပါက
ယခုကဲ့သို့ နှစ်ဦးနှစ်ဖက် အနာခံရသောအဖြစ်မျိုးကို အဖြစ်
ခံနိုင်ကြမည် မဟုတ်ပေ။

ဤအဖြစ်အပျက်ကိုမြင်လျှင် သံမဏိအာမခံအဖွဲ့ဝင်
အားလုံးပင် မျက်လုံးပြူးကုန်ကြ၏။

ကျိအန်း၏မျက်နှာသည် ဒေါသကြောင့် ညိုပုပ်နေလေ၏။
သို့သော် ချန်စန်း၏ဒဏ်ရာ ဒဏ်ချက်ကို သတိတရရှိနေ၏။

"ဆရာ ဆရာ့လက်"

"ငါ့ကို ဂရုမစိုက်နဲ့ ချူးလုစန်းဆိုတဲ့ကောင်ရဲ့ ခေါင်းကို ဖြတ်
လိုက်ကြစမ်း"

ချန်စန်းက ဒေါသတကြီးဖြင့် ကျိအန်းအား အော်ငေါက်
လိုက်၏။

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ကျိအန်းသည် ချက်ချင်းပင်အမိန့်နာခံပြီး ချူးလုစန်း ပြစ်ကျ
သွားရာဆီသို့ လှည့်ထွက်သွားသည်။ ချူးလုစန်းမှာ မြက်ရိုင်းများ
ပေါက်နေသည့်နေရာသို့ ကျသွားခြင်း ဖြစ်သည်။

ထိုနေရာသည် အခင်းဖြစ်ပွားရာနေရာနှင့် ဆယ်ပေမျှသာ
ကွာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျိုအန်းသည် ခြေလှမ်းအနည်းငယ်လှမ်းရုံဖြင့် ချူးလုစန်း အနီးသို့ ရောက်သွားသည်။

သို့သော် ချူးလုစန်း၏အရိပ်အယောင်ကို မတွေ့ရတော့ပေ။ ချူးလုစန်း မည်သို့လွတ်မြောက်သွားသနည်း။ ကျိုအန်း ထိတ်လန့်သွားမိသည်။

"ဆရာ ... ချူးလုစန်းကို မတွေ့တော့ဘူး"

"ပေါက်ကရတွေ လာမပြောနဲ့"

ချန်စန်းသည် အမှန်အတိုင်းပြောနေသော ကျိုအန်းအား အော်ငေါက်လိုက်၏။

"ကျွန်တော် အမှန်အတိုင်း ပြောနေတာပါ ဆရာ၊ ဒီနေရာမှာ သွေးကွက်တွေတော့ ကျန်ခဲ့တယ်၊ လူကိုတော့ မတွေ့တော့ဘူး"

ကျိုအန်း အံ့သြစွာဖြင့် အစီရင်ခံလိုက်သည်။ မိမိ၏လက်သီးချက်ကို ခံလိုက်ရသော ချူးလုစန်းသည် မုချသေလိမ့်မည်ဟု ချန်စန်းက အပိုင်တွက်ထားဟန် တူသည်။

လက်တွေ့မှာမူ သွေးကွက်များသာ ကျန်ရစ်ခဲ့ပြီး လူမှာ ပျောက်ခြင်းမလှ ပျောက်သွားခဲ့၏။ အံ့သြစရာလည်း ကောင်း၏။

မစဉ်းစားတတ်အောင် ဖြစ်ရသည်။ ချန်စန်းသည် အတန်ကြာအောင် တွေဝေနေ၏။ ပြီးမှ အေးစက်မာကျောသော လေသံဖြင့် ...



"ချူးလုစန်းဆိုတဲ့ကောင်ကို တွေ့အောင်ရှာ၊ တွေ့တဲ့နေရာမှာ အပြတ်သုတ်သင်ပစ်လိုက်ကြ"

ချူးလုစန်းက သူ၏လက်တစ်ဖက်ကို ဖျက်ဆီးသွားခဲ့သဖြင့် အဘယ်သို့လျှင် အစဲကျေနိုင်ပါအံ့နည်း။

✸ ✸ ✸

www.burmeseclassic.com

www.burmeseclassic.com



## သက်စောင့်ဆေး

လရောင်ဖြာသော ညတစ်ည ...

ငွေကြယ်ပွင့်ကလေးများ တဖျပ်ဖျပ် လင်းလက်နေလေသည်။ စုကြူးမြို့၏မြောက်ဘက် ... စုကြူးမြို့နှင့် ဆယ်မိုင်ကွာတွင် အိုမင်းဟောင်းနွမ်းသောအိမ်ကြီးတစ်ဆောင်ရှိသည်။

စုကြူးမြစ်သည် ထိန်ထိန်သာသာ လရောင်အောက်တွင် တသွင်သွင် စီးဆင်းလျက်ရှိနေပေသည်။ အိမ်အိုကြီး၏ပတ်ဝန်းကျင်တစ်ခုလုံးတွင် မြစ်ရေစီးဆင်းသံမှလွဲ၍ ပကတိတိတ်ဆိတ်ငြိမ်သက်ခြင်းက လွှမ်းခြုံရစ်သိုင်းထားသည်။

အိမ်ကြီး၏အရှေ့ဘက်ခန်းဆောင်တွင် မီးရောင်က လင်းလက်နေ၏။ မီးညွန့်သည် လေအတိုက်တွင် ဘယ်ညာယိမ်းနွဲ့နေ၏။

ထိုအခန်းထဲတွင် စားပွဲတစ်လုံး၊ ခွေးခြေနှစ်လုံးနှင့် ခုတင်တစ်လုံးသာ ခင်းကျင်းထားသည်။ ထူးခြားချက်တစ်ခုမှာ အခန်းထဲရှိခုတင်ပေါ်တွင် အပြာရောင်ဝတ်ဆင်ထားသော လူငယ်တစ်ယောက် ဆန့်ဆန့်ကြီး လဲလျောင်းနေသည့်အချက်ပင် ဖြစ်လေသည်။



လူငယ်၏ဆံပင်များက ရှုပ်ပွနေသည်။ မုတ်ဆိတ်မွေးကလည်း ထိုးထိုးထောင်ထောင်နှင့် အကြည့်ရ ဆိုးလှ၏။

အင်္ကျီရင်ဘတ်တွင် သွေးကွက်များ ပြည့်နှက်နေသည်။ သူ၏ရုပ်သွင်မှာ မြင်ရသူအဖို့ စိတ်မချမ်းမြေ့ဖွယ်ရာပင် ဖြစ်သည်။

သို့သော် ထိုလူငယ်သည် အသက်ရှင်လျက်ပင် ရှိသေး၏။ အဘယ်ကြောင့်ဆိုသော် သူ့ရင်ဘတ်က နိမ့်ချည်မြင့်ချည်ဖြင့် အသက်ရှူနေသောကြောင့်ပင်။ အသက်ရှင်လျက်ပင် ရှိသော်လည်း သေကောင်ပေါင်းလဲအခြေအနေသို့ ဆိုက်ရောက်နေပေသည်။

သူ့မျက်နှာသည် သွေးရောင်ကင်းမဲ့လျက် စက္ကူဖြူတစ်ချပ်နှယ် ဖြူဖွေးနေ၏။ အသက်ကို ခပ်မှျဉ်းမှျဉ်းရှူရှိုက်၍သာ အသက်ရှင်နေသည့်အသွင်မျိုး ဆောင်နေခြင်းဖြစ်သည်။

လူငယ်၏ဒဏ်ရာဒဏ်ချက်သည် မသေးလှကြောင်း အလွယ်တကူ ခန့်မှန်းနိုင်သည်။ ဝေလီဝေလင်းအချိန်သို့ ရောက်သောအခါ အစိမ်းရောင်ဝတ်ထားသော မိန်းကလေးတစ်ယောက်က အခန်းထဲသို့ဝင်လာသည်။

မိန်းကလေးသည် လူငယ်၏ခေါင်းကို လက်တစ်ဖက်ဖြင့် အသာအယာမယူကာ ဆေးပန်းကန်ကို လူငယ်၏ပါးစပ်နှင့် တေ့ပေးလိုက်သည်။

ထို့နောက် ဆေးရည်ကို ဂရုတစိုက် တိုက်ကျွေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



နေမွန်းတည့်ချိန်သို့ရောက်သောအခါ လူငယ် အနည်းငယ် လူးလွန့်လာ၏။ ထို့နောက် တဖြည်းဖြည်း သတိပြန်လည်ရရှိလာ သည်။

သတိရလျှင်ရချင်းပင် လူငယ်က မျက်လုံးကို အားယူ၍ ဖွင့် ကြည့်လိုက်သည်။ လူငယ်သည် မျက်လုံးကို ဝေ့ကြည့်လိုက်ရာ အစိမ်း ရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် မြင်ကွင်းထဲသို့ ရောက်ရှိလာတော့သည်။

လူငယ်က တစ်စုံတစ်ရာပြောရန် ပါးစပ်ဟလိုက်သည်။ သို့ သော် နှုတ်ခမ်းလှုပ်ရုံသာလှုပ်ပြီး အသံထွက်ပေါ်မလာပေ။ သူ၏ အပြုအမူကို အစိမ်းရောင်ဝတ်စုံနှင့်မိန်းကလေးက ချက်ချင်းရိပ်စား မိသွားသည်။

ထိုအခါ မိန်းကလေးက ခုတင်နားသို့ကပ်လာပြီး လူငယ် အား ပြုံးပြလိုက်သည်။

ထို့နောက် သာယာချိုလွင်စွာ ပြောလိုက်၏။

"ရှင် ဘယ်ကိုရောက်နေသလဲ၊ ရှင့်ကို ကယ်လာတာ ဘယ် သူလဲဆိုတာ သိချင်တယ် မဟုတ်လား၊ မပူပါနဲ့ ... ကျွန်မ အေးအေး ဆေးဆေး ပြောပြမှာပေါ့"

"ကဲပါလေ ... သက်သက်သာသာ အနားယူပါဦး၊ ကျွန်မ အပြင်ခဏ သွားစရာရှိသေးတယ်"



မိန်းကလေး၏ စကားသံတွင် ကြင်နာမှုလှိုင်းကလေးများ ရိုက်ခတ်နေသည်ကို ကာယကံရှင် လူငယ်ကိုယ်တိုင် သတိထားမိ သည်။ အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေးကမူ လူငယ်ကို နှစ်လို ဖွယ် ပြုံးပြရင်း ချာခနဲလှည့်၍ သွက်လက်သော ခြေလှမ်းများဖြင့် ကျောခိုင်းထွက်ခွာသွားသည်။

သို့သော် သိပ်မကြာလိုက်ပါ။ အစိမ်းရောင်မိန်းကလေး ပြန် လည်ရောက်ရှိလာ၏။ သူမနှင့်အတူ အဘိုးအိုတစ်ယောက်နှင့် အဖြူ ရောင်ဝတ်ဆင်ထားသော မိန်းမပျိုလေးတစ်ယောက် လိုက်ပါလာ သည်။

အဘိုးအို၏အရပ်အမောင်းမှာ သာမန်မျှသာ ဖြစ်သည်။ အသားညိုသည်၊ မီးခိုးရောင်အင်္ကျီရှည်ကို ဝတ်ဆင်ထား၏။

✲

အဘိုးအိုက ချောင်းဟန့်သံတစ်ချက်ပြုလိုက်ပြီးမှ ကျေနပ် ဖွယ် မှတ်ချက်ချလိုက်သည်။

"ဒီအတိုင်းဆို ငါ ပင်ပန်းရကျိုး နပ်ပြီပေါ့၊ သုံးလေးလ လောက်ဆို အနားယူလိုက်ရင် နဂိုအတိုင်း ပြန်ကောင်းသွားမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင်မိန်းကလေးကလည်း ကျေနပ်ဟန်ဖြင့် ခေါင်း
ညိတ်လိုက်သည်။

"အခုလို ပြန်ကောင်းလာတာ သူ သိပ်ကံကောင်းတယ်လို့
ဆိုရမှာပေါ့"

"ချစ်စန်းဆိုတဲ့လူက တကယ်ရက်စက်လွန်းပါတယ်၊ သူ့
လက်သီးကြောင့် အတွင်းဒဏ်ရာရရုံတင် မကဘူး၊ နံရိုးသုံးချောင်း
တောင် ကျိုးသွားတာပဲ၊ သခင်ကြီးရဲ့ သက်စောင့်ဆေးက အစွမ်း
ထက်လို့သာပေါ့"

အစိမ်းရောင် မိန်းကလေးက အလိုက်သင့် ထင်မြင်ချက်
ပေးလိုက်သည်။ အစိမ်းရောင်မိန်းကလေးသည် အဘိုးအို၏ တပည့်
မလေးတစ်ဦးဖြစ်ကြောင်း ခန့်မှန်းနိုင်ပေသည်။ မီးခိုးရောင်အဘိုးအ
က ခန့်ထည်စွာ ပြုံးလိုက်သည်။

"သူ့ရဲ့ဒဏ်ရာကတော့ တကယ့်ကို ပြင်းထန်လွန်းတာ
ငါ အစွမ်းကုန် ကြိုးစားရတာတောင် ရှစ်ရက်ကြာမှ သတိရတယ်
ငါ ဆေးကုလာတာ နှစ်တွေများလှပြီ၊ ဒီလိုအဖြစ်မျိုး အခုတစ်ကြိမ်
ကြုံရသေးတယ်"

သူတို့နှစ်ဦး အပြန်အလှန် ပြောဆိုသည့် စကားသံများ
ကြားလိုက်ရသော ချူးလုစန်းမှာ မိမိ၏အဖြစ်ကို သိရှိခွင့်ရလိုက်
သည်။



အဘိုးအိုမှာ သူ့အသက်ကို လွယ်လွယ်နဲ့ ကယ်တင်ခြင်းမျိုး
မဟုတ်။ ခဲရာခဲဆစ် ကိုယ်ဖိရင်ဖိ ကယ်တင်ခြင်းဖြစ်သည်ကိုလည်း
သိရှိနားလည်ခွင့်ရခဲ့သည်။ ပို၍ အံ့ဩဖွယ်ကောင်းသည်မှာ သူသည်
ရှစ်ရက်လုံးလုံး သတိလစ် မေ့မြောနေခဲ့သည့်အချက်ပင် ဖြစ်သည်။

သိုင်းလောကသားမှန်သမျှ ကျေးဇူးတရားကို အထူးပင်
တန်ဖိုးထားကြသည်။

မိမိ၏အသက်သခင်ကျေးဇူးရှင်ကို အဘယ်နည်းဖြင့်
ကျေးဇူးဆပ်ရမည်နည်း။

ထိုအချက်ကို စဉ်းစားမိ၍ ချူးလုစန်း၏ရင်ထဲတွင် ဆို့ကျပ်
လာသည်။ နဖူးပြင်တွင်လည်း ချွေးများစိမ့်ထွက်လာ၏။ ချူးလုစန်း
သည် ကျေးဇူးတရားကို လူတကာထက် တန်ဖိုးထားသည်။

ယခု သူ့အပေါ်တင်ရှိသောကျေးဇူးမှာ ကြီးမားလှပေ
သည်။ ယင်းကျေးဇူးကို သူ့အနေဖြင့် ဆပ်ရလွယ်မည် မဟုတ်တော့
ပေ။

မည်သို့ပင်ဆိုစေ ကျေးဇူးရှင်ကို ကျေးဇူးဆပ်ရမည်သာ
ဖြစ်သည်။ ကျေးဇူးမဆပ်နိုင်လျှင် ကိုယ့်အသက်ကို စွန့်လွှတ်ရုံသာ
ရှိတော့သည်။

ချူးလုစန်း၏ယုံကြည်ချက်က တစ်ဖက်စွန်းရောက်အောင်
ပင် ပြင်းထန်လွန်းလှသည်။ လူတစ်ကိုယ်တွင် အကျင့်တစ်မျိုးစီသို့

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ချက် တစ်မျိုးရှိစမြဲ။

ကျေးဇူးရှင်ကို ကျေးဇူးမဆပ်နိုင်ပါက ကိုယ့်ကိုယ်ကိုယ်ပင် ခွင့်မလွှတ်နိုင်သော လူစားမျိုးကိုပြပါက ချူးလုစန်းကို လက်ညှိုးထိုးပြရမည် ဖြစ်ပေသည်။

"ဘဘ"

ချူးလုစန်းက အားယူပြီး အနိုင်နိုင် ခေါ်လိုက်သည်။ အားအင်ချိနဲ့နေချိန်ဖြစ်၍ အသံက တိုးတိုးကလေးသာ ထွက်ပေါ်လာသည်။

သို့သော် အဘိုးအိုက သူ့အသံကိုကြားလိုက်၏။ ဤအချက်ကိုထောက်ချင့်လျှင် အဘိုးအိုသည် ဆေးပညာဘက်တွင် ကျွမ်းကျင်ရုံသာမက သိုင်းပညာတွင်လည်း အစွမ်းထက်ကြောင်း ထင်ရှားနေပေသည်။

"ဘာပြောချင်လို့လဲ ငါ့တူ"

အဘိုးအိုသည် ချူးလုစန်းအား ဂရုတစိုက် ပြန်မေးလိုက်သည်။

"ကျွန်တော့်အသက်ကို ကယ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဒါက ပြောပလောက်တဲ့ကိစ္စမှ မဟုတ်ဘဲ၊ စိတ်ထဲမှာ ဘာမှ အနှောင့်အယှက် မဖြစ်ပါနဲ့၊ နေသာအောင် နေပါ"



"ဒါပေမဲ့ ကျွန်တော် အကြွေးတင်မခံချင်ဘူး"

အဘိုးအို၏မျက်နှာမှာ ရုတ်ခြည်းတင်းမာသွားသည်။

"ဘာပြောတယ်"

"အကြွေးတင်မခံချင်ဘူးလို့ ပြောတာပါ ဘဘ"

"မင်းစကားက ဘာအဓိပ္ပာယ်လဲ ... ဆိုစမ်းပါဦး"

"ကျွန်တော် ဘဘကျေးဇူးကို ပြန်ဆပ်ချင်လို့ပါ"

"ပြန်ဆပ်ချင်တယ် ... ဟုတ်လား၊ ဘာနဲ့ ပြန်ဆပ်မှာလဲ"

"ကျွန်တော့်အသက်နဲ့ပါ"

ချူးလုစန်း၏စကားကြောင့် အဘိုးအိုမျက်နှာ ကွက်ခနဲ ပျက်သွားတော့၏။ အစိမ်းရောင်မိန်းကလေး၏မျက်နှာမှာလည်း ရုတ်ခြည်းပင် တင်းမာသွားသည်။

အဖြူရောင်မိန်းကလေးမှာမူ ဟန်မူရာ လုံးဝပြောင်းလဲခြင်း မရှိချေ။ သူမ၏အသွင်အပြင်သည် လှပမြဲလှပနေ၏။ သူမ၏အလှမှာ ဖြူစင်သောအလှ၊ ကျက်သရေရှိသောအလှ ဖြစ်သည်။

တစ်နည်းအားဖြင့် အေးမြသောအလှတစ်ရပ်ပင် ဖြစ်သည်။ အခန်းထဲသို့ ဝင်မိသောအချိန်မှစပြီး အဖြူရောင်မိန်းကလေး၏ ဟန်ပန်မှာ အရာရာကို အလေးအနက်မထားဘဲ ပကတိ အေးဆေးတည်ငြိမ်လွန်းလှသည်။

သူမ၏မျက်နှာမှာ မာနကြီးသော အသွင်ဆောင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခု ချူးလုစန်း၏စကားကြောင့် သူမက ပြုံးလိုက်၏။ သူမ၏ အပြုံးမှာ တဒင်္ဂအပြုံးဖြစ်သည်။

သို့သော် ထိုအပြုံးကို ချူးလုစန်း ကောင်းကောင်းမြင်လိုက်ပါသည်။ လှလိုက်သည့်အပြုံး။ ချူးလုစန်း စိတ်လှုပ်ရှားသွားမိ၏။

သို့သော် ချူးလုစန်းသည် သူ့စိတ်ကို အမြန်ဆုံး ပြန်လည်ထိန်းသိမ်းလိုက်သည်။ ဒဏ်ရာက ပြင်းထန်စွာရရှိနေ၏။ မတရားစွပ်စွဲခံရသည့် ဘဝမျိုးလည်း ရောက်ရှိနေ၏။

သည်အခြေအနေမျိုးမှာ မည်သည့်မိန်းကလေးအပေါ်မှ အာရုံမစူးစိုက်နိုင်ပါ။ အဘိုးအိုလည်း စိတ်အနှောင့်အယှက် ဖြစ်နေပုံရသည်။ သူ၏ သုန်မှုန်သောမျက်နှာပေါ်တွင် ခံပြင်းမှုလက္ခဏာများ ထင်နေပေသည်။

"ချူးလုစန်း ... ငါ မင်းကို ကယ်လိုက်တာ မှားသွားပြီလို့ ဆိုရမှာပေါ့"

အဘိုးအိုက အေးစက်စက်လေသံဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။ ချူးလုစန်းမှာ သံမဏိအာမခံဌာနမှ ချန်စန်း၏လက်ချက်ဖြင့် လဲကျနေစဉ် အဘိုးအိုက ဝင်ရောက်ကယ်ထုတ်သွားသဖြင့် ယခုတိုင် အသက်ရှင်နေနိုင်ခြင်း ဖြစ်သည်။

သို့သော် ချူးလုစန်းမှာ အဘိုးအိုအား ပြန်လည်ကျေးဇူးဆပ်နိုင်သော အခြေအနေမရှိပေ။ ယင်းကြောင့် မိမိ၏အသက်ဖြင့် ပြန်



လည်ပေးဆပ်ရန် ပြောလိုက်ခြင်းဖြစ်သည်။

သူ၏တုံ့ပြန်မှုမှာ သဘာဝနှင့်ဆန့်ကျင်ဘက် ဖြစ်နေ၍ အဘိုး အိုမှာ စိတ်အနှောင့်အယှက် ဖြစ်သွားရသည်။ နောင်တကြီးစွာ ရနေမိ၏။

အဘိုးအိုက ချူးလုစန်းအား သေမင်းလက်ထဲမှ အနိုင်နိုင် ပြန်လည်ကယ်တင်ထားခြင်း ဖြစ်သည်။ ချူးလုစန်းအား သေမင်း လက်သို့ ပြန်အပ်ရမည်ဆိုလျှင် ကယ်တင်ရှင်တစ်ယောက်အနေနှင့် ကျေနပ်နှစ်သိမ့်နိုင်ပါမည်လော။

ထို့အပြင် အဘိုးအိုမှာ ဆေးဆရာတစ်ယောက် ဖြစ်နေသည်။ 'မိမိကယ်တင်လိုက်သော လူမမာကို ဘယ်ဆေးဆရာက ပြန်လည်သတ်ဖြတ်ရက်ပါမည်နည်း။

မိမိ၏လူနာကို အသက်ဘေးမှ ချမ်းသာရခြင်းကိုသာ ကြည့်ချင်ပေမည်။

ထို့ကြောင့် အဘိုးအို၏မျက်နှာတွင် ဖြစ်ပေါ်ခဲ့သော တင်းမာမှုသည် ချက်ချင်းဆိုသလိုပင် ပြန်လည်ပြေပျောက်သွားသည်။ လေသံကလည်း သိသိသာသာကြီး ပြောင်းလဲလာသည်။

"စိတ်ကို သိပ်ပြီး အလိုမလိုက်ပါနဲ့ ငါ့တူ၊ ငါက စေတနာနဲ့ ကူညီတာပါ၊ ကျေးဇူးအတင်ခံချင်လို့ မဟုတ်ပါဘူး၊ မင်းလမ်း လျှောက်နိုင်ပြီဆိုရင် သွားချင်တဲ့နေရာကို သွားလို့ရပြီ၊ အကြွေးတင်

www.burmeseclassic.com

www.burmeseclassic.com



ရတာယ်လို့ စိတ်ထဲမှာ မအောက်မေ့ပါနဲ့ ငါကလည်း အကြွေးဆပ်တာကို မလိုချင်ပါဘူး"

အဘိုးအိုက နှစ်သိမ့်စကား ထပ်မံပြောကြား၍ ဝတ်စုံစိမ်းနှင့် မိန်းကလေးဘက်သို့လှည့်ပြီး ပြောလိုက်သည်။

"ရှောင်ဝှား ... မင်း သူ့ကို ဂရုစိုက်ပြီး ပြုစုထားပါ၊ ကဲ ကြူးယွင် ... တို့သွားကြမယ်"

အဘိုးအိုသည် အပိုစကားမပြောတော့ဘဲ အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးနှင့်အတူ အိမ်အိုကြီးမှ ပြန်လည်ထွက်ခွာသွားသည်။

ချူးလုစန်းသည် သူတို့နှစ်ယောက်၏နောက်ကျောကို ကြည့်ရင်း သက်ပြင်းချမိလေသည်။ ရှောင်ဝှားဆိုသော မိန်းကလေးက ချူးလုစန်းကို ကြည့်၍ နှုတ်ခမ်းတစ်ချက်မဲ့လိုက်သည်။ ရှောင်ဝှား နှုတ်ခမ်းမဲ့လိုက်သည်ကို ချူးလုစန်း မြင်သွားသည်။ စိတ်ထဲတွင် ကသိကအောက် ဖြစ်သွားရပြန်သည်။

"ဒီမှာ မိန်းကလေး ... ကျုပ်က အပြုစုခံချင်တဲ့လူစား မဟုတ်ဘူး"

ရှောင်ဝှား မျက်နှာတစ်ချက် ပျက်သွားသည်။

"ဘာလဲ ... ကျွန်မကို နှင်နေတာလား"

ရှောင်ဝှားက မခံချင်စိတ်ဖြင့် ငေါက်ဆတ်ဆတ်ပြန်မေး



လိုက်သည်။ ချူးလုစန်းက လေသံအေးအေးဖြင့် တုံ့ပြန်ပြောကြားသည်။

"ဟုတ်တယ်၊ ကျုပ်အပေါ် အထင်သေးတဲ့ လူတစ်ယောက်ရဲ့ မျက်နှာကို ကျုပ် လုံးလုံးမကြည့်ချင်ဘူး"

ချူးလုစန်းသည် ရှောင်ဝှား နှုတ်ခမ်းမဲ့လိုက်သည်ကို ရည်ညွှန်း ပြောဆိုလိုက်ခြင်း ဖြစ်သည်။ ရှောင်ဝှားက ချက်ချင်း သဘောပေါက်သွားသည်။ သူမက ခပ်ထွေထွေ ပြုံးလိုက်သည်။

"မကြည့်ချင်ရှင် မျက်စိမှိတ်ထားလိုက်ပေါ့ရှင်၊ အမှန်ဆိုရင် ကျွန်မကိုယ်ကျွန်မ နားလည်ဖို့ကောင်းတယ်၊ မျက်စိမှိတ်ထားသင့်တာက ကျွန်မပါ"

"ဒါဆိုလည်း မှိတ်ထားလိုက်ပါလား"

ချူးလုစန်းက စိတ်တိုတိုဖြင့် ရှောင်ဝှားအား ပြန်ပက်လိုက်၏။ ထို့နောက် သူကိုယ်တိုင် မျက်လုံးကို စုံမှိတ်ထားလိုက်လေသည်။

သူ့မျက်နှာသည် အစွမ်းကုန်တင်းမာနေသည်။ ရှောင်ဝှားအား လုံးဝစိတ်မဝင်စားသည့်ဟန်မျိုး ပေါ်နေ၏။ ရှောင်ဝှားက နှုတ်ခမ်းမဲ့လိုက်ပြန်၏။ သို့သော် ချူးလုစန်း မျက်လုံးမှိတ်ထားသဖြင့် မမြင်လိုက်ပါ။

"လူမှုရေးနားမလည်တာက ခွင့်လွှတ်နိုင်သေးတယ်၊ ကျေးဇူးကန်းတယ်ဆိုရင်တော့ တိရစ္ဆာန်လောက်တောင် တန်ဖိုးမရှိဘူးလို့

www.burmeseclassic.com

www.burmeseclassic.com



ပြောရမှာပဲ”

ရှောင်ဗွားသည် စူစူအောင့်အောင့်ဖြင့် မကျေနပ်ချက်ကို ထုတ်ဖော်လိုက်၏။

“ဒီမှာမိန်းကလေး ငါက ကျေးဇူးမဆပ်နိုင်မှန်းသိလို့ ငါ့အသက်ကို ပြန်ယူပါ၊ ငါ့ကို ပြန်သတ်လိုက်ပါလို့ စောစောကပဲ ပြောခဲ့တယ် မဟုတ်လား”

“အခုထိ ရှင် နောင်တမရဘူးနော်”

“ငါက လုပ်ရဲရင် ခံရဲတယ်၊ ဘယ်တော့မှ နောင်တမရဘူး မှတ်ထား”

“ရှင် ကျိန်းသေ နောင်တရမယ်ဆိုတာ ကျွန်မပြောရဲတယ်၊ မယုံဘူးလား”

“မင်းက ငါ့ကို အထင်သေးတာလား၊ ကဲ ကြိုက်သလို လုပ်နိုင်တယ်”

“ရှင်ဟာ တကယ့် လူ့ခွစာပဲ၊ ကျွန်မ ရှင့်ကို နည်းနည်း သတိပေးချင်တယ်”

“မလိုပါဘူး”

ချူးလုစန်းက ဘုကျကျ ပြောနေသည့်တိုင် ရှောင်ဗွား အရေးမစိုက် ပြောချင်သည်ကို ဆက်လက်ပြောနေ၏။

“ရှင်က အခြေအနေကို ရင်ဆိုင်ရဲတဲ့သတ္တိမှ မရှိဘဲကိုး၊ အခု



ရှင်လုပ်ပုံက ကျေးဇူးကန်းရာ မကျဘူးလား”

ရှောင်ဗွားက ချက်နှင့်လက်နှင့် ပြောလိုက်ရာ ချူးလုစန်း မည်သို့ပြန်ပြောရမှန်းမသိအောင် နှုတ်ဆိတ်သွား၏။ ရှောင်ဗွားက ဆက်လက်၍ ...

“ရှင်ပဲစဉ်းစားကြည့်ပါ၊ သုံးနှစ်သုံးမိုး ထောင်ကျခဲ့တယ်၊ နာမည်လည်း ပျက်သွားတယ်၊ ဘာပဲဖြစ်ဖြစ် ရှင့်ကိုယ်ရှင် ခံနိုင်ရည်ရှိတယ်ဆိုရင်လည်း ပြီးတာပဲ မဟုတ်လား၊ ဒါပေမဲ့ ရှင့်ဆရာ ရှင်ဒီအတိုင်းပဲ ပစ်ထားတော့မှာလား၊ ရှင့်ကြောင့် သူတို့မိသားစုတစ်ခုလုံး ကံဆိုးမိုးမှောင်ကျခဲ့တယ်၊ ဒီအတိုင်း ပစ်ထားရင်”

“အို ဒါတော့”

ချူးလုစန်းသည် မည်သို့ ဆက်ပြောရမှန်းမသိ ဖြစ်သွားစဉ် ရှောင်ဗွားက ဆက်လက်ပြောပြန်သည်။

“ယောကျ်ားမှန်ရင် သတ္တိရှိရမယ်၊ အခြေအနေကို ရင်ဆိုင်ရဲရမယ်၊ ရှင်ကတော့ ဒီလိုမဟုတ်ဘူး ကိုယ့်စိတ်ကိုယ် အလိုလိုက်တယ်၊ မာနကြီးတယ်၊ ဘာမဟုတ်တဲ့ကိစ္စနဲ့ အသက်ကို စွန့်ချင်တယ်၊ တကယ် စွန့်စားရမယ့်ကိစ္စကိုတော့ ဘေးချိတ်ထားတယ်၊ ရှင့်လောက် ဆင်ခြင်ဉာဏ်မဲ့တဲ့လူမျိုးကို ကျွန်မ အခုမှ တွေ့ဖူးတော့တယ်”

စင်စစ် ချူးလုစန်းက စဉ်းစားဉာဏ်မရှိ၍ မဟုတ်ပါ။ သို့

www.burmeseclassic.com

www.burmeseclassic.com



စရိုက်အမှန်ပင် ထူးခြားနေ၏။ စိတ်ဓာတ်ပြင်းထန်လွန်းသည်၊ ခေါင်းမာလွန်းသည်ဟု ဆိုနိုင်၏။

မီးခိုးရောင်ဝတ်စုံနှင့် အဘိုးအိုက စေတနာသန့်သန့်ဖြင့် မိမိအား ဝင်ရောက်ကယ်တင်ခြင်း မဟုတ်ဘဲ အကြံတစ်ခုခု ရှိရမည်ဟု ထင်နေသည်။

တစ်နေ့ မိမိအပေါ် တစ်စုံတစ်ရာ အရေးဆိုလာမည်။ မိမိ မလုပ်ချင်သည့်ကိစ္စမျိုးကို လုပ်ခိုင်းပါက မခက်ပါလား။ ချူးလုစန်းက ဤသို့တွေးမိသည်။

ကြိုတင်ခန့်မှန်းသည့်အတိုင်း ဖြစ်လာပါက သေသည်ထက် ပင် ပို၍ဆိုးမည်တည်း။ သို့သော် မိမိ၏ဆရာသမားကိုတော့ လျစ်လျူရှုထား၍ မဖြစ်။

ထို့ပြင် မိမိအပေါ် မဟုတ်တန်းတရား စွပ်စွဲလာသည့်ကိစ္စ ကိုလည်း ဖြေရှင်းရမည်ဖြစ်၏။

ထို့ကြောင့် ရှောင်ဗုဒ်း၏စကားသည် ချူးလုစန်းအား သတိ ပေးသကဲ့သို့ ဖြစ်သွားသည်။ သူ့စိတ်ထဲတွင် အသေခံရကောင်းနိုးနိုး ဘဝစရီးကို ဆက်ရကောင်းနိုးနိုးဖြင့် ချီတုံချတုံ ဖြစ်လာ၏။

လူ့ဘဝဟူသည် ရခဲဘိခြင်း။ အဘယ်ကြောင့် အသေခံ မည်နည်း။ မိမိအပေါ် အထင်မြင်လွဲမှားမှုကို ရှင်းရမည်။

ဆရာသမားဖြစ်သူအား မတွေ့တွေ့အောင် ရှာဖွေရမည်။



ချူးလုစန်း စိတ်ကူးပြောင်းသွား၏။ သူ၏မျက်နှာပေါ်မှ တင်းမာ ခက်ထန်မှုအရိပ်လက္ခဏာများ လွင့်စဉ်ပျောက်ကွယ်သွား၏။

ရှောင်ဗုဒ်းနှင့်လည်း စကားပြော အဆင်ပြေလာတော့၏။ အဖြူရောင်ဝတ်မိန်းကလေးမှာ ကြူးယွင် ဟုလည်း သိခဲ့ရ၏။

ယခုလောလောဆယ် ချူးလုစန်းသည် နိုင်ငံသော ဆုံးဖြတ်ချက်နှင့်အတူ ရှင်လန်းသွားလေတော့၏။

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com



## မရဏာမီးပုံး

တစ်လတည်းဟူသော အချိန်ကာလသည် လျင်မြန်စွာ ကုန်ဆုံးသွားတော့၏။

တစ်လလွန်မြောက်ပြီးနောက် ချူးလုစန်း၏ ဒဏ်ရာသည် အတော်ပင် သက်သာလာတော့၏။

ယခုအချိန်တွင် သူသည် ခုတင်ပေါ်မှ ဆင်းနိုင်ပြီဖြစ်ေ သည်။ တစ်ခါတစ်ရံ ခြံဝင်းထဲဆင်းပြီး လမ်းလျှောက်၏။

မိုးမှောင်ကြီးကျသော ညတစ်ည ...

လေသည် တဟူးဟူး တိုက်ခတ်နေ၏။ သူသည် တစ်ေ နိုးပြီးနောက် မည်သို့မျှအိပ်မပျော်နိုင်ဘဲ ဖြစ်နေ၏။

အိပ်၍မရသည့်အဆုံး အပြင်သို့ထွက်ပြီး လမ်းလျှော ခြင်းက ပို၍ကောင်းသည်ဟု စဉ်းစားမိသည်။

ထို့ကြောင့် ...

ချူးလုစန်းသည် အပေါ်ရင်ဖုံးအင်္ကျီကို ဆွဲယူ ဝတ်ဆင်လို ၏။



ပြီးလျှင် ဖိနပ်ကို ကောက်စွပ်လိုက်၏။

ထို့နောက် တံခါးဖွင့်ကာ ခြံထဲသို့ တစ်ယောက်တည်း ဆင်းလာခဲ့၏။

နာလန်ထစ အားအင်ချည့်နဲ့ချိန်ဖြစ်၍လားမသိ လေစိမ်းတစ်ချက်ဝှေ့အတိုက် ရင်ထဲ၌ စိမ့်ခနဲဖြစ်သွား၏။ ကြက်သီးမွေးညင်းများပင် ထသွား၏။

စင်စစ် သူ့အား ကြက်သီးမွေးညင်းများ ထသွားစေသည့်အကြောင်းမှာ အေးစက်သောလေကြမ်းကြောင့် မဟုတ်။

အမှန်ကိုဆိုရသော် အလွန်ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသော အရာတစ်ခုကို မမျှော်လင့်ဘဲ မြင်တွေ့လိုက်ရသောကြောင့် ဖြစ်၏။

ထူးဆန်းသည့်မီးပုံးတစ်လုံးကြောင့် ဖြစ်၏။

မီးပုံးတစ်ပုံးဟုဆိုခြင်းထက် မီးပုံးခုနစ်လုံးဟုဆိုက ပို၍ တိကျပေမည်။

အကြောင်းမှာ သူတွေ့မြင်ရသော မီးပုံးကြီးမှာ မီးပုံးငယ်ခုနစ်လုံးနှင့် ပေါင်းစပ်ဖွဲ့စည်းထားသောကြောင့်ပင် ဖြစ်သည်။ မီးပုံးခြောက်ခုက မီးပုံးတစ်လုံးအား အလယ်တွင်ထား၍ ဝိုင်းရံထားပေသည်။

မီးပုံးမှာ ဓားဖြင့်ပြုလုပ်ထားခြင်းဖြစ်ပြီး လောင်စာအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဆီတစ်မျိုးကို အသုံးပြုထားလေသည်။ ယင်းလောင်စာဆီမှ
အတော်ပင်ထူးဆန်း၏။

လေမည်မျှပင် တိုက်ခတ်စေကာမူ မီးမငြိမ်းသွားပေ။ ဤ
သည်မှာ မီးပုံး၏ထူးခြားချက်ပင် ဖြစ်တော့သည်။

ချူးလုစန်းသည် ရင်ထိတ်ဖွယ်ကောင်းသော အဖြစ်အပျက်
များနှင့် ကြုံတွေ့ခဲ့ရပေါင်း များလှချေပြီ။

ယခုလောက် စိတ်လှုပ်ရှားဖွယ်ကောင်းသော သည်းထိတ်
ရင်ဖိုအဖြစ်မျိုးနှင့် တစ်ကြိမ်တစ်ခါမျှ မတိုးမိခဲ့ဖူးပေ။

အမှန်ဆိုရလျှင် သူမြင်တွေ့ရသောအရာမှာ ဓားဖြင့် ပြ
လုပ်ထားသော မီးပုံးမျှသာ ဖြစ်သည်။

ထိုမီးပုံးသည် သာမန်မီးပုံးမျိုး မဟုတ်ပေ။ ထူးခြား
ကြောက်မက်ဖွယ်မီးပုံးပင် ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် သိုင်းလောကတွင် အဆိုတစ်ခု
ရှိထား၏။

ယင်းအဆိုမှာ 'မရဏာမီးပုံး မြင်သူ လိပ်ပြာလွင့်' ဟူ၍ ဖြစ်
သည်။

မရဏာမီးပုံးဆိုသည်မှာ ချောက်ချားထိတ်လန့်ဖွယ်သတ္တ
ဖော်ထားသည့် လိပ်ပြာလွင့်မတတ်ရှိသောကြောင့် မရဏာမီးပုံး
ညွှန်းဆိုထားခြင်းဖြစ်သည်။



ချူးလုစန်းသည် သိုင်းလောကတွင် အနေကြာပြီဖြစ်သော်
လည်း မရဏာမီးပုံးကို မြင်ဖူးခြင်းအလျဉ်းမရှိခဲ့ပေ။

မရဏာမီးပုံး၏ ထူးခြားသောပုံသဏ္ဌာန်ကိုတော့ ကြားဖူး
ထားသည်။

ယခု ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့လိုက်ရချေပြီ။ သူသည်
ယခုမှ ရောဂါသက်သာခါစ ရှိသေး၏။

ထိုကဲ့သို့ အားအင်ချည့်နဲ့ချိန် တွင် ထိုမြင်ကွင်းကို မြင်လိုက်
ရသောအခါ အဘယ်သို့လျှင် မတုန်လှုပ်ဘဲ နေနိုင်ပါအံ့နည်း။

မီးပုံးကို ဝင်းခြံတံခါးဘက်ထိပ်၌ ချိတ်ဆွဲထားသည်။ ထူး
ခြားချက်မှာ မီးပုံး၏အလင်းရောင်မှာ သွေးရောင်ကဲ့သို့ ရွေးရွေးနီရဲ
နေ၏။

ချူးလုစန်းသည် မီးပုံးကိုမြင်သည်နှင့် ခြေလှမ်းကို တုံ့ခနဲ
ရပ်တန့်လိုက်ရ၏။

တစ်ချိန်တည်းမှာပင် မီးပုံးပိုင်ရှင်ကို တွေ့လိုတွေ့ငြား
မျက်စိကိုဖွင့် နားကိုစွင့်လိုက်သည်။

အမှန်ဆိုရလျှင် သူ့အနေဖြင့် နောက်ကြောင်းသို့ပြန်လှည့်
ကာ ချက်ချင်း အိမ်ထဲသို့ ပြန်ဝင်မည်ဆိုလျှင် မည်သို့ပြဿနာမှ
ပေါ်ပေါက်မည်မဟုတ်ပေ။

ချူးလုစန်းသည် သတ္တိကြောင်သူတစ်ဦးမဟုတ်။ မရဏာမီး

www.burmeseclassic.com

www.burmeseclassic.com



ပုံးသည် ကြောက်မက်ဖွယ် ကောင်းလှသော်လည်း မီးပုံးကို မြင်ခွင့်ရသော သိုင်းလောကသားမှာ အလွန်ရှားပါးလှ၏။

ယခု ချူးလုစန်း မမျှော်လင့်ဘဲ တွေ့လိုက်ရပြီဖြစ်လေသည်။

အန္တရာယ်ကြီးမှန်းသိသော်လည်း စိတ်ထဲတွင် ထူးဆန်းမှုကို လေ့လာ လိုသည့်ဆန္ဒက ပြင်းပြနေ၏။

ထိုအခွင့်အရေးကို လက်လွှတ်မခံချင်ပေ။ သိုင်းလောကသားတိုင်းလိုလို မရဏာမီးပုံးကို သိကြသည်။

သို့သော် ...

မည်သူမှ မီးပုံး၏ဇစ်မြစ်ကို မသိကြချေ။ မီးပုံးပိုင်ရှင် မည်သူမည်ဝါဖြစ်သည်ကို ရိပ်စားမိခြင်း မရှိကြသေးပေ။

အကယ်၍ ချူးလုစန်းအနေဖြင့် မီးပုံးပိုင်ရှင်ကို မြင်ခွင့်ရပြီး လူတကာစိတ်ဝင်စားသည့် လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်မည်ဆိုပါက သိုင်းလောကအတွက် အကျိုးပြုလုပ်ငန်းတစ်ခု ဆောင်ရွက်ပေးသည့်သဘောမျိုး သက်ရောက်နိုင်သည်။

ထို့ကြောင့် ချူးလုစန်းသည် စိတ်ကိုထိန်းရင်း အနီးရှိ မှောင်ရိပ်ထဲသို့ သတိထားရွေ့လျားသွားသည်။

သူ ရွေ့လျားသွားသောနေရာမှာ အုပ်ဆိုင်းသောသစ်ပင်ကြီးတစ်ပင်၏အရိပ်ထိုးကျသော နေရာဖြစ်၍ မှောင်ပိန်းနေသည်။



မှောင်ရိပ်ထဲသို့ရောက်သည်နှင့် သူ့ ရင်မှာ တဒိတ်ဒိတ် ခုန်လာတော့သည်။

သူသည် လူရိပ်သဏ္ဍာန်တစ်ခုကို လှမ်းမြင်လိုက်ရပြီ ဖြစ်သည်။

လူရိပ်သည် မရဏာမီးပုံးပိုင်ရှင်ဖြစ်သလော။

လူရိပ်သဏ္ဍာန်၏ဆံပင်မှာ ပခုံးပေါ်သို့ ရှည်လျားစွာကျနေသည်။

ဆံစများ လေနှင့်အတူ လူးလွန့်ဝဲပျံနေသည်။

ဝတ်ဆင်ထားသော အဖြူရောင်အင်္ကျီရှည်မှာလည်း မြေကြီး နှင့် ထိလုမတတ် ဖြစ်နေသည်။

အလင်းရောင်အားနည်း၍ အမှောင်အားက များနေသဖြင့် လူရိပ်သဏ္ဍာန်ကို ကွဲကွဲပြားပြား မသိနိုင်ပေ။

ယောကျ်ားလော မိန်းမလောဟူ၍ပင် မခွဲခြားနိုင်သေးပါ။ ချူးလုစန်း၏စိတ်ထဲတွင် မချင့်မရဲ ဖြစ်နေမိ၏။

ချူးလုစန်းသည် အဖြူရောင်ဝတ်စုံရှင်အနီးသို့ တဖြည်းဖြည်းလျှောက်သွားသည်။

ထိုစဉ်...

"ရပ်လိုက်"

ဟူသော ဟန့်တားသံတစ်ခု ရုတ်ခြည်းထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟန့်တားသံမှာ ခက်ထန်ခြင်းမရှိသော်လည်း အေးစက်ပြတ်သား သည်။

အချိန်အခါနှင့် နေရာအနေအထားအရ တစ်ဖက်လူကို ရင်ဖို သွားစေခဲ့၏။ ချူးလုစန်း ရှေ့ဆက်မတိုးရဲဘဲ တုံ့ခနဲ ရပ်လိုက်သည်။

ထို့နောက် အသံရှင်ကို တအံ့တသြဖြင့် လှမ်းမျှော်ငေးမော ကြည့်နေမိသည်။

ထူးဆန်းသည်က အသံရှင်သခင်မှာ အမျိုးသမီးတစ်ဦး အသံ ဖြစ်နေပေသည်။

မရဏာမီးပုံး၏အရှင်သခင်မှာ အမျိုးသမီး တစ်ဦးပေလော။ ထိုသို့ဆိုပါက မရဏာမီးပုံး၏လျှို့ဝှက်ချက်သည် လူတကာ ထင် ထားသည်ထက် ပို၍ပင် ဆန်းကြယ်အံ့ဖွယ်ဖြစ်နေသည် မဟုတ်ပါ လား။

ချူးလုစန်းက ချောင်းတစ်ချက် ပေးလိုက်ရင်း ...

"မိန်းကလေးကို တစ်ခု မေးပါရစေ"

"မရဏာမီးပုံးပိုင်ရှင် ဟုတ်မဟုတ် မေးမလို့ မဟုတ်လား"

ချူးလုစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒါပေမဲ့ မိန်ကလေးဟာ မရဏာမီးပုံးရှင် တော့ ဟုတ်ဟန်မတူဘူး၊ တမင် ကျူပ်ကို စမ်းသပ်ချင်တာပဲ ဖြစ် မယ်"



မိန်းကလေး ဆတ်ခနဲ ဖြစ်သွားသည်။

"ရှင်က ဘယ်လိုထင်လို့လဲ"

ချူးလုစန်း၏မျက်နှာ တည့်ကြည်လေးနက်သွား၏။

"မင်းဟာ ကြူးယွင်ဆိုတာ ကျူပ် ရိပ်မိထားပါတယ်၊ မီးပုံး ရှင်ဟာ ဘယ်သူများလဲ"

ထိုစကားကြောင့် မိန်းကလေး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန် ခါသွားလေ၏။

"ရှင် ရှင် ဘယ်လိုလုပ်သိသလဲ"

မယုံကြည်နိုင်ဟန်ဖြင့် မေးလိုက်၏။ ချူးလုစန်း တစ်ချက် ပြုံးလိုက်လေသည်။

"မရဏာမီးပုံးရှင်ဟာ မင်းအဖေပဲလား"

"ရှင် ဘာကြောင့် မေးရတာလဲ"

"သူသာသေစေချင်တယ်ဆိုရင် ငါ့ကိုကယ်ပါ့မလား၊ မင်း မဖြေချင်ရင်တော့နေပါ"

မိန်းကလေးမှာ တခြားသူမဟုတ် ကြူးယွင်ပင်ဖြစ်သည်။ သူမက သက်ပြင်းတစ်ချက်ချကာ ...

"မရဏာမီးပုံးရှင်ဟာ ကျွန်မအဖေ ကြူးထိုက်ယီပါပဲ၊ အခုလို ထွန်းညှိထားရတာလဲ ရှင့်နောက်လိုက်နေတဲ့လူတွေကို သတိပေးတဲ့ သဘောပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတွေလဲ"

"သံမဏိအာမခံဌာနက လူတွေပါပဲ"

"ပြဿနာတွေကတော့ တန်းစီနေပါလား"

"ရှင် ပြေလည်သွားအောင် ကျွန်မ အကြံပေးမယ်၊ မရဏ မီးပုံးရှင်ဖြစ်တဲ့ ကျွန်မဖေဖေဆီမှာ တပည့်ခံလိုက်ပါ။ ရှင် အကူအညီ ရလာပါလိမ့်မယ်"

ချူးလုစန်း ခေါင်းယမ်းလိုက်သည်။

"ကျုပ်မှာ ဆရာရှိပြီးသား၊ ဘယ်သူ့ဆီမှ တပည့်မခံဘူး"

ပြောကာ မိမိအခန်းသို့ ပြန်လည်ထွက်ခွာလာကာ အဝတ် အစားများကို သိမ်းဆည်းကာထွက်လာ၏။

ထိုစဉ် ...

ရှောင်ဗှားရောက် ရှိလာပြီး ဖျောင်းဖျလေသည်။

"လောလောဆယ် အစ်ကို့မှာ ရန်သူတွေ ဝိုင်းနေတာမို့ ဒီက မထွက်သင့်ဘူး၊ ရှင့်ဆရာကို ကူညီဖို့ ကျွန်မတို့ အကူအညီလိုတယ် ဒါကြောင့် သည်းခံစိတ်မွေးမှပေါ့"

သူမ၏ ဖျောင်းဖျစကားကြောင့် ချူးလုစန်း စိတ်လျှော့ လိုက်၏။

နောက်တစ်နေ့တွင် ချူးလုစန်းသည် ကြူးကျားရွာသို့ ရောက်ရှိသွားသည်။



ယင်းရွာ၏ ဆိတ်ငြိမ်သောအရပ်တွင် အိမ်ကြီးတစ်ဆောင် ရှိနေ၏။

ယင်းအိမ်ကား မရဏမီးပုံးပိုင်ရှင် ကြူးထိုက်ယီ၏အိမ်ပင် ဖြစ်ပေတော့သည်။

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com

ခရီး

နေရောင်ခြည်သည် အနောက်ဘက်သို့ငုပ်လျှိုးကွယ်ပျောက်သွားပြီ ဖြစ်သည်။

နေခြည်ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုက အစားထိုးဝင်ရောက်လာလေသည်။

ကြူးထိုက်ယီသည် နေအိမ်ထဲမှာပင် မိသားစုအစည်းအဝေးကလေးတစ်ခု ပြုလုပ်သည်။

အစည်းအဝေးတွင် ပါဝင်သူများ မှာ ဖူလန်း၊ ကြူးယွင်၊ ရှောင်ဝှာ။ ကြူးထိုက်ယီ၏တပည့်လောင်း ချူးလုစန်းတို့ပင် ဖြစ်သည်။

ဖူလန်းဆိုသောအမျိုးသမီးသည် ကြူးထိုက်ယီတို့နှင့် သွေးမတော် သားမစပ်သော်လည်း အနေကြာလာပြီဖြစ်၍ ဆွေမျိုးရင်းချာလို သံယောဇဉ်တွယ်မိလေသည်။

ချူးလုစန်းမှာ ကြူးထိုက်ယီထံသို့ တပည့်လောင်းအဖြစ်ခံယူခဲ့ခြင်းဖြစ်သည်။



ကြူးထိုက်ယီသည် အားလုံးကို တစ်ချက်ဝေ့ကြည့်ကာ ...

"ချူးလုစန်း"

ချူးလုစန်းက ...

"ဟုတ်ကဲ့ ပြောပါ"

ကြူးထိုက်ယီက တည်ကြည်သောမျက်နှာထားဖြင့် ...

"မနက်ဖြန်ကျရင် ငါက ဖူလန်းနဲ့ ခရီးထွက်စရာရှိတယ်၊ တို့သွားပြီးနောက်ပိုင်းမှာ မင်းလည်း ရှောင်ဝှာ၊ ကြူးယွင်တို့နဲ့အတူ ဒီကထွက်သွားရမယ်"

ရုတ်တရက် ဖြစ်ပေါ်လာသောကိစ္စကြောင့် ချူးလုစန်း ဘာပြောရမှန်းမသိ ဖြစ်သွားလေသည်။ သူက ကြူးထိုက်ယီအား ကြည့်ကာ ...

"ဆရာက ဘယ်သွားမှာလဲ"

ဟု မေးလိုက်လေသည်။ ကြူးထိုက်ယီက သက်ပြင်းတစ်ချက် ချကာ ...

"ငါ့မှာ အရေးကြီးတဲ့ကိစ္စတစ်ခု ပေါ်လာလို့ပါ။ မင်း ဘာမှ စိတ်မပူပါနဲ့၊ ငါ့ဆီမှာ တပည့်ခံတာ သိပ်မကြာသေးပေမယ့် ပညာအတော်ကလေး ရလိုက်ပြီပဲ၊ အခက်အခဲတွေ့ရင်လည်း ကြူးယွင်က မင်းကို ကူညီမှာပါ"

ချူးလုစန်း မပြောသာတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာ"

"ဒါဖြင့် မင်းတို့ စောစော အနားယူလိုက်ကြတော့"

"ကောင်းပါပြီ"

✵

ချူးလုစန်းသည် သိုင်းလောကထဲ ပြန်လည်ဝင်ရောက်ရ တော့မည်ဖြစ်၍ စိတ်ထားထက်သန်နေမိသည်။ အထူးသဖြင့် သူ၏ ဆရာနှင့် ပညာသင်ဘက်များကို တမ်းတသတိရနေမိသည်။

ထို့ကြောင့် ... ဆရာဖြစ်သူနှင့် ပညာသင်ဘက်များကို မဖြစ်မနေ လိုက်လံရှာဖွေရန် ခိုင်မာစွာ ဆုံးဖြတ်ချက် ချလိုက်လေ သည်။

ထိုစဉ် ကြူးယွင်နှင့်ရှောင်ဗုားတို့ အခန်းထဲ ဝင်ရောက်လာ ကြ၏။

ရှောင်ဗုားက နှုတ်သွက်အာသွက်ဖြင့် စတင်စားဆိုလာ သည်။

"ကျွန်မတို့ ဘယ်နေ့ ခရီးစထွက်မလဲ အစ်ကိုချူး"

သူမက လိုရင်းကို တဲ့တိုးသာမေးလာသည်။ ကြူးယွင်မှာမူ



တစ်စုံတစ်ရာမှ ဝင်ပြောခြင်းမရှိဘဲ အေးအေးဆေးဆေးပင် ထိုင်နေ သည်။ ချူးလုစန်း တစ်ချက် စဉ်းစားကာ ...

"ဆရာနဲ့တိုင်ပင်ရင် မကောင်းဘူးလား"

ရှောင်ဗုား ခေါင်းယမ်းကာ ...

"သခင်ကြီးနဲ့ ဒေါ်လေးမူလန်းတို့ မကြာခင်ကပဲ ထွက်သွား ကြပြီ၊ ဒီတော့ အခု ဆုံးဖြတ်ချက်ကို အစ်ကိုကြီးပဲ ချပါ"

ချူးလုစန်းက ကြူးယွင်အား ကြည့်ကာ ...

"ညီမကရော ဘယ်လိုသဘောရလဲ၊ ဘယ်အချိန် ခရီးစ ထွက်ဖို့ စိတ်ကူးထားလဲ"

ချူးလုစန်းသည် ကြူးထိုက်ယီထံတွင် တပည့်ခံခဲ့ပြီးနောက် ကြူးယွင်အား ညီမဟု တရင်းတနှီး ခေါ်ခဲ့၏။

ယခုအခါ သူတို့နှစ်ဦးသည် ပညာသင်ဘက် ဖြစ်နေသည့် အတွက် ပညာသင်ဘက် မောင်နှမဟု ဆိုရမည်ဖြစ်လေသည်။

"မနက်ဖြန်မနက်ပဲ ထွက်ကြတာပေါ့၊ ဖေဖေက သွားနှင့်ပြီ ပဲ၊ ကျွန်မတို့ ဒီမှာ ဆက်နေရင် အချိန်ဖြုန်းသလို ဖြစ်သွားမယ်"

ကြူးယွင်က သူမ၏သဘောထားကို မဆိုင်းမတွပင် ပြော လိုက်သည်။

သူမသည် စကားနည်းသူ ဖြစ်သည်။ သို့သော် စကား ပြောရာတွင် ပြတ်သားမှုရှိ၏။ ချူးလုစန်း ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ဒါပေမဲ့ ဘယ်ကို အရင်သွားမယ်ဆိုတာ ဆုံးဖြတ်ဖို့လိုတယ်"

ကြူးယွင် တစ်ချက်စဉ်းစားကာ ...

"စုကြူးမြို့ကိုပဲ အရင်သွားကြတာပေါ့၊ အစ်ကိုက အစ်ကို့ဆရာကို ရှာချင်သေးတယ် မဟုတ်လား"

"ဟုတ်တယ်လေ ဒါပေမဲ့"

"ဘာမှမပူနဲ့၊ သံမဏိအဖွဲ့ကို ပူစရာမလိုပါဘူး"

သူမက အာမခံပြောကြားလိုက်၏။ ထို့ကြောင့် ...

"ကောင်းပါပြီဗျာ"

ချူးလုစန်းသည် မငြင်းတော့ဘဲ လက်ခံသဘောတူလိုက်လေတော့သည်။

✿ ✿ ✿



## စွန်ဆယ့်နှစ်ဖော်

ထိုမြို့သည် စန်းကုပြည်နယ်၏ အရေးပါသော မြို့ကြီးတစ်မြို့ ဖြစ်၏။

စီးပွားရေးလမ်းပမ်းဆက်သွယ်မှုပါ ကောင်းမွန်သဖြင့် အလွန်စည်ကားသော မြို့တစ်မြို့ ဖြစ်သည်။

တိမ်တောက်သော ညနေစောင်းဖြစ်၍ ကြည်နူးဖွယ်ကောင်းလှသည်။

ပြာလဲ့လဲ့ကောင်းကင်အောက်တွင် မြင်းစီးသမား သုံးဦးသည် စုကြူးမြို့သို့ဦးတည်သော လမ်းမကြီးအတိုင်း ဒုန်းစိုင်းနှင်လာလေသည်။

စုကြူးမြို့နှင့် ငါးမိုင်ခန့်အကွာသို့ရောက်သောအခါ ရှေ့မှဦးဆောင်သော မြင်းစီးသမားက သူ့မြင်းကို တွဲခနဲ ရပ်တန့်လိုက်လေသည်။

ရှေ့ဆုံးမှ ရပ်တန့် လိုက်သော မြင်းစီးသမားမှာ ချူးလုစန်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်နှစ်ယောက်က ကြူးယွင်နှင့် ရှောင်ဗှားတို့ပင် ဖြစ်လေသည်။

ကြူးယွင်တို့သည် ချူးလုစန်းက မြင်းကို ရပ်တန့်လိုက်သဖြင့် သူတို့နှစ်ယောက်လည်း ကပျာကယာ ရပ်တန့်လိုက်ရ၏။

ရှောင်ဗှားက…

"ဘာဖြစ်လို့လဲ အစ်ကို"

ဟု မေးလိုက်သည်။ ချူးလုစန်းသည် ရှေ့သို့ မေးဆတ်ပြလိုက်သည်။

"ဟိုမှာ လူတစ်စု ပိတ်ရပ်နေတယ်"

သူ၏စကားက အမှန်ပင် ဖြစ်သည်။ သူတို့ရှေ့တည့်တည့်တွင် လူတစ်စုက လမ်းကိုပိတ်ဆို့ထားကြသည် မဟုတ်ပါလား။

ထိုလူစုသည် ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားပြီး လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြလေသည်။ ထိုလူစုမှာ စုစုပေါင်းဆယ့်နှစ်ယောက်တိတိ ရှိလေသည်။

✡

လူဆယ့်နှစ်ယောက် …



လူဆယ့်နှစ်ယောက်သည် လမ်းမကြီးပေါ်တွင် ကန့်လန့်ဖြတ် တန်းစီပိတ်ဆို့ထားသည်။ ချူးလုစန်းမျက်နှာ မသိမသာ ပျက်သွား၏။

အန္တရာယ်က နေရာတကာတွင် ရှိနေသည်။ သူက ပြဿနာကို ရှောင်ရှားလိုသည်။

ထို့ကြောင့် သူက မြင်းကို ဖြည်းဖြည်းနှင်၍ လူစုအနားသို့ တိုးကပ်သွားလေသည်။

"မိတ်ဆွေတို့ လမ်းနည်းနည်း ဖယ်ပေးပါ"

ချူးလုစန်းသည် ယဉ်ကျေးစွာ တောင်းပန်၏။ စိတ်ထဲမှလည်း ပြဿနာမပေါ်ပါစေနှင့်ဟု ဆုတောင်းမိလေသည်။ သို့သော် သူ၏ ဆုတောင်းမပြည့်ပါ။

"လမ်း နည်းနည်းဖယ်ပေးရမယ် … ဟုတ်လား"

"ဟုတ်ကဲ့"

"မဖယ်ပေးချင်လို့ တမင်ပိတ်ဆို့ထားတာပဲ" … "ဗျာ"

"ဗျာ လုပ်မနေနဲ့ မင်းက ဘာမသိဟန်ဆောင်နေတာလဲ"

ချူးလုစန်းအား ခက်ထန်စွာပြောနေသူမှာ အသက်ငါးဆယ်ခန့်ရှိပြီး ထွားကျိုင်းသန်မာသူ ဖြစ်သည်။

ထိုလူသည် ခေါင်းဆောင် ဖြစ်ဟန်ရှိလေသည်။ ချူးလုစန်းမျက်မှောင်ကြုတ်ကာ …

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပြောတာ ကျုပ် ဘာမှ နားမလည်ပါလား"

ခေါင်းဆောင်ဖြစ်ဟန်ရှိသူက အေးစက်စက် ရယ်မောလိုက်လေသည်။

"ငါက ဒီအဖွဲ့ရဲ့ခေါင်းဆောင်၊ မင်းက ချူးလုစန်းပဲ မဟုတ်လား"

ချူးလုစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်ကတော့ ခင်ဗျားတို့ကို မသိပါလာ... ရန်ငြိုးမရှိခဲ့ဘူး ထင်တယ်"

ခေါင်းဆောင် သဘောကျစွာ ရယ်မောလိုက်ပြန်သည်။

"ဟုတ်တယ် ... ရန်ငြိုးမရှိဘူး၊ ဒါပေမဲ့ ငွေငါးသိန်းဆို... ပမာဏဟာ နည်းနည်းနောနော မဟုတ်ဘူးနော်၊ ငါဆိုလိုတာ မင်... သဘောပေါက်တယ် မဟုတ်လား"

ချူးလုစန်း စိတ်ပျက်စွာဖြင့် ခေါင်းယမ်းလိုက်သည်။

"မိတ်ဆွေတို့ မှားနေပြီ၊ ကျုပ်က တကယ်ပဲ ငွေငါးသိန်း... ကို အပိုင်ကြံရင် သက်ဆိုင်ရာက ကျုပ်ကို ဒီအတိုင်း လွှတ်ထား... မလား၊ ခင်ဗျားတို့ သေသေချာချာလည်း စဉ်းစားကြပါ"

ခေါင်းဆောင်ဖြစ်သူက ...

"ဒီလိုစကားမျိုးပြောလို့ ငါတို့က ယုံရမှာလား၊ ဝေးပါသေး... တယ်ကွာ"



ချူးလုစန်း ဒေါပွသွားသည်။

"ကျုပ်က အမှန်အတိုင်းပြောတာ မယုံရင်လည်း မတတ်နိုင်ဘူး"

ချူးလုစန်းသည် ဆက်လက်ရှင်းပြနေသော်လည်း အကျိုးထူးလာမည် မဟုတ်သည်ကို သိရှိလိုက်သည့်အတွက် ဘုဆတ်ဆတ် တုံ့ပြန်လိုက်၏။

ခေါင်းဆောင်မှာ ဒေါသကြောင့် ဆတ်ခနဲ ဖြစ်သွားသည်။

"မင်း တယ်ခေါင်းမာပါလား၊ ဒီမှာ ငါတို့ စွန်ဆယ့်နှစ်ဖော် အကြောင်း မင်းမသိဘူးလား"

ချူးလုစန်း ပခုံးတွန့်လိုက်၏။

"စွန်ဆယ့်နှစ်ဖော်ဖြစ်လည်း ကျုပ်က ဂရုမစိုက်ဘူးဆိုတာ မှတ်ထားပါ"

ပြောရင်း မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

ကြူးယွင်နှင့် ရှောင်ဟုာတို့လည်း အသီးသီး မြင်းပေါ်မှ ခုန်ဆင်းလိုက်ကြသည်။

သူတို့သုံးယောက်သည် ချက်ချင်းပင် လူစုခွဲလိုက်ကြပြီး တိုက်ပွဲဝင်ရန် အသင့်ပြင်လိုက်ကြ၏။

သူတို့သုံးယောက်ရှေ့တွင် စွန်ဆယ့်နှစ်ဖော်တို့က မားမား ရပ်လျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် လက်နက်အသီးသီးအား ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် အသင့်ပြင်ထားလိုက်ကြသည်။ ချူးလုစန်းတို့သုံးယောက်ကား ဓားကိုသာ အသုံးပြုကြ၏။

သူတို့အားလုံး အားပြုသော သိုင်းပညာမှာ 'ဝက်ပါလျှပ်စီး' သိုင်းကွက်ပင်ဖြစ်သည်။

ဝက်ပါလျှပ်စီးသိုင်းပညာသည် အလွန်ထက်မြက်သော ဓားပညာတစ်မျိုး ဖြစ်သည်။

သူတို့သုံးယောက်သည် တူညီသော ဟန်အနေအထားဖြင့် တိုက်ပွဲဝင်ရန် တာစူလိုက်လေသည်။

စွန်ဆယ်နှစ်ဖော်တို့၏လှုပ်ရှားမှုကလည်း မြန်ဆန်လှပေသည်။

သူတို့သုံးယောက်ကို အလယ်တွင် ဗဟိုပြုထားလျက် စက်ဝိုင်းသဏ္ဍာန် တစ်ပြိုင်တည်း ရွေ့လျားနေရာယူလိုက်ကြလေသည်။

ဝက်ပါလျှပ်စီးသိုင်းကွက်ဖြင့် တိုက်ပွဲဝင်ရန် ချူးလုစန်းတို့က ဟန်ပြင်လိုက်သောအခါ စွန်ဆယ်နှစ်ဖော်တို့အားလုံးပင် ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

ထိုသို့ကြောင်သွားခြင်းသည် တစ်ဖက်လူအား အခွင့်ကောင်းတစ်ရပ် ဖန်တီးပေးသည်နှင့် တူနေ၏။

ချူးလုစန်းတို့သုံးယောက်သည် ထိတ်ထိတ်ကြဲသိုင်းသမား



များပီပီ အခွင့်ကောင်းကို လက်လွှတ်မခံဘဲ လျှပ်တစ်ပြက် လှုပ်ရှားလိုက်၏။

ကြူးယွင်က စတင်လှုပ်ရှားလိုက်သည်။ ရှောင်ဗွားနှင့် ချူးလုစန်းတို့ကလည်း လက်မနှေးပါ။

တစ်ချိန်တည်းလိုလိုပင် ရန်သူအား လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်လိုက်၏။

ဓားရောင်များက နေရောင်တွင် လျှပ်ပြက်သကဲ့သို့ ဖွေးလက်သွားသည်။

'ဗိုး ဗိုး'

လေတိုးသံများ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် ...

"အား"

"အွန့်"

"အောင်မယ်လေး"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေတော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရှုးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။ မကြာမီ စွန်ဆယ့်နှစ်ဖော်အနက် ရှစ်ဦးမှာ သွေးခြင်းခြင်းနီရဲလျက် မြေပေါ် ပြိုလဲကျသွားသည်။

"ဟင်း" ... "ဟာ"

ကျန်လေးယောက် အထိတ်တလန့် ရေရွတ်လိုက်ကြ၏။ အခြေအနေ မဟန်မှန်းလည်း သဘောပေါက်သွားကြ၏။ ချက်ချင်းပင် သုတ်ခြေတင်ကာ ထွက်ပြေးသွားကြတော့သည်။

တိုက်ပွဲမှာ တိုတောင်းသောအချိန်အတွင်းမှာပင် ပြီးဆုံးသွားလေသည်။

"စွန်ဆယ့်နှစ်ဖော်ဟာ နာမည်ကြီးပေမယ့် လက်တွေ့မှာ ဘာမှ မဟုတ်ပါလား"

ရှောင်ဗှားက သူမ၏ ဝသီအတိုင်း မှတ်ချက်ချ၏။

"ဟုတ်တယ် ... သူတို့ရဲ့ စုပေါင်းတိုက်ကွက်ကို ဘယ်သူမှ မခံနိုင်ဘူးလို့ ကြားဖူးတယ်"

ချူးလုစန်း၏စကားကြောင့် ရှောင်ရှားမျက်မှောင် ကြုတ်လိုက်လေသည်။

"ဒါဆိုရင်တော့ ဒီနေ့အဖို့ ထူးဆန်းတာပဲ၊ သူတို့ အလကား အသေခံတာလား မသိဘူး"

ချူးလုစန်း ခေါင်းခါလိုက်သည်။



"ကျုပ်တို့ ဝက်ပါလျှပ်စီးသိုင်းကွက်ကလည်း အစွမ်းထက်ပါတယ်လေ၊ သူတို့ ကောင်းကောင်းသင်ခန်းစာ ရသွားလောက်ပါပြီ"

ချူးလုစန်းက ခပ်ပေါ့ပေါ့ ဝေဖန်ရင်း ကြူးယွင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ကြူးယွင်သည် တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားနေဟန်တူတယ်၊

"ညီမ ဘာတွေများ ဒီလောက်တောင် စဉ်းစားနေတာလဲ"

ချူးလုဆန်းက ‌မေးလိုက်သည်။ ကြူးယွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်ဘူး"

ချူးလုစန်း မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

ကြူးယွင် သက်ပြင်းချလိုက်သည်။

"တခြား အန္တရာယ်တွေ ရောက်လာနိုင်တယ်၊ မြို့ထဲ အမြန်သွားကြစို့"

သူမက ခပ်လောလောကလေး ပြောလာသည်။ သို့ဖြင့် သုံးဦးစလုံး မြင်းပေါ်သို့ ပြန်တက်ပြီး စုကြူးမြို့သို့ ဦးတည်လိုက်ကြလေတော့သည်။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com



## ဖုက်ဖဲအဖြေ

စုကြူးမြို့ ...

စုကြူးမြို့သည် စည်ကားသိုက်မြိုက်သော မြို့ကြီးတစ်မြို့ ဖြစ်သည်။

ချူးလုစန်းတို့သည် မြို့ထဲရောက်သည်နှင့် စားသောက် ဆိုင်တစ်ခုတွင် နေ့လယ်စာ ဝင်စားကြ၏။

သို့သော် သူတို့သည် ခပ်သွက်သွက်ပင် စားသောက်ခဲ့ပြီး ခရီးဆက်လက်နှင်ခဲ့ရာ နေဝင်ရီတရောအချိန်ရောက်မှ လီကျ အမည်ရှိ တောရွာတစ်ရွာသို့ ရောက်ရှိလာကြသည်။

ယခုမှ ကြူးယွင်၏ရင်ထဲ ပေါ့ပါးသွားဟန်တူသည်။ စကား စတင်ပြောတော့သည်။

"ဖေဖေ ဘာကြောင့် အလောတကြီး ခရီးထွက်သွားတာ ဆိုတာ ကျွန်မ အခုမှပဲ သဘောပေါက်မိတော့တယ်"

"ဟင် ... ဟုတ်လား။ ဘယ်လိုထူးခြားလို့လဲ ... ပြောစမ်း ပါဦး"



ချူးလုစန်းက သိချင်စောဖြင့် မေးလိုက်သည်။

ကြူးယွင်က ...

"ကျွန်မတို့တွေရဲ့ ဝုက်ပါလျှပ်စီးသိုင်းပညာဟာ ထိပ်ဆုံး အဆင့်ရောက်နေပေမယ့် အံ့တုနိုင်တဲ့သိုင်းပညာတစ်မျိုး ရှိသေးတယ် ရှင့်"

ချူးလုစန်း အံ့ဩသွားသည်။

"ဟုတ်လား ... ဘယ်လိုသိုင်းပညာမျိုးလဲ"

ကြူးယွင်က ...

"နေလ သိုင်းပညာပဲ"

"အဲဒီလို သိုင်းပညာ ပျောက်ကွယ်သွားတာ နှစ်ပေါင်း အတော်ကြာပြီ မဟုတ်လား"

ချူးလုစန်းက သူကြားဖူးသည်ကို ပြောလိုက်၏။ ကြူးယွင် ခေါင်းညိတ်ကာ ...

"ဟုတ်တယ်၊ အခု အဲဒီပညာနဲ့ ပတ်သက်တဲ့မှတ်စု အချက် အလက်တွေ ပေါ်လာတယ်လို့ သတင်းထွက်လာတယ်"

ချူးလုစန်း သက်ပြင်းချလိုက်သည်။

"အင်း ... ဒါဆို မှတ်စုကိုရတဲ့လူဟာ နောင်ဆိုရင် သိုင်း လောကတစ်ခုလုံးကို စိုးမိုးခြယ်လှယ်နိုင်တဲ့လူ ဖြစ်လာမှာပဲ"

ကြူးယွင်က ...

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်လည်း စိုးရိမ်စရာ မလိုပါဘူး၊ ဒီပညာဟာ လွယ်လွယ်နဲ့ တတ်မြောက်ဖို့ လွယ်ကူတာမှ မဟုတ်ဘဲ"

"ဘာဖြစ်လို့လဲ ညီမ"

ချူးလုစန်းက နားမရှင်းဟန်ဖြင့် မေးလိုက်သည်။

"အဲဒီမှတ်စုဟာ လျှို့ဝှက်တယ်၊ နောက်ပြီး ရှေ့ပေစာပေါ်မှာ ရေးမှတ်ထားတယ်လို့ ပြောသံကြားတယ်"

ချူးလုစန်း ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

"တစ်ယောက်ယောက်က အဲဒီ ရှေ့ပေစာကို ရသွားတယ်လို့ ကြားမိလား"

"ဟုတ်တယ်၊ အဲဒီသတင်းဟာ သိုင်းလောကမှာ အတော်လေး ပျံ့နှံ့နေတယ်"

"ဒါဖြင့် အဲဒီလူက ဘယ်သူလဲ"

ချူးလုစန်း အလောတကြီး မေးလိုက်သည်။ ကြူးယွင်က သူ့အား စိုက်ကြည့်ကာ ...

"အစ်ကို တကယ်မသိဘူးလား"

ချူးလုစန်းက ...

"တကယ်မသိလို့ မေးတာပေါ့"

"အဲဒီလူဟာ တခြားမဟုတ်ပါဘူး၊ အစ်ကိုရဲ့ဆရာ ဝမ်းတိပါပဲ"



"ဟင်"

ချူးလုစန်း ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။ မိမိနားကိုပင် မယုံနိုင်အောင်ဖြစ်သွားသည်။ ကြူးယွင်အား မျက်လုံးပြူးကြည့်ကာ ...

"ညီ ... ညီမ တကယ်ပြောနေတာလား"

ဟု မေးလိုက်သည်။

ကြူးယွင် ခေါင်းညိတ်လိုက်သည်။

"ဂျွန်မက ဘာကြောင့် လိမ်ပြောရမှာလဲ"

ချူးကုစန်း သက်ပြင်းချလိုက်သည်။

"ညီမ လိမ်မပြောဘူးဆိုတာ သိပါတယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ... ဘာဖြစ်သလဲ၊ အစ်ကို သိပ်အံ့သြသွားတယ် မဟုတ်လား"

"အမှန်ပဲ ညီမ"

"နောက်ထပ် တစ်ခုကြားရင် အစ်ကို ပိုပြီး အံ့သြသွားဦးမယ်"

"ဘာများလဲ ... ပြောစမ်းပါဦး"

ကြူးယွင် လှပစွာပြုံးလိုက်သည်။

"ရှင် တာဝန်ယူပို့ဆောင်တဲ့ ငွေပေါ်းသိန်းဆိုတာက တကယ့်ငွေတုံးတွေမှ မဟုတ်ဘဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"သေတ္တာထဲမှာ ငါးသိန်းတန်တာဆိုလို့ ဘာပစ္စည်းမှ ပါတာမဟုတ်ဘူးရှင့်"

ကြူးယွင်က အေးဆေးတည်ငြိမ်စွာ ပြောလိုက်သော်လည်း ကြားလိုက်ရသည့် ချူးလုစန်းမှာ ဦးနှောက်များ ချာချာလည်သွားလေသည်။

သူ၏စိတ်များ တုန်လှုပ်ချောက်ချားနေ၏။ ကြူးယွင် သက်ပြင်းချလိုက်သည်။

"တကယ်တော့ လူတွေဟာ လောဘသားတွေပါပဲ၊ ငွေသာရမယ်ဆိုရင် သစ္စာစောင့်သိဖို့လည်း မသိတော့ဘူး၊ တစ်ကိုယ်ကောင်းဆန်ဖို့လည်း စန်မလေးတော့ဘူး"

ချူးလုစန်းက ကြူးယွင်အား စိုက်ကြည့်ကာ ...

"ကျုပ်ဆရာက ကျုပ်ကို တမင်သက်သက် ချောက်တွန်းတာလို့ ညီမကို ဆိုလိုတာလား"

ကြူးယွင် မျက်နှာတည်သွားသည်။

"ကျွန်မ ဒီလို မပြောပါဘူး၊ ဖြစ်နိုင်တဲ့သဘောကို ပြောတာပါ။ ဒါပေမဲ့ ... ဒီကိစ္စမှာ ကျွန်မပြောသလို ဖြစ်ခဲ့တာတော့ အမှန်ပဲ၊ အစ်ကိုမယုံတာတော့ မတတ်နိုင်ဘူး"

သူမက ခပ်ရှင်းရှင်းပင် ပြောနေ၏။ ချူးလုစန်းက ...



"နည်းနည်းလောက် ထပ်မရှင်းပြနိုင်ဘူးလား"

သူက စိတ်မကောင်းခြင်းများစွာဖြင့် ပြန်ပြောလိုက်၏။ ကြူးယွင်က စဉ်းစဉ်းစားစားဖြင့် ...

"မသင်္ကာစရာ အချက်နှစ်ချက်ရှိပါတယ်"

"အင်း ... ပြောပါဦး"

"ပထမအချက်က ရောဂါစွဲကပ်နေတဲ့ အဘိုးကြီးတစ်ယောက်က သူ့ပစ္စည်းကို ပို့ပေးဖို့ စိန်ရွှေအာမခံဌာနကို ရောက်လာတယ်၊ ဝမ်းတီကိုယ်တိုင်ပဲ လက်ခံခဲ့တယ်"

ချူးလုစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အဲဒီအဘိုးအိုကို အစ်ကိုတွေ့လိုက်ပါတယ်၊ ဆရာဝမ်းတီကိုယ်တိုင် ထွက်တွေ့တာကိုလည်း မြင်သားပဲ၊ ဒါနဲ့ အဲဒီအဘိုးအို ပို့နိုင်းတာ ရွှေပေစာများလား"

ချူးလုစန်းက ပြောရင်းမှ သဘောပေါက်သွားသလို မေးလိုက်ခြင်းဖြစ်၏။

"ဟုတ်တယ်၊ သိပ်မှန်တာပေါ့"

"နောက်တစ်ချက်ကကော"

ကြူးယွင်က လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

"နောက်တစ်ချက်ကတော့ အစ်ကိုပို့လိုက်တဲ့ပစ္စည်းတွေ ပျောက်သွားပြီး အကျဉ်းထောင်သုံးနှစ်အကျခံလိုက်ရတာ ထူးဆန်း

www.burmeseclassic.com

www.burmeseclassic.com



မနေဘူးလား”

ချူးလုစန်း ငိုင်ကျသွား၏။

ပြီးနောက် အဓိပ္ပာယ်ကင်းမဲ့စွာ ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေမိတော့သည်။ အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ ချူးလုစန်းက …

“လူ့စိတ်ဆိုတာ ခက်တယ်၊ ဘာပဲဖြစ်ဖြစ်လေ နိုင်လုံတဲ့ သက်သေအထောက်အထား တွေ့မှပဲ စိတ်တုံးတုံးချပြီး ယုံရတော့မယ် ထင်တယ်”

ကြူးယွင် ပြုံးလိုက်သည်။

“တစ်နေ့ အဲဒီအထောက်အထားကို တွေ့မှာပါ၊ ဒါပေမဲ့ ဘယ်အချိန်ထိ စောင့်ရမယ်ဆိုတာတော့ ညီမလည်း အတပ်မပြောနိုင်ဘူး”

ချူးလုစန်းက အားတင်း၍ အံကို တင်းတင်းကြိတ်ထားသည်။

“သိပ်တော့ကြာမယ်မထင်ပါဘူး၊ အကယ်၍ ဆရာဝမ်းတိသာ ရွှေပေစာကို ရသွားရိုးမှန်ခဲ့ရင် နေလသိုင်းပညာကို အရ လေ့ကျင့်မှာ အမှန်ပဲ၊ အဲဒီအခါကျရင် သူဟာ သိုင်းလောကထဲ ပြန်ဝင်လာမှာပဲ မဟုတ်လား”

ကြူးယွင် မဲ့ပြုံးပြုံးလိုက်သည်။



“ပညာကို လေ့ကျင့်လို့ရခဲ့ရင်တော့ ဟုတ်တာပေါ့၊ ဒါပေမဲ့ ဆယ်နှစ်ဆယ်မိုး လေ့ကျင့်တာတောင် မအောင်မြင်ဘူးဆိုရင်ကော”

ချူးလုစန်းက ကြူးယွင်၏ ထင်မြင်ချက်ကို သဘောမတွေ့ဟန်ဖြင့် ခေါင်းခါယမ်းလိုက်သည်။

“ဆရာဝမ်းတိကို အထင်သေးလို့ မရဘူး၊ သူ့လို ဝါရင့်သိုင်းပညာရှင်တစ်ယောက်က ရွှေပေစာမှာ ရေးထားတဲ့ သိုင်းပညာကို မဖော်ထုတ်နိုင်ဘူး ထင်နေလို့လား”

ချူးလုစန်းသည် သူ၏ ဆရာ့အပေါ် ယုံကြည်မှုများအပြည့်ရှိနေသည့်အားလျော်စွာ … ယခုတိုင် အထင်ကြီးလျက်ရှိနေသေးသည်။

ကြူးယွင် မျက်နှာပျက်သွားသော်လည်း ချက်ချင်းပင် ပြန်၍ ဣန္ဒြေဆည်လိုက်သည်။

“မဖော်ထုတ်နိုင်ဘူးလို့ ပြောတာမဟုတ်ပါဘူး၊ ရွှေပေစာပေါ်မှာ ရေးထားတဲ့ စာတွေက ဖတ်နိုင်တယ်ပဲထားဦး၊ စာလုံးတွေကို ကြည့်လို့ မြင်မှာမှ မဟုတ်ဘဲ”

ချူးလုစန်း မျက်မှောင်ကြုတ်လိုက်သည်။

“ဘယ်လိုဖြစ်တာလဲ၊ ရွှေပေစာကလည်း အံ့သြစရာတွေ အများကြီးပါလား”

ကြူးယွင် ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... အတော်ထူးဆန်းတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရွှေပေစာပေါ်က စာကို ရိုးရိုးမျက်စိနဲ့ မြင်အောင် ရေးထားတာမှ မဟုတ်ဘဲ၊ နှင်းကြာပန်းနဲ့ ကျောက်သွေးရည်ပက်ဖျန်းမှ စာလုံးတွေ ထင်ထင်ရှားရှား ပေါ်လာမယ်လို့ ပြောသံကြားတာပဲ"

"နှင်းကြာပန်းနဲ့ ကျောက်သွေးရည် ဟုတ်လား၊ အဲဒါ ဘာလဲ စကားဝှက်တစ်ခုပဲလား"

ချူးလုစန်း တအံ့တသြဖြင့် ပြန်မေးလိုက်သည်။ ကြူးယွင်က တစ်ချက်ရယ်မောလိုက်သည်။

"ဒီပစ္စည်းနှစ်မျိုးရဲ့ အနက်အဓိပ္ပာယ်ကို သိနေရင် နေ့လသိုင်းပညာဟာလည်း အစောကြီးကတည်းက သိုင်းလောကမှာ ပြန်ပေါ်လာတာ ကြာပြီပေါ့ရှင်"

ချူးလုစန်း မျက်မှောင်ကြုတ်ကာ ...

"ဒါနဲ့ ... ညီမ ဒီအကြောင်းတွေကို ဘယ်လိုလုပ်သိလဲ"

ကြူးယွင်က ...

"ဖေဖေ ပြောပြလို့ သိတာပေါ့၊ ဖေဖေဟာ သိုင်းလောကရဲ့ သတင်းတွေကို နှံ့နှံ့စပ်စပ် ရှာဖွေတတ်တယ်လေ"

"ဒါဖြင့် ... ကျုပ်ကို ရန်ရှာတာ ရွှေပေစာကြောင့်လား၊ ဒါဆိုရင် ဆရာဝမ်းတိကို သွားပြီး ရန်ရှာကြပေါ့"

ကြူးယွင် ပြုံးလိုက်သည်။



"အစ်ကို ပစ္စည်းပို့ဖို့ ခရီးထွက်ကတည်းက ဝမ်းတိတို့ သားအဖ ချက်ချင်း ကိုယ်ယောင်ဖျောက်သွားတယ်ရှင့်၊ ပြီးတော့ ... ပစ္စည်းရှင်အဘိုးကြီးလည်း တစ်ခါတည်း ပျောက်ခြင်းမလှ ပျောက်သွားတယ်၊ သူတို့ကိုရှာဖို့ဆိုတာ အင်မတန်ခက်တယ်"

"ဆရာနေတဲ့နေရာကို ငွေကိုင်က သိမှာပဲ"

"အိမ်ကိုရောင်းပြီး ရတဲ့ငွေတွေ ငယ်သားတွေကို ခွဲဝေပေးဖို့ ငွေကိုင်ကို ရှင့်ဆရာက ကြိုတင်မှာသွားမယ်ဆိုလည်း ဖြစ်နိုင်တာပဲ"

ချူးလုစန်း သက်ပြင်းချလိုက်သည်။

"ညီမ့ပြောတာ ဖြစ်နိုင်ပါတယ်၊ ဒါဆိုရင် ဘယ်လိုလုပ်ရင်ကောင်းမလဲ၊ အကြံဉာဏ်လေးပေးပါဦး"

ကြူးယွင် တစ်ချက်ပြုံးကာ ...

"အခု ကျွန်မကို သိုင်းလောကထဲ ဝင်လာကြပြီး မဟုတ်လား၊ ခရီးဆက်ရင်း သတင်းစုံစမ်းကြတာပေါ့"

"ကျုပ်ဆရာက ဘာကြောင့် ဒီသဘောမျိုး ကြံဆောင်ချင်သလဲဆိုတာ စဉ်းစားလို့ မရဘူး"

"ရှင့်ဆရာက လူ့တွေကို လှည့်စားချင်လို့ ရှင့်ကို ခုတုံးလုပ်တာ နေမှာပေါ့၊ အခု ... ရှင်ဟာ ပစ်မှတ်တစ်ခု ဖြစ်နေပြီလေ"

ကြူးယွင်၏ စကားအရဆိုလျှင် မိမိမှာ တည်ကြက်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



အသုံးချခံခြင်းပင် ဖြစ်သည်။

မိမိအား ထိုကဲ့သို့ အသုံးချသွားသူမှာလည်း မိမိ၏ဆရာရင်း ဝမ်းတီကိုယ်တိုင်ဖြစ်နေသည်။

ချူးလုစန်း သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်မိလေတော့သည်။

✲ ✲ ✲



ထူးခြားသောနေရာ

ချူးလုစန်းတို့ ခရီးထွက်ရင်း နန်ပုန်းမြို့တွင် တစ်ညတာ အနားယူလိုက်ကြသည်။ ညစာစားသောက်ပြီး အခန်းထဲတွင် စကားဝိုင်းဖွဲ့နေကြသည်။

ထိုစဉ်မှာပင် ဝါးတံတစ်ချောင်းသည် ပြတင်းပေါက်မှ ဖြတ်ဝင်လာသည်။

ထိုဝါးတံထဲမှ အခိုးအငွေ့တစ်မျိုး ထွက်နေသည်။

"မြန်မြန်ရှောင်၊ အဆိပ်ငွေ့ထင်တယ်"

အငွေ့တလူလူ ထွက်နေသည့် ဝါးတံကို ရှေးဦးစွာ မြင်တွေ့လိုက်သော ရှောင်ဗွားက အလန့်တကြားဖြင့် အော်ဟစ်သတိပေးလိုက်သည်။

ချူးလုစန်းသည် ဝါးတံပစ်သူအား ဖမ်းဆီးရန် ပြတင်းပေါက်မှ ကျော်လွှားခုန်ဆင်းသွားလေတော့သည်။

ချူးလုစန်းသည် အပြင်ရောက်သည်နှင့် လူရိပ်တစ်ခု ထွက်ပြေးသွားသည်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မပြေးနဲ့"

အော်ငေါက်ကာ တစ်ဟုန်ထိုး ပြေးလိုက်သွားလေသည်။ မကြာမီ ပြေးသူနှင့်လိုက်သူမှာ မြို့ပြင်သို့ ရောက်ရှိသွားကြသည်။

တစ်နေရာသို့ရောက်သောအခါ ရှေ့မှပြေးနေသူသည် ရုတ်တရက် ရပ်တန့်လိုက်သည်။ ချူးလုစန်းက ထိုလူအနီးသို့ ချဉ်းကပ်ရင်း ...

"ခင်ဗျား ဘယ်သူလဲ"

ဟု မေးလိုက်သည်။ ထိုလူက ချူးလုစန်းအား လှည့်ကြည့်ရင်း ...

"ကျုပ်က မင်းကို ဒုက္ခပေးချင်လို့ မဟုတ်ဘူး၊ တမင် ခေါ်ထုတ်လာတာပါ"

"ဟင်"

ချူးလုစန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဘယ်လို ... ကျုပ်ကိုခေါ်ထုတ်လာတာ ... ဟုတ်လား"

ထိုလူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ချူးလုစန်း ... မင်း ဒုက္ခရောက်မှာစိုးလို့ ငါ တမင် ပထုတ်လာတာ"

ချူးလုစန်း မျက်လုံးပြူးသွား၏။

"ခင်ဗျား ဘယ်သူလဲ၊ ကျုပ်ကို သိနေတယ် ဟုတ်လား"



ထိုလူက သက်ပြင်းတစ်ချက်ချကာ ...

"သိလို့ သတိပေးနေတာပေါ့၊ ငါ့နာမည် အကြီးတော် ဂူဟွား လို့ ခေါ်တယ်"

"အကြီးတော် ဂူဟွား"

"ဟုတ်တယ်၊ မင်းကို လာကြိုတာ ဆိုပါတော့၊ ကဲ ... ဒီနေရာက စကားပြောလို့ သိပ်မကောင်းဘူး၊ ငါ့ကို ယုံကြည်တယ်ဆိုရင် တစ်နေရာရာကိုသွားပြီး စကားပြောကြတာပေါ့"

ချူးလုစန်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ"

သူက သဘောတူသည်နှင့် ဂူဟွားသည် မြစ်ဆိပ်ဘက် ခေါ်ဆောင်လာသည်။ ကမ်းစပ်တွင် လှေငယ်တစ်စင်း ဆိုက်ကပ်ထားသည်။

ဂူဟွားသည် ချူးလုစန်းအား ခေါ်ဆောင်ကာ လှေငယ်အား လှော်ခတ်လိုက်တော့သည်။

လှေငယ်သည် ကျူပင်၊ ဆူးပင်များ ပေါက်ရောက်နေသည့် ကြားထဲမှ လှေကလေးကို ခဲရာခဲဆစ် လှော်ခတ်ဖြတ်သန်းလာသည်။

ထို့ကြောင့် လှေမှာ ခရီးသိပ်မတွင်လှဘဲ ရှိနေ၏။ အတန်ကြာတော့မှ မြစ်ကမ်းစပ်တစ်နေရာသို့ ရောက်ရှိလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချူးလုစန်း သက်ပြင်းချလိုက်သည်။

"တယ်လျှို့ဝှက်တဲ့ နေရာပါလား"

ဝူဟွားက ...

"ဒီလိုနေရာမျိုး ရှိလို့ပေါ့၊ မဟုတ်ရင် သိုင်းပညာရှင်တွေ အားလုံး မျိုးပြုတ်ကုန်မှာ အမှန်ပဲကွ"

ချူးလုစန်း မျက်မှောင်ကုတ်လိုက်သည်။

"ခင်ဗျားပြောတာ ကျုပ် နားမရှင်းဘူး"

ဝူဟွားက ယဲ့ယဲ့ပြုံးလိုက်၏။

"မကြာခင် မင်း ဒီအကြောင်းတွေ သိလာရမှာပါ"

ချူးလုစန်းသည် တစ်စုံတစ်ရာဆက်မပြောတော့ဘဲ ဝူဟွား ခေါ်ရာသို့ တိတ်ဆိတ်စွာ လိုက်ပါလာ၏။

သစ်ပင်ချုံနွယ်များအား ဖြတ်ပြီး အတန်ကြာ လျှောက်လာသောအခါ အိမ်အချို့ကို လှမ်းမြင်လိုက်ရလေသည်။

ထိုအိမ်များမှာ သစ်ပင်ပင်စည်နှင့် ကျောက်တုံးများဖြင့် တည်ဆောက်ထားခြင်းဖြစ်၏။

အမြင်မလှသော်လည်း ခိုင်ခံ့ပြီး မိုးလုံ လေလုံဖြစ်၏။ ကွင်းပြင်တစ်နေရာသို့ရောက်သောအခါ ချူးလုံစန်းသည် လူတစ်ယောက်အား တွေ့လိုက်ရသည်။

ထိုအခါ ...



"ဟာ"

ချူးလုစန်း ပါးစပ်အဟောင်းသားဖြစ်ကာ ခြေလှမ်းတုံ့ခနဲ ရပ်သွားလေတော့သည်။

✹

ချူးလုစန်း၏ရှေ့တွင် လူတစ်ယောက် ရပ်နေသည်။ ထိုလူသည် စွန်ဆယ့်နှစ်ဖော်ထဲမှ မိမိ သုတ်သင်ရှင်းလင်းခဲ့သူပင် ဖြစ်သည်။

အလွန့်ထူးဆန်းသောအဖြစ်ကြောင့် ချူးလုစန်းမှာ အံ့အားသင့်နေပေတော့သည်။ အတန်ကြာမှ သူက သက်ပြင်းတစ်ချက်ချကာ စကားစလိုက်သည်။

"သူက ဘယ်သူလဲ"

ဝူဟွားက ...

"သူ့နာမည် မုရှိုလို့ခေါ်တယ်၊ စွန် ဆယ့်နှစ်ဖော်ထဲမှာဆိုရင် အမှတ်ခုနစ်ပေါ့"

သူ၏စကားကြောင့် ချူးလုစန်း မျက်လုံးပြူးကျယ်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"သိုင်းလောကမှာ စွန်ဆယ့်နှစ်ဖော်ဆိုတဲ့အဖွဲ့ ဘယ်နှ[...] ရှိနေလို့လဲဗျ"

"တစ်ဖွဲ့တည်းပါ၊ ဘာဖြစ်လို့လဲ"

"မကြာခင်ကမှ သူ့ကို ကျုပ်က ရှင်းပစ်ခဲ့သေးတယ်"

"ဒါဆို သူ မသေလို့နေမှာပေါ့"

ချူးလုစန်း ခံပြင်းသွားသည်။ မုရှီအား စိုက်ကြည့်ကာ ...

"လက်စသတ်တော့ မကြေပွဲ နွဲချင်လို့ ကျုပ်ကို မျှားခေ[...] လာတာကိုး၊ ကောင်းပြီ ယှဉ်ကြည့်ကြသေးတာပေါ့"

စကားဆုံးလျှင် ဓားရှည်ဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်[...] သူက ဝက်ပါလျှပ်စီးသိုင်းအား အသုံးပြုလိုက်ခြင်းဖြစ်ပေသည်။

သို့သော် ...

သူ၏ဓားချက်သည် မုရှီ၏အင်္ကျီစကိုပင် ထိအောင် မစွမ်[...] ဆောင်နိုင်ဘဲ ရှိနေသည်။ ချူးလုစန်း အတော်ပင် အံ့သြသွားသည်[...] သူက မကျေနပ်ဘဲ ထပ်မံတိုက်ခိုက်ပြန်သည်။

မုရှီသည် အလွယ်တကူပင် ရှောင် တိမ်းသွားနိုင်ခဲ့ပြန်၏[...]

ချူးလုစန်းသည် ထိတ်လန့်အံ့သြကာ တိုက်ခိုက်ခြင်းက[...] ရပ်တန့်လိုက်လေတော့သည်။

✲



ချူးလုစန်းသည် ဓားကို ပြန်ရုပ်သိမ်းကာ မုရှီကို မယုံကြည် နိုင်သော မျက်လုံးဖြင့် စူးစိုက်ကြည့်လိုက်သည်။

မုရှီကလည်း သူ့ကို ရန်မမူပါ။ သူ၏လက်နက်ကို ပြန်လည် သိမ်းဆည်းလိုက်၏။

ခပ်လှမ်းလှမ်းတွင် ရှိနေသော ဝူဟွား၏မျက်နှာပေါ်တွင် အပြုံးရိပ်တစ်ခု ထွက်ပေါ်လာသည်။ လေးနက်တည်ကြည်သော အပြုံးတစ်ခုပင် ဖြစ်သည်။

"ဘယ့်နှယ်လဲ ချူးလုစန်း ... သူ့ကို အသေမသတ်နိုင်ပါဘူး လို့ ကျုပ်ပြောသားပဲ မဟုတ်လား၊ အခုတော့ ယုံပြီလား"

ချူးလုစန်းက အောင့်သက်သက်ဖြင့် ခေါင်းညိတ်လိုက် သည်။

"ယုံပါတယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ"

ချူးလုစန်းက စိတ်လှုပ်ရှားသောလေသံဖြင့် ...

"ကျုပ် ဘယ်လိုမှ မစဉ်းစားတတ်အောင် ဖြစ်နေတယ်၊ သူက သေပြီးသားလူပဲ မဟုတ်လား"

ဟု ရေရွတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား"

ဝူပွား သဘောကျစွာ ရယ်လိုက်၏။

ပြီးမှ ရပ်တန့်လိုက်ကာ ...

"အခုဟာက စကားတစ်ခွန်းနှစ်ခွန်း ပြောရုံနဲ့ ရှင်းသွားမယ့်ကိစ္စမှ မဟုတ်ဘဲ၊ ပြီးတော့ အကျိုးရှိမယ့်ကိစ္စဆိုတော့ အချိန်ကုန်ရကျိုး နပ်ပါလိမ့်မယ်၊ တို့တွေ တစ်ခုခုစားပြီးမှ အေးအေးဆေးဆေး စကားပြောကြရင် မကောင်းဘူးလား"

ဝူပွားက ပြောဆိုဆက်ဆံပုံမှာ သိမ်သိမ်မွေ့မွေ့ ဖြစ်နေပေသည်။ စွန်ဆယ့်နှစ်ဖော်ထဲမှ မုရှီ၏ဟန်မူရာက အေးတိအေးစက်ဖြစ်နေသည်။ သို့သော် ရန်လိုသောလက္ခဏာမျိုး လုံးဝမတွေ့ရချေ။ ထို့ကြောင့် ...

"ကောင်းပြီလေ"

ဝူပွား၏အကြံကို လက်ခံလိုက်သည်။ မကြာပါချေ။ သူတို့သည် အိမ်ကြီးတစ်အိမ်သို့ ရောက်ရှိသွားကြလေသည်။ ထိုအိမ်သည် အတော်ပင် ကျယ်ဝန်း၏။

ခန်းမထဲတွင် လူအချို့ အနားယူနေကြသည်။ သူတို့သည် စစ်တုရင်ကစားသူကစား၊ စာဖတ်သူက စာဖတ်နေသည်။

မည်သူကမျှ ညှို့သည်ဖြစ်သော ချူးလုစန်းကို သတိမပြုမိသလို ရှိနေကြသည်။



ချူးလုစန်းသည် ဝူပွားနောက်သို့သာ ထက်ကြပ်မကွာလိုက်သွား၏။

မကြာမီ အတွင်းဘက်ခပ်ကျကျ အခန်းတစ်ခုသို့ ရောက်ရှိသွားကြသည်။

ထိုအခန်းထဲတွင် အသက်ငါးဆယ်ကျော်ခန့်ရှိသော အဘိုးအိုတစ်ယောက် ရှိနေသည်။ ထိုအဘိုးအိုက အပြုံးဖြင့် ဆီးကြို နှုတ်ဆက်လိုက်၏။

"မင်း ရောက်လာပြီကိုး"

အဘိုးအိုက လွှတ်ခနဲ ဆီးကြိုပြောလိုက်ခြင်းဖြစ်၏။

"ကျွန်တော်တို့ ဆာနေပြီ၊ တစ်ခုခု စီစဉ်ပေးပါလား ဘဘ"

ဝူပွားက ခရီးရောက်မဆိုက် ပြောလိုက်၏။ အဘိုးအိုခေါင်းကို အသာညိတ်ပြလိုက်သည်။

ထို့နောက် တစ်စုံတစ်ရာမှ မပြောတော့ဘဲ အပြင်သို့ ရှာခနဲ လှည့်ထွက်သွားလေသည်။

"ထိုင်ပါ ချူးလုစန်း"

ဝူပွားက နေရာထိုင်ခင်း စီစဉ်ပေးသည်။ ချူးလုစန်းက ထိုင်ခုံတစ်ခု၌ ဝင်ထိုင်လိုက်၏။

မကြာခင်မှာပင် စောစောက အဘိုးအိုသည် စားသောက်ဖွယ်ရာများနှင့်အတူ အခန်းထဲသို့ ပြန်ဝင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် စားသောက်ဖွယ်ရာများအား စားပွဲပေါ်ပြင်ဆင်ပေးပြီးသည်နှင့် ချက်ချင်း ပြန်ထွက်သွားလေသည်။

"ကဲ ချူးလုစန်း ... စားရင်းသောက်ရင်း စကားပြောကြတာပေါ့"

ဝူပွား‌က ဖော်ဖော်ရွေရွေပင် ပြော၏။

ချူးလုစန်းသည် အမှန်ပင် ပင်ပန်းနွမ်းနယ်နေသဖြင့် အားမနာနိုင်တော့ဘဲ အရက်ခွက်ကို အရင်ဆုံး ကောက်ကိုင်ပြီး တစ်ကျိုက်တည်း ကုန်စင်အောင် မော့ချလိုက်၏။

ဝူပွားကလည်း အလိုက်သိစွာပင် ချူးလုစန်းအတွက် အရက်များ ထပ်မံဖြည့်ပေး၏။

ထို့နောက် ...

"ကဲ မိတ်ဆွေကြီး ချူးလုစန်း ... ဘာမေးစရာရှိလဲ၊ မရှင်းတာအားလုံး မေးနိုင်တယ်"

ဝူပွားက ပြောလာသည်။

ချူးလုစန်း ပစုံးတွန့်လိုက်သည်။

"ကျုပ် ... ဘယ်က စပြောရမှန်းတောင် မသိတော့ဘူး"

ဝူပွား ပြုံးလိုက်သည်။

"ဘယ်က ပြောပြောရပါတယ်"

ချူးလုစန်း ဆတ်ခနဲ ခေါင်းညိတ်လိုက်သည်။



"ကျုပ်ဟာ လွန်ခဲ့တဲ့ သုံးနှစ်တုန်းက ပဋ္ဌည်းပျောက်ဆုံးသွားတဲ့ အချိန်ကစပြီး ကြောက်စရာကောင်းတဲ့ အိပ်မက်ဆိုးတစ်ခုထဲ ရောက်နေသလိုပဲ၊ တွေ့ကြုံရသမျှ မယုံနိုင်အောင် အထူးအဆန်းတွေချည်းပဲ"

"အင်း အင်း"

"ရောက်တဲ့နေရာတိုင်းမှာလဲ ကျုပ်အတွက် ထောင်ချောက်တွေချည်း ဖြစ်နေတယ်၊ နေရာတကာမှာ အန္တရာယ်က ကြိုဆိုနေတယ်၊ အဲဒါကြောင့် ကျုပ်အနေနဲ့ ဘယ်လိုပြောရမှန်း မသိဖြစ်နေတာပါ"

ချူးလုစန်းက စကားပြောရသည်ကိုပင် စိတ်မရှည်ဟန်ဖြင့် နှဲခါန်းပျိုးလိုက်ခြင်း ဖြစ်သည်။

ဝူပွားက ...

"ဒီလိုဆိုရင် မိတ်ဆွေဟာ ဘယ်သူ့ကိုမှ အယုံအကြည် မရှိဘူး ဆိုပါတော့၊ ယုံကြည်မှုမရှိတဲ့လူဟာ အင်မတန် ဝမ်းနည်းစရာကောင်းပါတယ်"

ချူးလုစန်းက ဘာမှ ပြန်မပြောဘဲ အရက်ခွက်ကို ကောက်ယူကာ မော့ချလိုက်သည်။

ထို့နောက် ထိုင်ရာမှ ထရန် ဟန်ပြင်လိုက်သည်။ ဝူပွားက အလျင်စလို တားဆီးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး မိတ်ဆွေ ... ကျုပ်ပြောစရာ နည်းနည်းကျန်သေးတယ်၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့"

"ပြောပါ"

ချူးလုစန်းက ပြန်ထိုင်ရင်း ခပ်ပြတ်ပြတ် ပြောလိုက်သည်။

"လူဆိုတာ ဆင်ခြင်ဉာဏ်ရှိရမယ်၊ ဖွဲ့သတ္တိရှိရမယ်၊ အစက်အခဲတွေ့ရုံနဲ့ ယုံကြည်မှုတွေ ကင်းမဲ့နေမယ်ဆိုရင် ဘယ်လိုကိစ္စပဲဖြစ်ဖြစ် အောင်မြင်နိုင်မှာ မဟုတ်ဘူး၊ ကျုပ်ပြောတာ မဟုတ်ဘူးလား"

ချူးလုစန်း သက်ပြင်းချလိုက်သည်။

"ခင်ဗျားပြောတာ မမှားပါဘူး"

ဝူဟွားက ...

"ကဲ ... မိတ်ဆွေပြန်မယ်ဆိုရင် ကျုပ်ကိုယ်တိုင် လိုက်ပို့ပါ့မယ်"

ချူးလုစန်း မျက်မှောင်ကုတ်လိုက်သည်။

"ကျုပ်ကို ဒီခေါ်လာတာ ဒီစကားတွေပြောဖို့ သက်သက်ပဲလား"

"ဘယ်ဟုတ်ပါ့မလဲ"

"ဒါဆိုရင်"

"မင်းကို အသုံးချချင်လို့ ဆိုပါတော့"

"ဒါဖြင့် ကျုပ်ကို ဘာလို့ ပြန်လွှတ်ရတာလဲ၊ စိတ်ထ



ပြောင်းသွားတာလား"

"ဟုတ်တယ်၊ ဒီကိစ္စက သိုင်းလောကတစ်ခုလုံးရဲ့ ရှေ့ရေးနဲ့ ပတ်သက်နေတယ်၊ ဒါကြောင့် ပေါ့ပေါ့ဆဆလုပ်လို့ မဖြစ်ဘူး"

သူ၏စကားမှာ လေးနက်လှပေသည်။ ချူးလုစန်း မျက်မှောင်ကုတ်သွားသည်။

"ခင်ဗျားပြောတာ ကျုပ် နားမရှင်းဘူး"

"ယုံကြည်မှု ကင်းမဲ့တဲ့ လူတစ်ယောက်ဟာ ဘယ်လိုလုပ်ပြီး အသုံးဝင်မှာလဲ"

ချူးလုစန်း ဆတ်ခနဲ ဖြစ်သွားသည်။

သူက တစ်စုံတစ်ရာ အဓိပ္ပာယ်ပေါက်သွားဟန်ဖြင့် ဆတ်ခနဲ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒီလိုလူမျိုးဟာ ဘာမှ အသုံးဝင်မှာ မဟုတ်ဘူး။ ကဲ ... ခင်ဗျားက ကျုပ်ကို လိုက်ပို့မှာလား၊ အခြားတစ်ယောက်ကို လိုက်ပို့ခိုင်းမှာလား"

"ချူးလုစန်း ... မင်း တကယ်ပြန်ဖို့ ဆုံးဖြတ်ပြီးပြီလား"

ဝူဟွားက အလေးတကြီး မေးလိုက်သည်။ ချူးလုစန်း ပန်းတွန့်ကာ ...

"ခင်ဗျားပဲ ကျုပ်ကို ပြန်ပို့ဖို့ ပြောတယ် မဟုတ်လား"

"ဒါတော့ ဒါပေါ့ ... ဒါပေမဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဝူဟွားက ဆက်ပြောရန် တွဲနေးနေစဉ်မှာပင် စိတ်မြန်သော ချူးလုစန်းက ...

"ဒါပေမဲ့တွေ လုပ်မနေပါနဲ့ဗျာ၊ ခင်ဗျားရဲ့ စိတ်ဓာတ်စစ်ဆင်နည်းက ကောင်းပါတယ်၊ ဒါပေမဲ့ အကျိုးသက်ရောက်နိုင်မယ် မထင်ဘူး"

ဝူဟွားက ပြန်မပြောတော့ဘဲ ချူးလုစန်းကို စူးစိုက်ကြည့်နေသည်။

ချူးလုစန်းကလည်း ပြန်ကြည့်သည်။

အတန်ကြာအောင် မျက်လုံးချင်းဆိုင်၍ ကြည့်နေကြပြီးနောက် သူတို့သည် နှစ်ရှည်လများ ခွဲခွာခဲ့ရသော မိတ်ဆွေရင်းချာများပမာ တစ်ယောက်လက် တစ်ယောက် ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်ကြ၏။

ပြီးမှ ဝူဟွားက ပြုံးပြုံးရယ်ရယ်ဖြင့် ...

"မင်းမသွားဘူးဆိုတာ ငါသိပါတယ်ကွာ"

ဟု ပြောလိုက်၏။

ချူးလုစန်း ပြုံးလိုက်သည်။

"ဒါတော့ ... ဘယ်ပြောနိုင်ပါ့မလဲ၊ ခင်ဗျားက ကျုပ်ကို ဆက်ပြီး ရွှတ်ချနေမယ်ဆိုရင် ကျုပ်အနေနဲ့ ရှောင်ထွက်သွားချင်သွားမှာပဲ"



"ကျုပ်က ရွှတ်ချနေတာမဟုတ်ဘူး ... မခံချင်အောင် ပြောနေတာပါ"

ဝူဟွားနှင့်ချူးလုစန်းတို့နှစ်ယောက်သား ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကြလေသည်။

"ဟား ဟား ဟား"

အခန်းထဲတွင် ရယ်သံများ စီညံသွားတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အရှုပ်တော်ပုံ

ချူးလုစန်းနှင့် ဂူပ်ဟွားတို့သည် ခင်မင်သော မိတ်ဆွေများ

အသွင် ကူးပြောင်းသွားသည်။

သူတို့သည် အသီးသီးပြန်ထိုင်၍ အရက်သောက်ကြပြ

သည်။

"ကဲ ချူးလုစန်း ... အခက်အခဲရှိရင် ပြောပါ။ ကျုပ် အတတ်

နိုင်ဆုံး ကူညီပါ့မယ်"

ဂူပ်ဟွားက စကားစလာသည်။ ချူးလုစန်း သက်ပြင်းချက

"ကျုပ်တာဝန်ယူပို့ဆောင်တဲ့ ငွေတုံးတွေဟာ ကျောက်တုံ

တွေ ဖြစ်နေတယ်၊ အဲဒါ ... ကျုပ်ရဲ့ဆရာက ကျုပ်ကို သက်သ

ချောက်တွန်းလိုက်တာကို လူတစ်ယောက်က ကျုပ်ကိုပြောတယ်"

ဂူပ်ဟွားက ...

"မင်းဆရာက ဘာရည်ရွယ်ချက်နဲ့ လုပ်သလဲဆိုတာ မပြေ

ပြဘူးလား"

ချူးလုစန်း ခေါင်းညိတ်လိုက်သည်။



"ပြောပြပါတယ် ... ရွှေပေစာကြောင့်တဲ့"

ဂူပ်ဟွားက စဉ်းစဉ်းစားစားဖြင့် ...

"ရွှေပေစာပေါ်မှာ နေလသိုင်းပညာ ရေးမှတ်ထားတယ်ဆိုတာ အမှန်ပဲ၊ မင်းဆရာက ဒီရွှေပေစာကို သယ်ဆောင်ပေးဖို့ တာဝန်ယူလိုက်တယ်ဆိုတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ မင်းဆရာက မင်းကို သက်သက်မဲ့ ချောက်တွန်းတယ်လို့ ငါ လုံးဝမထင်ဘူး"

"ခင်ဗျား အခုလိုပြောမှ ကျွန်တော် နည်းနည်း သဘောပေါက်လာတယ်"

"ဘာကို သဘောပေါက်တာလဲ၊ ပြောစမ်းပါဦး"

"ဆရာက ကျောက်တုံးတွေ ထည့်ပေးလိုက်တာ အဓိပ္ပာယ်ရှိတယ်၊ ဒီလိုလုပ်မှလည်း လူတွေရဲ့အာရုံကို ပြောင်းပစ်နိုင်တယ်၊ ရွှေပေစာရဲ့ လုံခြုံမှုအတွက်ဆိုရင် ကျွန်တော် သေသွားလည်း သေပျော်ပါတယ်၊ ဒါပေမဲ့ ခရီးဆုံးအထိ သွားခွင့်မပေးဘဲ ထောင်ချောက်ဆင် ဖမ်းချုပ်ခဲ့တာကိုတော့ ဘယ်လိုမှ နားမလည်ဘူး"

ဂူပ်ဟွားက ...

"အကယ်၍ ဒီကိစ္စက မင်းဆရာရဲ့ အစီအစဉ် ဖြစ်နေမယ်ဆိုရင် အကြောင်းတစ်ခုခုတော့ ရှိမှာပဲ၊ နောက်ကော ဘာတွေ ဖြစ်ခဲ့သေးလဲ"

ချူးလုစန်း မဲ့ပြုံးတစ်ချက်ပြုံးကာ ...

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးတစ်ယောက်က ပညာသင်ဘက်ညီမ ဟန်ဆောင်ပြီး ကျွန်တော့်ကို အဆိပ်ခတ်သတ်ဖို့ ကြိုးစားခဲ့တယ်"

ဂူဟွား မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်သည်။

"ဒီကိစ္စကတော့ နည်းနည်းထူးဆန်းတယ်၊ ဒါပေမဲ့ အဆိပ်မိသွားတဲ့တိုင်အောင် သူတို့က မင်းကို ပြန်ကယ်မှာပါ"

ချူးလုစန်း မျက်မှောင်ကုတ်သွားသည်။ ဂူဟွား၏ စကားအဓိပ္ပာယ်ကို သူက နားမလည်ပါ။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုရင် သူတို့က မင်းကို ငါးစာအဖြစ် အသုံးချပြီး မင်းဆရာကို မျှားခေါ်ဖို့ ကြံရွယ်တာပဲ ဖြစ်မယ်"

"ကျုပ်ကတော့ ဒီလိုသဘောမျိုး ဖြစ်မယ်လို့ မထင်ဘူး"

"ပြောပါဦး"

"ဘာလို့လဲဆိုတော့ ကျုပ်ဆရာက ကျုပ်ကို အဆုံးရှုံးခံပြီးမှ ငါးစာအဖြစ် အသုံးချတော့ကော ဘာအကြောင်းထူးမှာမို့လဲ"

"ငါကတော့ ဖြစ်နိုင်တယ်လို့ ထင်တယ်၊ ဒါနဲ့ မင်းတို့ ဆရာတပည့်ဆက်ဆံရေး ဘယ်လိုနေသလဲ။ မင်းအပေါ်မှာကော သံယောဇဉ် ရှိရဲ့လား၊ သင့်မြတ်မှု ရှိရဲ့လား"

"ဆရာက ကျုပ်အပေါ် သားအရင်းလိုပဲ ဆက်ဆံပါတယ်"

"ဒါဆိုရင် ဝမ်းတိရဲ့ သမီးကကော"



"ကျုပ်တို့နှစ်ယောက်က ငယ်ချစ်တွေပါ"

"ဒီလိုဆို သေချာပြီပေါ့။ မင်းဆရာက မင်းကို ပစ်ရက်တယ်ထားဦး၊ မင်းရဲ့ငယ်ချစ်ကတော့ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး မင်းဆရာအစား သူ့သမီးကို မျှားခေါ်လို့ ရမှာပဲ"

ချူးလုစန်း လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

"ကျုပ်က ငါးစာဖြစ်နေပါရော့လား"

ဂူဟွား ဟက်ခနဲ ရယ်မောလိုက်၏။

"သိုင်းလောကဟာ အခုတစ်လော ရှုပ်ထွေးလာတယ်၊ အန္တရာယ်တွေလည်း ဝိုင်းလာသလိုပဲ"

"ခင်ဗျားက မရဏာမီးပုံးကို ဆိုလိုတာလား"

"ဟုတ်တယ် ... ဒါလည်း အန္တရာယ်ပဲ၊ အခုတော့ မင်းက မီးပုံးရှင်နဲ့တွဲနေတယ်၊ ဒီကိစ္စက သဘာဝကျသလား၊ ဒါကြောင့် မင်းက ပိုပြီးကြောက်စရာကောင်းတဲ့ ထောင်ချောက်ထဲ ဝင်မိမှာကို ငါက ကြိုပြီးမိသေးတယ်၊ အခုလည်း ထောင်ချောက်ထဲ ရောက်နေတာနဲ့ ဘာထူးသေးလဲ"

"သူတို့က ကျုပ်ကို ငါးစာအဖြစ် အသုံးချမယ်လို့ ခင်ဗျား ထင်နေသလား"

ဂူဟွား ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ဒီလိုဖြစ်နိုင်တယ်ဆိုတာ မင်းစိတ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းလေးမှ မစဉ်းစားမိဘူးလား"

ချူးလုစန်း တစ်ချက် တွေဝေသွားပြီး ...

"စဉ်းစားမိပါတယ်၊ ဒါပေမဲ့ ကြူးထိုက်ယီက ကျုပ်ကို တပည့်ရင်းအဖြစ် လက်ခံခဲ့ပြီး ဝက်ပါလျှပ်စီးသိုင်းပညာ သင်ပေးခဲ့တယ်"

"ဝက်ပါလျှပ်စီးသိုင်းကွက်ဟာ တကယ်ပဲ ထက်မြက်ပါတယ်၊ ဒါပေမဲ့ မင်းသင်ခဲ့တဲ့ပညာက အစွမ်းမထက်သလိုဘဲ"

ဝူဟွား၏စကားကြောင့် ချူးလုဟန်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ ဝူဟွားက ...

"ဘယ်လိုလဲ ... ငါပြောတာ အချက်ကျရဲ့လား"

ဟု မေးလာလေသည်။ ချူးလုစန်း ခေါင်းညိတ်ဝန်ခံလိုက်သည်။ ဝူဟွား၏စကားအား ငြင်းဖွယ်ရာမရှိချေ။

အကြောင်းမှာ သူ သင်ကြားခဲ့သော သိုင်းပညာသည် ဝက်ပါလျှပ်စီးပညာမူရင်းဖြစ်ခဲ့ပါက မုရှီအား အလွယ်တကူ အနိုင်ရပေမည်။

ယခုမူ သူက အစွမ်းကုန် တိုက်ခိုက်သော်လည်း မုရှီ၏ အင်္ကျီစကိုပင် ထိမှန်အောင် တိုက်ခိုက်နိုင်ခြင်းမရှိပေ။

မုရှီအကြောင်း စဉ်းစားမိသောအခါ ချူးလုစန်းသည် သူနှင့် တွေ့ခဲ့ရသည့် စွန်ဆယ့်နှစ်ဖော်ကို သတိရမိလာသည်။



သူ၏လက်ချက်ဖြင့်သေဆုံးသွားသော မုရှီသည် အဘယ်ကြောင့် အသက်ပြန်ရှင်ပါသနည်း။

မုရှီဆိုသူ ဘယ်နှဦးရှိပါသနည်း။ သူက ရင်ထဲ မရှင်း၍ ဝူဟွားအား မေးလိုက်၏။

"ကျုပ်က စွန်ဆယ့်နှစ်ဖော်နဲ့ ရင်ဆိုင်ခဲ့ရတယ်"

ဝူဟွား ခေါင်းညိတ်လိုက်သည်။

"ငါသိပါတယ်၊ မင်းတွေ့ခဲ့တာ စွန်ဆယ့်နှစ်ဖော်အဖွဲ့ မဟုတ်ဘူးကွ"

"ဘာ ဘယ်လို"

ချူးလုစန်း အံ့သြသွားလေသည်။ ဝူဟွားက တည်ကြည်သော မျက်နှာထားဖြင့် ...

"တကယ်တော့ မင်းတွေ့ခဲ့တာ မြေခွေးဆယ့်နှစ်ဖော်အဖွဲ့ပဲ၊ သူတို့ထဲက အမှတ်တစ်နဲ့ အမှတ်ခုနစ်ဟာ စွန်အဖွဲ့ထဲက အမှတ်ငါးနဲ့ အမှတ်ခုနစ်တို့နဲ့ ရုပ်ချင်းဆင်တယ်၊ စွန်ဆယ့်နှစ်ဖော်အဖွဲ့ သိုင်းလောကမှာ ပျောက်ကွယ်သွားတာနဲ့ မြေခွေးဆယ့်နှစ်ဖော်က စွန်ဆယ့်နှစ်ဖော်အဖြစ် အယောင်ဆောင်ပြီး လူတွေကို လှည့်စားခဲ့တယ် ဆိုပါတော့"

ချူးလုစန်း အံ့အားသင့်သွားသည်။

"စွန် ဆယ့်နှစ်ဖော် ဘာကြောင့်ပျောက်သွားရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်ဟန်ဖြင့် မေးလိုက်သည်။ ဝူပွား၏မျက်နှာ ရုတ်ခြည်းတင်းမာသွားလေသည်။

"အဆိပ်ခတ် လုပ်ကြံခံရတယ်လေ၊ သူတို့ထဲမှာ မုဆိုး တစ် ယောက်ပဲ အသက်မသေဘဲ ကျန်ရစ်ခဲ့တယ်၊ ကျန်တဲ့ ဆယ့်တစ် ယောက်ကတော့ ရေတိမ်နစ်ကုန်ကြတယ်ပေါ့ကွာ"

ချူးလုစန်း စိတ်ဝင်စားသွားသည်။

"တရားခံကို မမိဘူးလား"

ဝူပွား ခေါင်းယမ်းလိုက်သည်။

"မမိဘူး၊ အမှန်ဆို မြေခွေးဆယ့်နှစ်ဖော်ဟာ မယုံသင်္ကာ ဖြစ်စရာပဲ၊ အခုတော့ မင်းက ရှင်းပစ်လိုက်တယ်၊ ဒီအတိုင်းဆို အခြားသဲလွန်စရှာရမှာပဲ"

"ကျုပ်မသိလို့ပါ၊ ဒါထက်.သူတို့ထဲမှာ လေးယောက် က ပါသေးတယ်၊ သူတို့ကို စစ်မေးရင်ကော"

"ထွက်ပြေးသွားတဲ့ လေးယောက်ဟာ မင်းမှုထမ်းတွေ တွေ့ဆုံတိုက်ပွဲဖြစ်ပြီး သေဆုံးသွားကြတယ်၊ အခုဆိုရင် ဇွန် ဆယ့် ဖက်ဆိုတဲ့ အခေါ်အဝေါ် သိုင်းလောကမှာ တကယ်ပဲ ပျော က္ကွယ်သွားပါပြီလေ"

"မြေခွေးဆယ့်နှစ်ဖော်ဟာ သိုင်းပညာအဆင့်မမြင့်ဘဲ ဆယ့်နှစ်ဖော်ကို အံတုရဲတာလဲ"



ချူးလုစန်းက ဖွင့်မေးလိုက်သည်။ ဝူပွားက ခပ်တိုတိုပင် ဖြေသည်။

"သူတို့နောက်မှာ ကြိုးကိုင်တဲ့လူ ရှိချင်ရှိမှာပေါ့"

ချူးလုစန်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"သိုင်းလောကမှာ အရှုပ်အထွေးတွေ တစ်စထက်တစ်စ များလာသလိုပါပဲလား"

ဟုလည်း ညည်းညူလိုက်၏။ ဝူပွားက ...

"ဟုတ်တယ်၊ ရှုပ်ထွေးမှုကြီးဖြစ်လာနိုင်တယ်လို့ ကျုပ် အတတ်ပြောရဲတယ်"

ချူးလုစန်းက ဝူပွားကို အတန်ငယ် စူးစိုက်ကြည့်ရင်း အကဲ ခတ်လိုက်၏။

"ခင်ဗျားဟာ သိုင်းလောကအကြောင်း အတော်နှံ့စပ်ထားပုံ ပဲ"

ဝူပွား ဟက်ခနဲ ရယ်မောလိုက်သည်။

"ဟဲ ဟဲ ... သိပ်မနှံ့စပ်ပါဘူး၊ ရှင်းရှင်းပြောရရင် ငါက သိုင်းလောကအကြောင်း တကယ်နှံ့စပ်တာ မဟုတ်ဘူး၊ သတင်းစ ကားအကြားကို ခန့်မှန်းပြောနေတာပါ"

"ခင်ဗျားက ကျုပ်ကို ပြောမပြချင်လို့လား၊ မပြောချင်ရင် လည်း ကျုပ်က အတင်းအဓမ္မ မမေးပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ချူးလုစန်း စိတ်ခုသွားမည်ကို စိုးသဖြင့် ဝူဟွား ပျာပျာသလဲ လက်ကာပြလိုက်၏။

"ငါ ရှင်းပြမယ် ... ဒီလိုပါ၊ မင်းဆရာသတင်းက ဟိုးလေး တကျော် ဖြစ်သွားမှ တို့က ရွှေပေစာပြန်ပေါ်လာမှန်း သိလိုက်တယ်၊ တို့အထင်တော့ သိုင်းလောကကို ကြိုးကိုင်ချင်တဲ့ လျှို့ဝှက်အဖွဲ့ အစည်း တစ်ခုခု ရှိရမှာပဲ၊ လက်ရှိသိုင်းလောကကို ခြယ်လှယ်ချင်တဲ့ လျှို့ဝှက်အဖွဲ့အစည်းတစ်ခု ထွက်ပေါ်နေတယ်"

"တကယ်တော့ ကျုပ် ဘာကြောင့် မရိပ်မိတာပါလိမ့်"

"မင်းက ဘုမသိ ဘမသိ အကျဉ်းကျသွားတော့ အပြင် လောကနဲ့ အဆက်အသွယ် ပြတ်သွားရတယ် မဟုတ်လား၊ အခု မင်းကို ရန်ရှာတဲ့လူ၊ ငါးစာအဖြစ် အသုံးချချင်တဲ့လူတွေဟာ လျှို့ဝှက် အဖွဲ့အစည်းက မဟုတ်ပါဘူးလို့ ပြောနိုင်မတဲ့လား"

ချူးလုစန်း ခေါင်းညိတ်လိုက်သည်။ သူက တစ်ချက် စဉ်းစား ရင်း ...

"ခင်ဗျားပြောတာ ကျုပ်လက်ခံပါတယ်၊ ဒါနဲ့ လျှို့ဝှက်အဖွဲ့ အစည်းဟာ မရဏမီးပုံးနဲ့များ ပတ်သက်နေသလား မသိဘူး၊ ခင်ဗျား ဘယ်လိုထင်သလဲ"

"ဒါတော့ အခုအချိန်မှာ တိတိကျကျ ပြောရခက်တယ်၊ ဒါပေမဲ့ တို့အထင်တော့ မရဏမီးပုံးရှင်ဟာ လျှို့ဝှက်အဖွဲ့အစည်းနဲ့



တစ်နည်းတစ်ဖုံ ပတ်သက်နေနိုင်တယ်၊ လတ်တလော အခြေအနေ ရှုပ်ထွေးနေတော့ ခန့်မှန်းရခက်နေပြန်တယ်"

ချူးလုစန်း သက်ပြင်းတစ်ချက် ချလိုက်သည်။

"ခင်ဗျားက ကျုပ်ကို အသုံးချချင်တယ်လို့ ပြောတယ်၊ ဒီ အတိုင်းဆိုရင်တော့ ဘာများ လုပ်ပေးနိုင်တော့မှာလဲ"

"မင်းပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ ရန်သူကို လက်ဦးမှု ရယူမှ တန်ကာကျမယ်၊ ကြိုတင်ပြင်ဆင်ထားဖို့လည်း လိုမယ်၊ ဒါ ကြောင့် တို့က မင်းကို ရွေးချယ်လိုက်တာ"

"ကောင်းပြီ၊ ကျုပ်က ဘာလုပ်ပေးရမလဲ ပြောပါ"

ဝူဟွား ဝမ်းသာသွားသည်။

"အခုလိုကြားရတာ ဝမ်းသာပါတယ်၊ အမှန်ဆိုရင် ထွေထွေ ထူးထူး ကြံစည်နေတာ မဟုတ်ပါဘူး၊ ထိပ်တန်းသိုင်းသမားတွေ စု စည်းပြီး သိုင်းလောကရဲ့အကျိုးပြုလုပ်ငန်းတွေ လုပ်ဆောင်နိုင် အောင် ပြင်ဆင်နေတာပါ၊ မင်းကို ထိပ်သီးသိုင်းသမားတွေနဲ့ မိတ် ဆက်ပေးရဦးမယ်၊ လာ သွားကြစို့"

ဝူဟွားသည် ချူးလုစန်းကို အခန်းတစ်ခန်းရှေ့သို့ ခေါ်သွား ၏။ အခန်းတံခါးက အလုံပိတ်ထား၏။

"ကျွန်တော် ဝူဟွားပါ၊ ဆရာကြီးနဲ့ တွေ့ပါရစေ"

ဝူဟွားက အခန်းရှေ့တွင်ရပ်လျက် အတွင်းသို့ တရိုတသေ

www.burmeseclassic.com

www.burmeseclassic.com



ခွင့်တောင်းလိုက်သည်။ မကြာပါချေ ...

'ကွိ'

အခန်းတံခါးပွင့်သွားသည်။ ချူးလုစန်းက အတွင်းဘက်သ[illegible] လှမ်းကြည့်ရာ မီးအိမ်ရှေ့တွင် အဘိုးအိုတစ်ယောက် တည်ငြိမ် အေ[illegible] ဆေးစွာထိုင်နေသည်ကို မြင်တွေ့လိုက်ရလေသည်။

ထိုအဘိုးအိုသည် ပိန်သွယ်သွယ်ဖြစ်ပြီး အင်္ကျီလက်ရှည် ဝတ်ဆင်ထားသည်။ အဘိုးအို၏ထူးခြားချက်မှာ မုတ်ဆိတ်မွေး ရှည် လျားပြီး ငွေရောင်ဖြူဆွတ်နေခြင်းပင်။

ဝူဟွားသည် အကဲဝင်ရန် ချူးလုစန်းအား မျက်ရိပ်ပြလိုက် လေသည်။ ထို့နောက် ပခုံးချင်းယှဉ်၍ အခန်းထဲသို့ အသာလျှောက် ဝင်သွားကြသည်။

ဝူဟွားသည် အဘိုးအိုရှေ့ရောက်လျှင် တုံ့ခနဲ ရပ်လိုက်၏ ပြီးနောက် အဘိုးအိုအား အရိုအသေပြုလိုက်သည်။ ချူးလုစန်း လည်း အလိုက်သင့် အရိုအသေပြုလိုက်၏။

"အခုလို ဝင်ခွင့်ပြုတာ ကျေးဇူးတင်ပါတယ်၊ ညှိသည် လည်း ပါလာပါတယ် ဆရာကြီး"

ဝူဟွားက တလေးတစားပြောလိုက်သည်။ ဝူဟွား၏လေသံ အရ အဘိုးအိုမှာ နယ်နယ်ရရ မဟုတ်ကြောင်း သိသာသည်။ အဘိုး အိုက မျက်လုံးဖွင့်ပြီး ဝူဟွားကို တစ်ချက်ကြည့်လိုက်သည်။



ထို့နောက် ချူးလုစန်းကို တစ်ချက်အကဲခတ်ကြည့်ကာ ...

"မင်းက ဘယ်သူလဲ"

"ကျွန်တော့်နာမည် ချူးလုစန်း ဖြစ်ပါတယ်"

ချူးလုစန်း သွက်လက်စွာ ဖြေကြားလိုက်သည်။ အဘိုးအိုက အသိအမှတ်ပြုဟန်ဖြင့် ခေါင်းတစ်ချက် ဆတ်ခနဲ ညိတ်ပြလိုက် သည်။

"သူပဲလား ဝူဟွား"

"ဟုတ်ပါတယ် ဆရာကြီး၊ ဘယ်လို သဘောရပါသလဲ ခင်ဗျာ"

ဝူဟွား အလျှင်စလို မေးလိုက်ရာ အဘိုးအို နှုတ်ဖြင့်မဖြေဘဲ ခေါင်းကိုသာ ဆတ်ပြလိုက်သည်။ ထို့နောက် မျက်စိကို ပြန်မှိတ်ထား လိုက်သည်။

"ဆရာကြီး ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး"

ဝူဟွားပြောပြီး ချူးလုစန်း၏လက်ကို အသာအယာတို့လိုက် သည်။ ထို့နောက် နှစ်ဦးသား အခန်းထဲမှ ပြန်ထွက်လာကြလေသည်။

အခန်းအပြင်သို့ရောက်သောအခါ ချူးလုစန်းက မအောင့် အည်းနိုင် ဘဲ ဝူဟွားကို အလျှင်စလို မေးမြန်းလိုက်သည်။

"အခန်းထဲမှာတွေ့တဲ့ ဆရာကြီးဆိုတာ ဘယ်သူလဲ"

"သူ့နာမည်ကို သိုင်းလောကသားတွေက 'ငွေမုတ်ဆိတ်'

www.burmeseclassic.com

www.burmeseclassic.com



လို့ပဲ ခေါ်ကြတယ်"

"ဗျာ"

ငွေမုတ်ဆိတ်ဟူသော အမည်ကြောင့် ချူးလုစန်း မျက်လုံး ပြူးသွားလေသည်။ ဝူဟွားအား ကြည့်ကာ ...

"ငွေမုတ်ဆိတ် ဟုတ်လား၊ သူက လွန်ခဲ့တဲ့နှစ်ပေါင်း သုံး ဆယ်လောက်က သိုင်းလောကထဲက ပျောက်ကွယ်သွားတဲ့ သိုင်း ထိပ်သီးတစ်ယောက်ပဲ မဟုတ်လား"

"ဟုတ်တယ်"

"သူ ဘာကြောင့် ပျောက်သွားရတာလဲ"

"သိုင်းကျင့်စဉ်တစ်မျိုး လေ့ကျင့်နေခဲ့လို့ပဲပေါ့"

ဝူဟွားက ဂုဏ်ယူစွာဖြင့်ပြောလာသည်။ သူတို့သည် စကား တပြောပြောဖြင့် လျှောက်လာခဲ့ရာ စကြံတံခါးပေါက်နှစ်ခုကို ဖြတ် ကျော်ပြီးနောက် ခြံဝင်းတစ်ခုသို့ ရောက်လာကြသည်။

ခြံဝင်းထဲတွင် ဝါးပင်များစိုက်ထားသည်။ ညဥ့်နက်ပြီဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ စီစီညံညံ ပိုးမွှားအော်သံမှလွဲ၍ အခြား မည်သည့်အသံမျှ မကြားရပေ။

လူသူကင်းရှင်း၍ ပကတိတိတ်ဆိတ်ခြင်းက ခြယ်လှယ်ထား လေသည်။ သို့သော် ဝါးရုံအကြားတွင် ဘုန်းကြီးတစ်ပါး ငြိမ်သက်စွာ ထိုင်နေသည်။ တရားမမှု အားထုတ်နေဟန် တူပေသည်။



ဝူဟွားက ဘုန်းတော်ကြီးထံသို့ ချဥ်းကပ်သွားလေသည်။

"ဆရာတော်ကို တပည့်တော် ကန်တော့ပါတယ်"

ဝူဟွားက မြေတွင် ပြားပြားဝပ်၍ ဘုန်းတော်ကြီးအား ဦးချ ကန်တော့လေသည်။

ချူးလုစန်းကလည်း ဝူဟွားအတိုင်း ဘုန်းတော်ကြီးကို ထိုင်ကန်တော့လိုက်သည်။

"ကိစ္စမရှိပါဘူး၊ သူက ဘယ်သူလဲဟေ့"

ဘုန်းတော်ကြီးက ခပ်ပေါ့ပေါ့ သဘောထားပြီး သူသိချင် သည်ကိုသာ အရေးတကြီး မေးမြန်းလိုက်၏။

"ဒီမိတ်ဆွေက ဆရာဝမ်းတိရဲ့ တပည့်ရင်း ချူးလုစန်းပါ ဆရာတော်"

ဝူဟွားက ရိုသေစွာ ပြောလိုက်၏။

"အင်း ... ငါသိပြီ၊ ကဲ ကဲ ... မင်းတို့သွားတော့"

ဘုန်းတော်ကြီးက ချက်ချင်းပင် အသိအမှတ်ပြုပြီး ပြန်ရန် ပြောသည်။ ဝူဟွားသည် ဘုန်းတော်ကြီးကို နှုတ်ဆက်ပြီး ချူးလုစန်း နှင့်အတူ ပြန်လည်ထွက်ခွာလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချူးလုစန်းစိတ်ထဲ မတင်မကျ ဖြစ်နေ၏။ လမ်းလျှောက်လာရင်းမှ မနေနိုင်တော့ဘဲ ဝေဖန်လိုက်လေသည်။

"ဒီဘုန်းတော်ကြီးဟာ တစ်မျိုးပါလား၊ အလကားနေရင်း စိတ်မရှည်သလိုပဲ"

ပူဟွား ခေါင်းညိတ်လိုက်သည်။

"ဒါကြောင့် ... တစ်ဖွတ်ထိုးဘုန်းကြီးလို့ နာမည်တွင်ခဲ့တာ ပေါ့"

ချူးလုစန်း အံ့ဩသွားသည်။

"သူဟာ တစ်ဖွတ်ထိုးဘုန်းကြီးကို၊ သူဟာ အင်မတန် ခေါင်းမာပြီး လက်ပေါက်ကတ်တယ်လို့ ပြောသံကြားတယ်၊ ခင်ဗျား ဘယ်လိုနည်းနဲ့ ပင့်လာတာလဲ"

ပူဟွား ပြုံးလိုက်သည်။

"သူ့ သဘောတူလို့ပါ၊ နို့မဟုတ်ရင် ဘယ်သူမှ သူ့ကို ပင့်လို့ ရမှာမဟုတ်ဘူး၊ သူဟာ ခွကျပေမယ့် စိတ်ရင်းကောင်းပါတယ်၊ ဒါကြောင့် ကျုပ်ဦးလေးက ဖိတ်လို့ရခဲ့တာပေါ့"

ချူးလုစန်း မျက်မှောင်ကုတ်လိုက်သည်။

"ခင်ဗျားဦးလေးလည်း အဆင့်မြင့်သိုင်းပညာရှင် တစ်ယောက် ဖြစ်မှာပေါ့"



"အဆင့်တော့မြင့်ပါတယ်၊ ဒါပေမဲ့ သူဟာ တစ်ချိန်ကလူဆိုး တစ်ယောက် ဖြစ်ခဲ့တယ်၊ သူ့နာမည်က တတိယမျက်လုံးလို့ ခေါ်တယ်"

"တတိယမျက်လုံး" ... "ဟုတ်ပါတယ်"

"သူဟာ တစ်ချိန်က လူဆိုးထိပ်သီးပဲ" ... "ဟုတ်ပါတယ်"

ပူဟွားကပြောရင်း ချူးလုစန်း၏မျက်နှာထား အပြောင်းအလဲကို အကဲခတ်ကြည့်လိုက်သည်။

သို့သော် ...

ထိပ်သီးလူဆိုးတစ်ဦးမှန်း သိသော်လည်း ချူးလုစန်းက အထင်အမြင်သေးသွားခြင်း မရှိပါ။

ချူးလုစန်း သက်ပြင်းချကာ ...

"ခင်ဗျားဦးလေးက တစ်ချိန်က လူဆိုးဖြစ်ပေမယ့် အခု တော့ လူကောင်းတစ်ယောက် ဖြစ်နေပြီပဲ၊ ကိုယ့်အမှားကိုယ် ပြုပြင် ပြောင်းလဲနိုင်စွမ်းရှိတာ လေးစားမိပါတယ်၊ ကျုပ် သူနဲ့ တွေ့ချင်ပါ တယ်"

ပူဟွား ဝမ်းသာသွားသည်။ ချူးလုစန်း၏လက်ကို ဆုပ်ကိုင် ကာ ...

"ဒီအတိုင်းဆို ငါ လူကဲခတ်မမှားဘူးပေါ့၊ ကဲ လာ၊ ငါတို့ သူ့ကို သွားတွေ့ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အခြားအခန်းတစ်ခုဆီသို့ လျှောက်သွားလိုက်၏။

ထိုအခန်းထဲတွင်ကား တစ်ချိန်က သိုင်းလောကတစ်ခုလုံး ခေါင်း ကိုက်ခဲ့ရသော 'တတိယမျက်လုံး' ရှိနေပေတော့သည်။

✡

တတိယမျက်လုံး ...

သိုင်းလောကတစ်ခုလုံး ခေါင်းကိုက်ခဲ့ရသော အနက်ရောင်လူဆိုးတစ်ဦး ဖြစ်ခဲ့သည်။

သူ့အား တတိယမျက်လုံးဟု တင်စားခေါ်ဝေါ်ခြင်းမှာ တခြားမဟုတ်ပါ။

သူ၏မျက်စိနှစ်လုံးကြားတွင် ငုံးဥအရွယ်ခန့်ရှိသော အသားပိုတစ်ခု ရှိနေခြင်းကြောင့်ပင်။

တတိယမျက်လုံး၏သိုင်းပညာမှာ ထူးချွန်လှသည်။ အထူးသဖြင့် သူ၏ 'ငရဲခားဆယ့်နှစ်ကွက်' မှာ အလွန်ထက်မြက်သော ဓားပညာဖြစ်သည်။

အစွမ်းထက်သလို ရက်စက်မှုကိုလည်း အခြေခံထားပေ



သည်။ ထိပ်တန်းသိုင်းသမား အတော်များများပင် ငရဲခားဆယ့်နှစ်ကွက်အား ထိပ်တိုက်ရင်မဆိုင်ဝံ့ကြချေ။

ငရဲခားဆယ့်နှစ်ကွက်ဖြင့် အတိုက်ခံရသူသည် ငရဲပြည်သို့ ရောက်သွားတတ်သည်ဟူသော ဆိုရိုးစကားပင် ပေါ်ပေါက်ခဲ့ဖူးပေသည်။ ဝှပ္ပားက ဦးညွှတ်ကာ ...

"ဦးလေး ... ကျွန်တော်ရောက်လာပါပြီ"

တတိယမျက်လုံးဆိုသော အဘိုးအိုက စူးရှတောက်ပသော မျက်လုံးအစုံဖြင့် ချူးလုစန်းအား အကဲခတ်ကြည့်ရင်း ...

"မောင်ရင်က ချူးလုစန်းလား"

ဟု မေးလာလေသည်။ ချူးလုစန်းက ဦးညွှတ်ကာ ...

"ဟုတ်ပါတယ်၊ ဦးနဲ့တွေ့ခွင့်ရခဲ့တဲ့အတွက် ကျွန်တော် ဂုဏ်ယူပါတယ်"

ချူးလုစန်းက ယဉ်ကျေးသိမ်မွေ့သောလေသံဖြင့် ဖြေကြားလိုက်သည်။

"အေး ... ထိုင်ကြ"

တတိယမျက်လုံးက ဝှပ္ပားနှင့် ချူးလုစန်းတို့အား ထိုင်ခိုင်းပြီးမှ ရှင်းပြလာ၏။

"တို့က ဘာကြောင့် မင်းကိုခေါ်လာရသလဲဆိုတာ သဘောပေါက်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ချူးလုစန်း ပင့်သက်ရှိုက်ကာ ...

"ကျွန်တော့်ကို အသုံးချမယ်လို့ ဂူပ္ပားက ပြောပါတယ်၊ ဘယ်လိုအသုံးချမလဲဆိုတာတော့ မသိသေးပါဘူး"

ချူးလုစန်းက ပြောရင်း ဂူပ္ပားကို လှည့်ကြည့်လိုက်လေ[illegible]သည်။

"မင်းကကော သဘောတူရဲ့လား"

တတိယမျက်လုံးက ချူးလုစန်းအား မေးလာသည်။ ချူးလု[illegible]စန်း၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

"ဒါကတော့ လုပ်ရမယ့်ကိစ္စပေါ် မူတည်ပါတယ်၊ သိုင်း[illegible]လောကအတွက် အကျိုးရှိတဲ့ လုပ်ငန်းမျိုးလည်း ဖြစ်နေမယ်၊ ပြီး[illegible]တော့ အမှန်တရားလည်း ဖြစ်နေမယ်ဆိုရင် ကျွန်တော် လက်ခံ[illegible]သဘောတူပါတယ်"

တတိယမျက်လုံး သဘောကျသွား၏။

"မင်းကိုယ်မင်း ကာကွယ်နိုင်အောင် တို့က သိုင်းပညာအချို့[illegible]သင်ပေးမယ်၊ အလုပ်ကိစ္စကတော့ နောက်မှပြောမယ်၊ မင်းလုပ်နိုင်[illegible]မှာပါ"

အမှန်ဆိုလျှင် ထိပ်သီးသိုင်းပညာရှင်တစ်ဦးထံတွင် ပညာ[illegible]သင်ခွင့်ရခြင်းမှာ အင်မတန် ကံကောင်းသည်ဟု ဆိုရမည်။ မည်သူ[illegible]မဆို ယင်းအခွင့်အရေးမျိုးကို လက်လွှတ်ခံကြမည် မဟုတ်ပေ။



သို့သော် ချူးလုစန်းက လက်မခံဘဲ သိမ်သိမ်မွေ့မွေ့ ငြင်းဆိုလိုက်၏။

"ဆရာကြီးရဲ့စေတနာကို ကျွန်တော် တန်ဖိုးထားပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်မှာ ဆရာရှိပြီးသားဆိုတော့ တခြားလူထံမှာ သိုင်းပညာသင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး ထင်တယ်"

"ဘာလဲ ... မင်းက တို့ကို အထင်သေးလို့လား"

ချူးလုစန်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး၊ ကျွန်တော်က ကိုယ့်လက်ဦးဆရာ နောက်[illegible]ကွယ်မှာ တခြားပုဂ္ဂိုလ်ဆီမှာ တပည့်မခံချင်လို့ပါ၊ ရည်ရွယ်ချက်က[illegible]တော့ လက်ဦးဆရာကို စော်ကားရာ ရောက်မှာ စိုးရိမ်မိတာ တစ်ခု[illegible]ပါပဲ"

တတိယမျက်လုံးက တည်ကြည်သော မျက်နှာထားဖြင့် ...

"လက်မခံပါဘူး၊ တစ်ခုတော့ရှိတယ် မင်းက တာဝန်တစ်ခုခု[illegible]တော့ ထမ်းဆောင်ရလိမ့်မယ်၊ မင်းထမ်းဆောင်တဲ့တာဝန်ဟာ သိုင်း[illegible]လောကအကျိုးပဲဖြစ်မယ်"

"ဟုတ်ကဲ့ ... သိုင်းလောကရဲ့ အကျိုးပြုလုပ်ငန်းဆိုရင် [illegible]ျွန်တော် အသက်စွန့်ပြီး ထမ်းဆောင်ရပါစေ မမှုပါဘူးဗျာ"

ချူးလုစန်းက အခိုင်အမာ ကတိပြုသည်။ တတိယမျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်လိုက်သည်။

"ဒါဆိုရင် အချိန်ရှိတုန်း စကြရအောင် ခုတင်ပေါ် တက်လိုက်ပါ"

တတိယမျက်လုံးက အလျင်စလို ပြောလိုက်၏။

ချူးလုစန်းကလည်း ပြောသည့်အတိုင်း ခုတင်ပေါ်သို့ တက် ထိုင်လိုက်သည်။

တတိယမျက်လုံးသည် လျှို့ဝှက်နည်းစနစ်ဖြင့် ချူးလုစန်း၏ အတွင်းအားကို ဖြည့်ပေးလိုက်သည်။

ယင်းသို့ ဖြည့်ပေးလိုက်သောအချိန်တွင် တတိယမျက်လုံး က နောက်မှနေ၍ လက်ဝါးအစုံဖြင့် ချူးလုစန်း၏ကျောပြင်ကို ဖိက ထားလိုက်သည်။

နံနက်ဝေလီဝေလင်းအချိန်တွင် တတိယမျက်လုံးက အ ဖြည့်ပေးခြင်းကို လက်စသတ်လိုက်သည်။

✹ ✹ ✹



## လျှို့ဝှက်တစ်ကွက်သိုင်း

ချူးလုစန်း မနားရသေးပါ။

ထိုနေ့တွင်ပင် လျှို့ဝှက်၍ ထူးဆန်းသော သိုင်းပညာသုံး မျိုးကို သင်ယူလေ့ကျင့်ခဲ့ရသည်။

သူ သင်ယူခဲ့ရသော သိုင်းပညာသုံးမျိုးမှာ 'ငွေမုတ်ဆိတ်၏ ကျော်ကြားသော သံစဉ်သိုင်း၊ တစ်ဖွတ်ထိုးဘုန်းကြီး၏ ထိပ်တန်း သိုင်းကွက်ဖြစ်သော ကြယ်တံခွန်သိုင်းပညာနှင့် နောက်ဆုံးတစ်ကွက် မှာ ရန်သူကို အလဲတိုက်ခိုက်နိုင်စွမ်းရှိသော တတိယမျက်လုံး၏ ငရဲ ဓားဆယ့်နှစ်ကွက်တို့ပင် ဖြစ်သည်။

ယင်းသိုင်းပညာသုံးမျိုးမှာ လျှို့ဝှက်၍ အစွမ်းကိုယ်စီ ထက် မြက်ကြလေသည်။

ထို့ကြောင့် ချူးလုစန်းမှာ အင်မတန်ကံကောင်းသည်ဟု ဆိုနိုင်၏။

သို့သော် သိုင်းပညာသင်ကြားပေးသော ပုဂ္ဂိုလ်သုံးဦးစလုံး က နှုတ်ဖြင့် တစ်ကြိမ်တည်းသာ ပို့ချပေးခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ပို့ချသော သိုင်းပညာကို ရယူနိုင်စွမ်း ရှိမရှိဟူမှု ချူးလုစန်း၏ဉာဏ်ရည်ပေါ်တွင်သာ မူတည်နေ၏။

အထူးသဖြင့် သိုင်းပညာကိုပို့ချရာတွင် ခက်ခဲသော စကားလုံးများနှင့် သင်ပေးခြင်းဖြစ်၍ ဦးနှောက်ထဲတွင် စွဲစွဲမြဲမြဲ မှတ်သားထားရန်ပင် မလွယ်ကူချေ။

ယုတ်စွအဆုံး သူတို့သင်ပေးသောသိုင်းပညာကို စာဖြင့် စုံစုံလင်လင် ရေးမှတ်နိုင်သည့်တိုင် အဓိပ္ပာယ်ဖော်ရာတွင် အခက်အခဲ တွေ့နိုင်သည်။

သို့သော် ချူးလုစန်းက မှတ်ဉာဏ်ကောင်းသူဖြစ်၍ သူတို့ သုံးဦးပို့ချသော သိုင်းတစ်ကွက်စီကို ဦးနှောက်ထဲတွင် မှတ်သားနိုင်ခဲ့သည်။

နေ့လယ်စာစားပြီးသောအခါ ဝူဟွားက ချူးလုစန်းအား မြို့အဝင်အဝထိ လိုက်ပို့ပေးသည်။

လူချင်းခွဲခါနီးချိန်တွင် ချူးလုစန်းက သွေးတိုးစမ်းမေးမြန်းလိုက်သည်။

"ကျုပ် ဘာဆက်လုပ်ရမလဲ နည်းနည်းပါးပါး အကြံပေးပါလား"

ဝူဟွားက တစ်ချက်စဉ်းစားလိုက်ပြီး အေးဆေးစွာ ဖြေကြားလိုက်လေသည်။



"တို့လေ့လာချက်အရဆိုရင် မရဏာမီးပုံးရှင်က လျှို့ဝှက်အဖွဲ့အစည်းရဲ့ ဦးစီးသူမဟုတ်တောင် အရေးပါတဲ့သူပဲ ဖြစ်ရမယ်၊ တို့က အဲဒီသဲလွန်စကို ပစ်ပယ်လို့မရဘူး၊ မင်းအနေနဲ့ စိတ်ရှည်ရှည်ထားပြီး လျှို့ဝှက်အဖွဲ့အစည်းကို တစ်နည်းနည်းနဲ့ ဖော်ထုတ်ရဖို့ပဲ"

"ကောင်းပြီ ... ကျွန်တော် အစွမ်းကုန်ကြိုးစားပါ့မယ်၊ နောက်ဆိုရင် တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုအဆက်အသွယ်လုပ်ကြမလဲ"

ချူးလုစန်းက မရှင်းလင်းသည်ကို ထပ်မံ၍ မေးမြန်းလိုက်သည်။

ဝူဟွားကလည်း အသေးစိတ် ရှင်းပြသည်။

"တို့က ဝါးရွက်ကို လျှို့ဝှက်သင်္ကေတအဖြစ် အသုံးပြုတယ်၊ ဝါးရွက်အဖျားကနေရာကို ညွှန်ပြမယ်၊ ခရီးအကွာအဝေးကတော့ ဝါးရွက်အရေအတွက်ကို ကြည့်ရမယ်၊ ဝါးရွက်ညွှန်ပြတဲ့နေရာကို အရောက်သွားရင် တစ်ယောက်ယောက်က မင်းကို လာဆက်သွယ်မှာပါ၊ ပြီးတော့ အခွင့်သာရင် တစ်ယောက်ယောက်က လာတွေ့လိမ့်မယ်၊ အကူအညီလိုလာမယ်ဆိုလည်း ရောက်တဲ့နေရာမှာ မင်းက ဝါးရွက်နဲ့ အမှတ်အသားလုပ်ထားနိုင်တယ်"

ချူးလုစန်း သဘောကျသွားသည်။ ဦးခေါင်းတဆတ်ဆတ် ညိတ်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... ကျွန်တော် မှတ်ထားပါ့မယ်"

ဟု ပြောဆိုလိုက်သည်။

"ကဲ ... ငါပြန်မယ်"

ဝူဟွားက နှုတ်ဆက်လိုက်၏။ ထို့နောက် ချာခနဲလှည့်ကာ လာလမ်းအတိုင်း ပြန်လည်ထွက်ခွာသွားလေတော့သည်။

✹ ✹ ✹



## လျှို့ဝှက်တာဝန်

ချူးလုစန်းသည် မြို့တွင်းသို့ဝင်ရန် ခြေလှမ်းပြင်လိုက်သည်။

ရုတ်တရက် ...

'ဟူး'

အဝတ်အစား လေတိုးသံတစ်ချက် ထွက်ပေါ်လာလေသည်။

မရှေးမနှောင်းမှာပင် လူရိပ်တစ်ခုသို့ ချူးလုစန်းနှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာလေသည်။

ချူးလုစန်း အံ့သြသွားသည်။

"အတော်ကောင်းတဲ့ ကိုယ်ဖော့ပညာပါလား"

စိတ်ထဲမှလည်း ချီးကျူးလိုက်မိလေသည်။ လူရိပ်ကိုလည်း ချီးကျူးလိုက်မိလေသည်။ လူရိပ်ကိုလည်း ဖျတ်ခနဲ အကဲခတ်ကြည့်လိုက်သည်။

လူရိပ်သည် အသက်သုံးဆယ်ကျော် လူလတ်ပိုင်းတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

အဖြူရောင်ဝတ်စုံရှည် ဝတ်ဆင်ထားပြီး ခန့်ညားသော ရုပ်သွင် ရှိလေသည်။

သူ၏ဥပမိရုပ်အား မြင်ရသူသည် အလိုလို လေးစားသွားမိမည်သာ ဖြစ်လေသည်။

ဝတ်စုံဖြူနှင့်လူသည် ချူးလုစန်းအား ပြုံးပြလာသည်။ ဟန်မူရာကိုမြင်ရုံဖြင့် ရန်လိုမည့်သူ မဟုတ်မှန်း ချူးလုစန်း ရိပ်မိလိုက်သည်။

ထို့ကြောင့် ချူးလုစန်းက ပြန်လည်ပြုံးပြရင်း ...

"မိတ်ဆွေက ဘယ်သူများလဲဗျာ၊ ဘာကြောင့် လမ်းပိတ်ထားရတာလဲ"

ဟု ရိုသာစွာ မေးလိုက်လေသည်။ ထိုလူရွယ်က အဖြေမပေးသေးဘဲ ချူးလုစန်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်နေပေသည်။

"ကဲ မိတ်ဆွေ ... ကျုပ်မေးတာ ဖြေပါဦး"

ချူးလုစန်းက စိတ်မရှည်စွာဖြင့် မေးလိုက်သည်။ လူရွယ်က တည်ငြိမ်သောမျက်နှာထားဖြင့် ...

"ကျုပ် ဘယ်သူလဲဆိုတာ ပြောပြရင် မင်း ရိပ်မိမှာပါ"

ဟု ပြောလာသည်။



ထိုလူ၏စကားကြောင့် ချူးလုစန်း မျက်မှောင်ကုတ်သွားလေသည်။

လူရွယ်အား တစ်ချက်စိုက်ကြည့်ရင်း ...

"ဘာပဲဖြစ်ဖြစ် ပြောသာပြောပါ၊ ကျုပ်သွားစရာ ရှိသေးတယ်"

ဝတ်စုံဖြူလူရွယ် ဆတ်ခနဲ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ မင်းကို ထောင်ထဲကလွှတ်ပေးဖို့ ညွှန်ကြားခဲ့တဲ့သူဟာ ကျုပ်ပဲ"

"ဗျာ"

မမျှော်လင့်သောစကား ကြားလိုက်ရခြင်းကြောင့် ချူးလုစန်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

လူရွယ်အား မျက်လုံးပြူးကြီးဖြင့်လည်း ကြည့်လိုက်မိလေသည်။

ဝတ်စုံဖြူနှင့်လူရွယ်က အသာအယာ ပြုံးလိုက်သည်။

"ဟုတ်တယ် ... မင်းဟာ မတရားချောက်တွန်းခံခဲ့ရတာ ကျုပ်သိခဲ့ရတယ်၊ ဒါကြောင့် ကျုပ်က အပြစ်မရှိတဲ့မင်းကို အမိန့်ပေးပြီး လွှတ်ခိုင်းလိုက်တာပါ"

"ဒါ ... ဒါဖြင့် ခင်ဗျားက"

ချူးလုစန်းက အံ့သြလွန်းသဖြင့် စကားကိုပင် အပေါ်

www.burmeseclassic.com

www.burmeseclassic.com



အလမ်းတည့်အောင် ပြောနိုင်စွမ်းမရှိတော့ပေ။

စိတ်စောလွန်းသဖြင့် သူ၏စကားသံမှာ တုန်ယင်နေလေ၏။

ဝတ်စုံဖြူနှင့်လူရွယ် သဘောကျစွာပြုံးရင်း ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

"ချူးလုစန်း ... မင်း အံ့သြသွားသလား၊ ကျုပ်က နန်းတွင်းက လွှတ်ထားတဲ့ နန်းတွင်းသိုင်းသမားပါပဲ၊ ကျုပ်ကို ငွေရောင်ဓားယိကျွန့်လို့ ခေါ်ကြတယ်၊ ဒီလောက်ဆို မင်းသဘောပေါက်ဖို့ ကောင်းပြီ"

ချူးလုစန်း မျက်လုံးပြူးသွား၏။

"ငွေရောင်ဓားယိကျွန့်"

ငွေရောင်ဓားယိကျွန့်သည် တရားမျှတပြီး သိုင်းပညာတော်သော နန်းတွင်းသိုင်းသမားဟု အတော်လေး နာမည်ကြီးနေသည် မဟုတ်ပါလား။

ချူးလုစန်း သက်ပြင်းချလိုက်သည်။

"လက်စသတ်တော့ ငွေရောင်ဓားယိကျွန့်ကိုး၊ အခုလိုကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါနဲ့ ကျုပ်ကိုလာတွေ့တာ အရေးကြီးကိစ္စများ ရှိနေလို့လား"

သူက ရိုသေဟန်ဖြင့် မေးလိုက်၏။



သူ၏စကားသံမှာ လည်း ပျော့ပျောင်းသွား၏။ ယိကျွန့် ခေါင်းတစ်ချက်ညိတ်လိုက်သည်။

ထို့နောက် ... တည်ငြိမ်သောလေသံဖြင့် မေးလာပြန်သည်။

"ဒီမှာ ချူးလုစန်း ... မင်းက ခုအချိန်မှာ ဆရာဖြစ်သူနဲ့ ပညာသင်ဘက် ညီမကို အမိကထားပြီး လိုက်ရှာနေဟာ မဟုတ်လား"

"ဟုတ်ပါတယ်"

ချူးလုစန်း ဝန်ခံလိုက်သည်။ ယိကျွန့်က တည်ကြည်သော မျက်နှာထားဖြင့် ...

"မင်းရဲ့ဆရာဟာ သိုင်းလောကတစ်ခုလုံး အာရုံစိုက်နေတဲ့ ရွှေပေစာကို ယူပြီး တစ်နေရာရာမှာ ဇာတ်မြှုပ်လိုက်တယ်၊ သူနဲ့အတူ သူ့ရဲ့သမီးလည်း ပါသွားတယ်"

ချူးလုစန်း စိတ်ဝင်စားသွားလေသည်။ ဆရာဖြစ်သူအကြောင်း နန်းတွင်းသိုင်းသမားကိုယ်တိုင် ပြောပြနေခြင်းဖြစ်၍ အလေးအနက် ယုံကြည်သွား၏။

"ဟုတ်ကဲ့ ... ဆက်ပြောပါဦး"

ယိကျွန့် သက်ပြင်းချလိုက်သည်။

"မင်းဆရာရဲ့အကြောင်း ကျုပ် ဒီထက်ပို မသိပါဘူး၊ အခု

www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ သူ ဘယ်မှာ ဖာတ်မြှုပ်နေတယ်ဆိုတာ ဘယ်သူမှလည်း မသိဘူး၊ သိချင်တဲ့လူတွေ အများကြီးပဲ၊ သိုင်းလောကတစ်ခုလုံးပဲ ဆိုပါတော့"

ချူးလုစန်း ခေါင်းညိတ်လိုက်သည်။ ယိကျန့်က ဆက်ပြော လိုက်သည်။

"ဒီတော့ မင်းရဲ့ဆရာ၊ ဒါမှမဟုတ် မင်းရဲ့ပညာသင်ဘက် ညီမကို ခြေရာခံမိအောင် လူတကာက မင်းကို ငါးစာအဖြစ် အသုံးချ ချင်ကြတယ်၊ ဒါကိုကော မင်းရိပ်မိရဲ့လား"

ချူးလုစန်း ခေါင်းညိတ်ပြန်သည်။

"ဟုတ်ကဲ့၊ အခုအချိန်မှာတော့ ကျုပ် ရိပ်စားမိနေပါပြီ"

ယိကျန့်က ပြုံးလိုက်သည်။

"မင်းကို အသုံးချချင်တဲ့လူတွေထဲမှာ အင်မတန် ကြောက် စရာကောင်းတဲ့ လျှို့ဝှက်အဖွဲ့အစည်းလည်း ပါနေတယ်၊ အဲဒါကို ကော သိပြီးပြီလား"

"သဲသဲကွဲကွဲ မသိသေးပါဘူး၊ မရဏမီးပုံးကို ပြောတာ လား"

ယိကျန့်က ...

"မဟုတ်ဘူး၊ ဒီထက်ကြောက်ဖို့ကောင်းတယ်၊ သိုင်းလော ကတစ်ခုလုံးကို ခြယ်လှယ်ချင်တဲ့ အဖွဲ့အစည်းတစ်ခုပဲ"



လျှို့ဝှက်အဖွဲ့အစည်းမှာ တကယ်ကြောက်စရာကောင်းမှန်း ချူးလုစန်း ရိပ်စားလာမိသည်။

သူက ယိကျန့်အား ကြည့်လိုက်ပြီး ...

"ကျုပ် ဘာကူညီပေးရမလဲ ပြောပါ"

လိုရင်းအား မေးမြန်းလိုက်သည်။ ယိကျန့်က ပြန်လည် စိုက် ကြည့်ရင်း ...

"ကောင်းပြီ၊ မင်းဟာ တရားမျှတစိတ်ရှိတဲ့ သိုင်းသမား ကောင်းတစ်ယောက်လို့ ကျုပ်ယုံကြည်ထားတယ်၊ ဒီတော့ အများ အကျိုးအတွက် ကျုပ်တို့ဥပဒေဘက်တော်သားတွေကို အကူအညီ ပေးနိုင်မလား"

ချူးလုစန်းက ချက်ချင်းတုံ့ပြန်ပြောဆိုလိုက်၏။

"တရားမျှတမှုအတွက်ဆိုရင် ကျုပ်က အသက်ပေးပြီး တောင် ကူညီနိုင်ပါတယ်"

သူ၏စကားကြောင့် ယိကျန့်၏မျက်နှာပေါ်ဝယ် ကျေနပ် သော အရိပ်အယောင်များ ပေါ်ထွက်လာသည်။

"အခုလို ကြားရတာ ဝမ်းသာပါတယ်၊ ကျုပ် အကူအညီ တစ်ခုလိုအပ်နေတယ်၊ အားလုံး စိတ်ဝင်စားနေတဲ့မင်းက ကူညီမှ ဖြစ်မှာမို့ပါ"

ချူးလုစန်း ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ပြောပါ"

ယိကျန့်က ...

"တစ်ခုသတိပေးချင်တာက ကျုပ်တို့ကို ကူညီဖို့ ဆုံးဖြတ်ထားပြီဆိုရင် လှုပ်ရှားမှုတိုင်းဟာ ဥပဒေဘောင်အတွင်းကပဲ ဖြစ်စေချင်တယ်"

"ကျုပ် လိုက်နာနိုင်ပါတယ်၊ ဘာကို ကူညီပေးရမယ်ဆိုတာသာ ပြောပါ"

ယိကျန့်က တည်ကြည်သော မျက်နှာထားဖြင့် ...

"တခြားမဟုတ်ပါဘူး၊ လျှို့ဝှက်အဖွဲ့အစည်းရဲ့ တည်နေရာ၊ ခေါင်းဆောင်နဲ့ အဖွဲ့ဝင်အင်အား ... အဲဒါတွေကို စုံစမ်းပေးဖို့ပါပဲ"

ချူးလုစန်း ခေါင်းညိတ်လိုက်သည်။

"ကျုပ် ကူညီပါ့မယ်"

"အဲဒီလျှို့ဝှက်အဖွဲ့အစည်းရဲ့ ဦးစီးခေါင်းဆောင်ဟာ မင်းရဲ့ဆရာပဲ ဖြစ်မလား၊ မရဏာမီးပုံးရှင်ပဲ ဖြစ်သလားဆိုတာတော့ ကျုပ်တို့မသိဘူး၊ ဘာပဲဖြစ်ဖြစ် ... အများအကျိုးကို ထိခိုက်စေမှာဖြစ်တဲ့အတွက် ပြတ်ပြတ်သားသား ဆောင်ရွက်ဖို့လိုတယ်"

ချူးလုစန်း ခေါင်းညိတ်လိုက်သည်။

"ကျုပ် နားလည်ပါတယ်၊ ဒီအဖွဲ့အစည်းရဲ့ခေါင်းဆောင်ဟာ ကျုပ်ဆရာဖြစ်ခဲ့ရင်တောင်မှ ဥပဒေဘောင်အတွင်း အရအမိ



မှာပါ"

ယိကျန့်မှာ ချူးလုစန်းအား လေးစားသွားမိသည်။

"အခုလို သိရတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မကြာခင် လျှို့ဝှက်အဖွဲ့အစည်းဟာ မင်းကိုလာပြီး ဆက်သွယ်မှာ သေချာတယ်၊ ဒီတော့ ... အဖွဲ့အစည်းတည်နေရာနဲ့ ခေါင်းဆောင်ကို စုံစမ်းပါ။ သိတာနဲ့တစ်ပြိုင်နက် ကျုပ်ဆီကို အကြောင်းကြားပါ၊ လိုအပ်တဲ့အကူအညီလည်း အချိန်မရွေး တောင်းနိုင်ပါတယ်၊ ကျုပ်လူတွေကိုလည်း လျှို့ဝှက်ပြီး စေလွှတ်ထားပါ့မယ်၊ သူတို့က ခင်ဗျားကို လာပြီး ဆက်သွယ်ပါလိမ့်မယ်"

ချူးလုစန်း သက်ပြင်းချလိုက်သည်။

လျှို့ဝှက်အဖွဲ့အစည်း၏အန္တရာယ်သည် သိုင်းလောကကြီးတစ်ခုလုံးအတွက်သာမက အများအကျိုးအတွက်ပါ ထိခိုက်လာပြီဖြစ်သည်ကို ချူးလုစန်း သဘောပေါက်သွားသည်။

"ကောင်းပြီ ... ဒီကိစ္စမှာ ကျုပ် အစွမ်းကုန် တာဝန်ယူဆောင်ရွက်ပါ့မယ်လို့ ကတိပေးပါတယ်"

"ဒီကိစ္စသာ အောင်မြင်ရင် နန်းတွင်းက မင်းကို ချီးမြှောက်ပါလိမ့်မယ်၊ ကဲ ... လူချင်းခွဲကြစို့"

ယိကျန့်သည် ပြောရင်း ချာခနဲလှည့်ထွက်ကာ ပြေးထွက်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ချူးလုစန်းသည်လည်း တံ့နှေးမနေတော့ဘဲ မြို့တွင်းသို့ ဝင်ရောက်လာခဲ့လေတော့သည်။

✿ ✿ ✿



## အားသာသော စားကွက်

ချူးလုစန်းသည် တည်းခိုခန်းသို့ တန်းရှုံပြန်သွားသည်။ တည်းခိုခန်းတွင် အရင်ဆုံး ရှောင်ဝှားနှင့်တွေ့ရသည်။

ချူးလုစန်းကို မြင်လျှင် ရှောင်ဝှားက အပြစ်ဆိုလာ၏။

"အစ်ကိုက ရန်သူနောက်လိုက်ရင်း ဘယ်ကိုပျောက်သွားတာလဲ၊ ကျွန်မတို့ရှာတာ တစ်မြို့လုံး နှံ့နေပြီ၊ ဘယ်မှာမှ ရှာမတွေ့ဘူး"

ရှောင်ဝှား၏အမေးကို သူက မဖြေဘဲ ...

"ဒါတွေ နောက်မှပြောပါ၊ ကြူးယွင်ကော"

"ကျွန်မတို့လည်း အခုတင် ပြန်ရောက်လာတာ၊ သခင်မလေးကတော့ အနားယူနေတယ်"

"ငါလည်း ဗိုက်ဆာပြီ၊ ဆိုင်လုလင်တစ်ယောက်ကို စီစဉ်ခိုင်းလိုက်ပါလား"

"ဟုတ်ကဲ့ ... ကျွန်မ သွားပြောလိုက်ပါ့မယ်"

ရှောင်ဝှားက ချက်ချင်းပင် ထွက်ခွာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချူးလုစန်းက ကြူးယွင်ထံသို့ ဝင်ရောက်သွားသည်။

"အစ်ကို ဘယ်ပျောက်သွားတာလဲ"

သူမက ဆီးကြိုမေးမြန်းလာသည်။ ချူးလုစန်းက မှုသား သုံးလိုက်၏။

"ရန်သူနောက်လိုက်ရင်း မျက်စိလည်လမ်းမှားသွားလို့ပါပဲ"

"ဟုတ်တာပေါ့၊ ကျွန်မတို့မှ ဒီနယ်မြေကို မကျွမ်းကျင်တာပဲ"

ထိုည သူတို့အားလုံး ညစာစားပြီးနောက် စောစောပင် အိပ်ရာဝင်ခဲ့ကြလေသည်။

နောက်တစ်နေ့ မိုးလင်းသည်နှင့် လုယန်မြို့သို့ ခရီးဆက်ထွက်ခဲ့သည်။

လုယန်မြို့သို့ သွားရာလမ်းတစ်လျှောက်တွင် ချူးလုစန်းက သိုင်းပညာရှင်သုံးဦးထံမှ ပူပူနွေးနွေးသင်ခဲ့သော သိုင်းပညာရပ်များကို အပြန်ပြန်အလှန်လှန် တွေးတောလာခဲ့သည်။

ညစဉ်ညတိုင်း လူခြေတိတ်ချိန်တွင် ယင်းသိုင်းပညာသုံးမျိုး



ကို ပြန်၍လေ့ကျင့်ကြည့်သည်။ သိစဉ်သိုင်းမှာ နက်နဲလွန်း၍ ထင်သည်။

ငွေမုတ်ဆိတ်သင်ပေးသော နည်းစနစ်အတိုင်း လေ့ကျင့်သောအခါ မည်သည့်ထူးခြားချက်မှ မတွေ့ရသလို မည်သည့်တိုးတက်မှုမှ မရှိပေ။

ဝို၍ စိတ်ပျက်ဖွယ်ကောင်းသည်မှာ ကြယ်တံခွန်သိုင်းပညာပင် ဖြစ်သည်။

ယင်းပညာကို လေ့ကျင့်ရာတွင် လုံးဝ အားမာန်မရှိပေ။ သူသည် ယင်းပညာနှစ်မျိုးစလုံးကို စိတ်မပါခဲ့ပါ။

သို့သော် ...

တတိယမျက်လုံး၏ဓားသိုင်းကို လေ့ကျင့်ရာတွင်မူ သူက စိတ်ဓာတ်တက်ကြွမိသည်။

သူသည် လေ့ကျင့်ရာတွင် အဆင်ပြေရုံမကပါ ယင်းဓားသိုင်း၏ထူးခြားချက်ကိုပင် လေ့လာသိရှိခဲ့ရသည်။

သို့သော် ...

ငရဲဓားသိုင်းဆယ့်နှစ်ကွက်မှာ ရက်စက်မှုကို အခြေခံထားသည်။

တစ်ဖက်ရန်သူအားတိုက်ခိုက်လျှင် ပွဲသိမ်းပြီးမှ ရပ်တန့်သွားသောသဘာဝ ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချူးလုစန်းသည် ရေခဲစားသိုင်းဆယ့်နှစ်ကွက်ကိုသာ အသား ပေး လေ့ကျင့်ခဲ့သည်။

သူသည် ထိုဓားသိုင်းအား နှစ်သက်လှသည်တော့ မဟုတ်ပါချေ။

အကြောင်းမှာ တစ်ဖက်ရန်သူအား အထိနာစေနိုင်သော ကြောင့် ဖြစ်သည်။

ဒုစရိုက်လူဆိုးများနှင့်တွေ့လျှင် ယင်းသိုင်းကွက် အား ထုတ်သုံးရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

✱

ဟန်ကွမ်းမြို့သို့ရောက်လာသောအခါတွင် ချူးလုစန်းသည် အကောင်းစားသံမဏိဖြင့် ပြုလုပ်ထားသော ဓားတစ်လက်အား ပန်း ပဲဖိုတွင် ပြုလုပ်နိုင်ခဲ့၏။

သူက ကြေးကြီးကြီးပေးခြင်းကြောင့် ပန်းပဲဆရာသည် အကောင်းတကာ့အကောင်းဆုံး ပြုလုပ်ပေးခဲ့သည်။

ဓားမှာ အလွန် ထက်မြက်ပြီး ပေါ့ပါးလွန်း၍ ချူးလုစန်းမှာ အလွန်ပင် သဘောကျခဲ့၏။



အနားယူသောအချိန်တွင် သူသည် ထိုဓားနှင့်ပင် ရေခဲစား ဆယ့်နှစ်ကွက်အား ထုတ်ဖော်လေ့ကျင့်ခဲ့လေသည်။

ဓားကောင်း တစ်လက်နှင့်လေ့ကျင့်ရ၍ ပို၍လျှင်မြန်ပေါ့ပါး ကာ ပို၍ အစွမ်းထက်လာသည်ဟုပင် ထင်ရပေသည်။

ရေခဲစားဆယ့်နှစ်ကွက်အား လေ့ကျင့်ပြီးစီးသောအခါတွင် လက်ခုပ်လက်ဝါးတီးသံ ထွက်ပေါ်လာသည်။

"အတော်အဆင့်မြင့်တဲ့ ဓားသိုင်းပါလား၊ အစ်ကိုက ကျွန်မ တို့ရှေ့မှာ ပညာလျှို့ထားတာကိုး"

အသံနှင့်အတူ ကြူးယွင် ဝင်ရောက်လာသည်။ ချူးလုစန်း က ပြုံး၍ ...

"လျှို့ထားတာ မဟုတ်ပါဘူး ညီမရယ်၊ ဒီဓားပညာက ရက် စက်ရာကျလို့ တမင်မသုံးတာပါ"

ကြူးယွင်က စဉ်းစဉ်းစားစားဖြင့် ...

"ကျွန်မက ဓားပညာမကျွမ်းကျင်ပေမယ့် ရှင် အခု လေ့ ကျင့်တဲ့ ဓားသိုင်းက အတော်အဆင့်မြင့်မှန်း ရိပ်မိပါတယ်၊ တကယ့် တကယ် အကျဉ်းအကြပ်ထဲ ရောက်လာခဲ့ရင် ဒီဓားသိုင်း အသုံးပြု တာ ပိုပြီး လုံခြုံမှု ရှိနိုင်မှာပါ"

"ညီမပြောတာ မှန်တယ်၊ နောက်ဆိုရင် ဒီဓားသိုင်းကို ငါ ဆက်ပြီး လေ့ကျင့်သွားမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင် ချူးလုစန်းသည် သိုင်းပညာကို စိုးကြောင် နိုးဟုက်လေ့ကျင့်ရန် မလိုတော့ဘဲ ကြူးယွင်ရှေ့တွင် လွတ်လွတ်လပ် လပ် လေ့ကျင့်နိုင်တော့၏။

ဤသည်မှာ မမျှော်လင့်သော တိုးတက်မှုတစ်ရပ်ပင် ဖြစ် သည်ဟု ဆိုနိုင်ပေသည်။

✵

နောက်တစ်နေ့ မိုးလင်းသောအခါ ခရီးဆက်ကြပြန်သည်။

ထိုနေ့ညနေခင်းတွင် မြို့ကလေးတစ်မြို့သို့ ရောက်လာ သည်။

အချိန်လင့်ပြီဖြစ်၍ ဧည့်ရိပ်သာတစ်ခုသို့ ဝင်တည်းပြီး နောက် ညစာစားရန် စားသောက်ခန်းသို့ သွားကြသည်။

စားသောက်ခန်းသို့ဝင်မိသောအခါ မမျှော်လင့်ဘဲ ပြဿနာ တက်ကြသည်။

အဘယ်ကြောင့်ဆိုသော် ချူးလုစန်းသည် မိန်းမချောလေး နှစ်ယောက်နှင့်တွဲသွားတွဲလာနေ၍ အမူးသမားတစ်စုနှင့် ပြဿနာ တက်ခဲ့ခြင်းဟု ဆိုရပေမည်။



သူတို့သည် စားသောက်ဆိုင်အတွင်းမှ လူဆိုးသွမ်း သူဌေး သားလီထိုက်နှင့် တွေ့ဆုံရာမှစ၍ ပြဿနာတက်ခဲ့ခြင်းပင် ဖြစ်ပေ တော့သည်။

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com



## ပညာဝုဏ်မောက်သူ

သူခွေးသားလီထိုက် ...

လီထိုက်သည် မိန်းမပွေကာ အလွန်ပြဿနာရှာသူတစ်ဦး ဖြစ်သည်။

သူသည် ရှောင်လင်ဘုန်းတော်ကြီး ချူကျို့ထံမှ ပညာ အမွေရထား၍ ဘဝင်မြင့်နေသူလည်း ဖြစ်သည်။

ယခု ရှောင်ဝှားနှင့်ကြူးယွင်တို့အား တွေ့လျှင် လီထိုက် သဘောကျသွားလေသည်။

သူသည် ပြဿနာဖန်တီးရန် အစပျိုးလိုက်၏။ အဖော်ဖြစ် သူအား ...

"ဟေ့ ထိုက်ကြီး ... ဟိုမိန်းကလေးနှစ်ယောက်ကို ငါ သဘောကျတယ်"

မကွယ်မဝှက် ပြောလိုက်၏။ သူ၏မျက်လုံးအစုံမှာမူ ကြူး ယွင်နှင့်ရှောင်ဝှားတို့ဆီသို့ စူးစိုက်ကြည့်နေ၏။

ထိုက်ကြီးသည် ဆရာသမား၏စရိုက်ကို သိသူပီပီ ချက်ချင်း



သဘောပေါက်သွားသည်။

"သခင်လေး အေးအေးဆေးဆေး ထိုင်နေပါ။ ကျွန်တော် ကြည့်လုပ်ပေးပါ့မယ်"

ထိုက်ကြီးက မျက်နှာလို မျက်နှာရဖြင့် ရဲရဲဝံ့ဝံ့ အာမခံ ပြော ကြားလိုက်သည်။

အမှန်ဆိုမူ ထိုက်ကြီးသည် လီထိုက်၏အစေအပါးသာ ဖြစ်ပေသည်။

သိုင်းပညာ အတော်အသင့် တတ်ထား၏။ သူ၏ အရည် အချင်းမှာ သူခွေးသားလီထိုက်ကို ကပ်ဖားရပ်ဖား ပြုလုပ်နိုင်ခြင်း ပင် ဖြစ်ပေတော့သည်။

✽

ချူးလုစန်းတို့လူစုသည် လက်နက်ကိုယ်စီကိုင်ဆောင်ထား ကြသည်။

ဤသည်ကို ထိုက်ကြီးတွေ့ရှိထားသည်။

သို့သော် သူသည် လုံးဝအမှုမထားဟန်ဖြင့် ချူးလုစန်းတို့ ထံသို့ တန်းတန်းမတ်မတ်ပင် လျှောက်သွားလေသည်။ ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



ခက်ထန်သောလေသံဖြင့် ...

"ဟေ့ ... မင်းတို့ ဘာလာလုပ်ကြတာလဲ"

ဟု မေးလိုက်လေသည်။

"ကျုပ်တို့ကို မေးတာလား"

ချူးလုစန်းက နားမရှင်းဟန်ဖြင့် မေးလိုက်၏။

ထိုက်ကြီး မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတို့ကို မမေးရင် ဘယ်သူ့ကို မေးရမှာလဲ"

ထိုက်ကြီး၏ ရိုင်းပျမှုကြောင့် ချူးလုစန်း ဒေါပွသွား၏။

"တို့ ဘာလုပ်လုပ် မင်းနဲ့ ဘာဆိုင်လဲ"

"ဆိုင်တာမှ သိပ်ဆိုင်တာပေါ့"

"ဘာလဲ မင်းက လူမိုက်လား"

ချူးလုစန်းက ဘုကျကျ ပြန်မေး၏။ ထိုက်ကြီး ရယ်မော ကာ ...

"လူမိုက်ဆရာကွ၊ ကဲ ငါ ရှင်းရှင်းပြောမယ်၊ ညက ငှါသခင် လေးရဲ့ လက်ဝတ်ရတနာအချို့ အခိုးခံလိုက်ရတယ်၊ မင်းတို့ သုံး ယောက်နဲ့ ပတ်သက်နိုင်တယ်"

"အရမ်းကာရော စွပ်စွဲရအောင် မင်းက ဘာအထောက် အထား ပြနိုင်လို့လဲ"

ထိုက်ကြီးက ခပ်တည်တည်ဖြင့် ...



"ငှါသခင်လေးက မင်းတို့အပေါ် မယုံသင်္ကာဖြစ်နေပြီပဲ၊ အထောက်အထားပြဖို့ လိုသေးလား"

ချူးလုစန်း ဒေါပွသွားသည်။ ရှောင်ဝှားက သည်းမခံနိုင်ဘဲ

"ရှင့်သခင်လေးက ဘယ်သူလဲ၊ သတ္တိရှိရင် ခေါ်ခဲ့"

ထိုက်ကြီး ဟက်ခနဲ ရယ်မောလိုက်သည်။

"ငှါသခင်လေးက လီထိုက်လို့ခေါ်တယ်၊ ဒီမြို့မှာ ငှါသခင် လေးကို မသိတဲ့လူ မရှိဘူး၊ မင်းတို့ မိန်းကလေးနှစ်ယောက်ကို ငှါ သခင်လေးက မျက်စိကျသွားရင် ခုနပြောတဲ့ကိစ္စကို ဘေးချိတ်ထား ချင်ထားမယ်"

သူ၏စကားမဆုံးမီ ...'ဖြန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။ ထိုက်ကြီး ချာခနဲ လည်ထွက်သွား၏။

သူက မရှောင်တိမ်းနိုင်ဘဲ ရှောင်ဝှား၏ ပါးရိုက်ခြင်းကို ခံ လိုက်သည်။

ပြင်းထန်သောရိုက်ချက် ကြောင့် ပါးစပ်ထဲမှ သွေးများပင် စီးကျလာသည်။

ထိုက်ကြီး ဒေါသ ထွက်သွားသည်။

"တောက် ... တွေ့မယ်"

ပြောရင်း ရှေ့တိုးလာသည်။ ရှောင်ဝှားက လက်မနှေးပါ။

www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်း"

အော်ငေါက်ကာ ကျနံပါးတစ်ဖက်အား ရိုက်ချလိုက်ပြန်သည်။

ယခုတစ်ကြိမ်တွင်လည်း လျင်မြန်သောရိုက်ချက်ကို ထိုက်ကြီး မရှောင်နိုင်ပါချေ။

'ဖြန်း'

မြည်သံနှင့်အတူ တစ်ပတ်လည်သွား၏။ သူ၏ပါးပြင်တစ်ခုလုံး ချက်ချင်းပင် နီရဲ၍ရောင်ကိုင်းလာလေသည်။

ထိုက်ကြီး မျက်နှာပျက်သွားသည်။

"မင်း ... မင်း"

ရှောင်ဗွား၏ပညာ မခေမွန်း သဘောပေါက်သွားသည်။ ချက်ချင်းပင် လီထိုက်ဘက်လှည့်ကာ ...

"သခင်လေး လာပါဦး၊ သူတို့ ရမ်းကားနေတယ်"

ဟု အော်ပြောလိုက်၏။

လီထိုက်က ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာသည်။ သူ၏မျက်နှာတစ်ခုလုံး တင်းမာခက်ထန်နေ၏။ စားပွဲအနီးသို့ရောက်လျှင် ခြေလှမ်းရပ်တန့်ကာ ...

"မိန်းကလေးက တယ်ဟုတ်ပါလား။ ဒါပေမဲ့ မင်းတို့က သိုင်းပညာအားကိုးပြီး ဒီမြို့မှာ ထင်ရာစိုင်းဖို့ကြံရင်တော့ အကြီးအကျယ်



မှားသွားမယ်၊ မင်းတို့နှစ်ယောက် အသာတကြည်လိုက်ခဲ့ပါ"

"မလိုက်ဘူးဆိုရင်ကော"

"မလိုက်ရင် ငါ့အကြောင်းသိမှာပေါ့"

ချူးလုစန်း မနေနိုင်တော့ပါ။

ဝုန်းခနဲ ထရပ်ရင်း ...

"ခရီးသွားဧည့်သည်တွေကို မင်းတို့က ပြဿနာရှာနေတာကိုး၊ ကောင်းပြီ တစ်နေရာသွားပြီး စာရင်းရှင်းရအောင်"

ဟု စိန်ခေါ်လိုက်သည်။ လီထိုက်သည် ချူးလုစန်းအား အထင်သေးဟန်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး ...

"ကောင်းပြီ ... မြို့တံခါးဝမှာတွေ့မယ်"

ခပ်ပြတ်ပြတ် ပြောလိုက်တော့သည်။ မြို့တံခါးမအနီးတွင် မြေကွက်လပ်တစ်ခု ရှိ၏။

ချူးလုစန်းတို့သုံးဦးသည် မြေကွက်လပ်ထဲ လျှောက်လာခဲ့ကြသည်။

ချူးလုစန်းတို့သုံးဦး ရောက်သွားချိန်တွင် လီထိုက်သည် နောက်လိုက်တစ်စုနှင့်အတူ မြေကွက်လပ်ထဲတွင် နေရာယူထားပြီးဖြစ်သည်။

လီထိုက်အားကြည့်ကာ ရှောင်ဗွား အံတစ်ချက်ကြိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကို ကျွန်မ ဆုံးမလိုက်မယ်"

သူမက ပြောလာသည်။ ချူးလုစန်း ခေါင်းယမ်းလိုက်သည်။

"ငါပဲ ကြည့်ရှင်းမယ်"

ချူးလုစန်းသည် ပြောရင်း ဆောင်ဓားကို ဆွဲထုတ်လိုက်ေ
သည်။

ထို့နောက် မြေကွက်လပ်အလယ်သို့ လျှောက်သွားသည်။
လီထိုက်၏ လူများအား တစ်ချက်ဝေ့ကြည့်ကာ ...

"ဘယ်သူယှဉ်မှာလဲ ... ကြိုက်တဲ့လူ တက်ခဲ့"

ဟု စိန်ခေါ်လိုက်၏။ လီထိုက်ဘက်မှ မကျေမနပ် ဖြစ်သွ
ကြသည်။

လူတစ်ယောက်သည် ချက်ချင်းပင် ခုန်ထွက်လာ၏။

ထိုလူ၏လက်ထဲတွင် ဓားရှည်တစ်လက်ရှိနေ၏။ ထိုလူ
သည် အသက်လေးဆယ်ခန့်ရှိကာ အညိုရောင်အဝတ်အစားမျ
ဝတ်ဆင်ထားသည်။

သူက ချူးလုစန်းနှင့် မျက်နှာချင်းဆိုင်မိသည်နှင့် ...

"ယား"

ဗြာသံပေးကာ ရုတ်ခြည်းတိုက်ခိုက်လာသည်။ ထိုလူ၏
ဓားချက်သည် သွက်လက်မြန်ဆန်လှသည်။

ထိုလူ၏ဓားပညာ မဆိုးလှကြောင်း ချူးလုစန်း အကဲခ



လိုက်မိသည်။ သို့သော် သူက အမှု မထားသေးပါချေ။

"သတိထား"

အော်ဟစ်လိုက်၏။ တစ်ဆက်တည်း သူ မရှောင်တိမ်းဘဲ
တုံ့ပြန်တိုက်ခိုက်လိုက်၏။ နှစ်ဦးသား ရင်ဆိုင်မိလျှင် ...

'ချွင်'

'ချွင်'

ဓားချင်းထိတော့သံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။
မရှေးမနှောင်းမှာပင် ...

"အား"

အော်သံတစ်ချက် ထွက်ပေါ်လာသည်။ အညိုရောင် ဝတ်
ဆင်ထားသူသည် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားသည်။

သူ၏ဝဲဘက်ပခုံးမှာ သွေးခြင်းခြင်း နီရဲနေ၏။ ချူးလု
စန်းလက်ချက်ကြောင့် ဒဏ်ရာပြင်းထန်စွာ ရရှိသွားပြီဖြစ်သည်။

မိမိ၏လူမှာ တစ်ကွက်တည်းနှင့် ရှုံးနိမ့်သွား၍ လီထိုက်
မျက်နှာပျက်သွားသည်။

'တောက်'

မကျေမနပ်ဖြင့်လည်း တက်တစ်ချက် ခေါက်လိုက်မိ၏။
သူ၏မျက်နှာပေါ် ဝယ်ရန်လိုသောဟန်မူရာများ ရုတ်ခြည်းပေါ်လွင်
လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ချွမ်း'

ချက်ချင်းပင် အသင့်ယူဆောင်လာသော ဓားအား ဆွဲထုတ်လိုက်သည်။

ထို့နောက် ရှေ့သို့လျှောက်သွားကာ ချူးလုစန်းနှင့် မျက်နှာချင်းဆိုင်လိုက်လေသည်။

ချူးလုစန်းအား စေ့စေ့ကြည့်ကာ ...

"မင်းနာမည် ဘယ်လိုခေါ်လဲ"

မာရေကျောရေဖြင့် မေးလာသည်။

"ချူးလုစန်း"

ချူးလုစန်းက တုံးတိတိ ပြန်ဖြေ၏။ လီထိုက်မျက်နှာ မဲ့လိုက်သည်။

"လက်စသတ်တော့ အာ့မခံပစ္စည်းတွေ အချောင်နှိုက်သွားတဲ့ အကြံသမားကိုး၊ မင်း ဒီမြို့ကိုလာတာ ကံဆိုးသွားပြီ"

ချူလုစန်း ပခုံးတွန့်လိုက်သည်။

"မင်းက ငါ့ဆီက ဝေစုလိုချင်လို့လား"

ချူးလုစန်း၏စကားကြောင့် လီထိုက် သဘောကျစွာ ရယ်လိုက်သည်။

"ဟား ဟား ဟား ... ရယ်စရာကောင်းလိုက်တာ၊ ငါ့မှာ ငွေရှိတယ်ကွ၊ မင်း အချောင်ယူထားတဲ့ငွေတွေကို ဂရုမစိုက်ဘူး"



သူက ချူးလုစန်းအား အထင်သေးဟန်ဖြင့်ကြည့်ကာ ဆက်ပြောလာသည်။

"မင်းလို အချောင်သမား၊ သစ္စာမရှိတဲ့လူတစ်ယောက်က ငါနဲ့လာတွေ့တာ ကံဆိုးတာပဲ၊ ငါက မင်းကို မှတ်လောက်အောင် ဆုံးမပစ်မယ်"

ချူးလုစန်း သက်ပြင်းချလိုက်၏။ မကျေနပ်စိတ်အား ချိုးနှိမ်ကာ ...

"ဘာမဟုတ်တဲ့သတင်းစကားတွေကို မယုံပါနဲ့၊ ကိုယ်နဲ့မဆိုင်ရင် အေးအေးဆေးဆေးနေတာ ကောင်းမယ်ထင်တယ်"

လီထိုက် မဲ့လိုက်၏။

"အချောင်သမားကများ အပိုတွေ ပြောလာသေးတယ်၊ အလကားကောင်"

ချိုးနှိမ်ပြောလာ၏။

သူ၏ပညာဂုဏ်မောက်တာ မတူမတန်သလို ယူဆနေခြင်းဖြစ်သည်။

ချူးလုစန်း ဒေါသထောင်းခနဲ ထွက်သွားသည်။

"အပိုစကားတွေ ပြောမနေနဲ့၊ တိုက်စရာရှိတာသာတိုက်ပါ"

လီထိုက်က ဓားကို တစ်ချက်ဝှေ့ယမ်းကာ ...

"အချောင်သမား သတိထားပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ချူးလုစန်း၏ဒေါသအား ဆွကာ စတင်တိုက်ခိုက်လိုက်လေသည်။

လီထိုက်၏ဓားချက်မှာ လျှင်မြန်သွက်လက်သည်။ ပညာသားပါကာ အဆင့်မြင့်လှသည်။

လီထိုက်၏သိုင်းပညာ မညံ့မှန်း ချူးလုစန်း အကဲခတ်မိလိုက်သည်။

သူက ဓားဖြင့် ပြန်လည်ခုခံပေးလိုက်၏။

တစ်ခဏအတွင်းမှာပင် သိုင်းငါးကွက်ကျော်မျှ ယှဉ်ပြိုင်လိုက်ပြီး ဖြစ်သည်။

လီထိုက် မချင့်မရဲ ဖြစ်သွားသည်။

"အချောင်သမားက မဆိုးပါလား၊ ဒါပေမဲ့ ... မင်း ဘယ်လောက် ခုခံနိုင်မလဲဆိုတာ ကြည့်ရသေးတာပေါ့"

ပြောရင်း ပြင်းထန်စွာ တိုက်ခိုက်လာသည်။ ယခုတစ်ကြိမ်လီထိုက်၏တိုက်ခိုက်မှုမှာ ပြင်းထန်လှပေသည်။

လီထိုက်သည် ရှောင်လင်ဘုန်းတော်ကြီးထံမှ သိုင်းပညာလေ့လာဆည်းပူးခဲ့သူ ဖြစ်သည်။ ထို့ကြောင့် ဓားချက်တိုင်း အဆင့်မြင့်နေ၏။

ချူးလုစန်း၏ခန္ဓာကိုယ် ယိမ်းနွဲ့ကာ မွတ်ကာသီကာ ရှောင်တိမ်းလိုက်၏။ သိုင်းကွက် ဆယ်ကွက်ကျော်သွားပြီဖြစ်သည်။



ချူးလုစန်းက ပြန်မတိုက်သေးပါ။ လွတ်အောင် ရှောင်နိုင်ခဲ့သည်ချည်းပင်။

"တောက်"

လီထိုက် ခံပြင်းသွားသည်။ သူက အပြင်းအထန် တိုက်ခိုက်ခဲ့ပြီးဖြစ်သည်။

သို့သော် ချူးလုစန်း၏အင်္ကျီစကိုပင် ထိအောင် မတိုက်ခိုက်နိုင်သေးပါချေ။

သူက ဒေါသတကြီးဖြင့် ...

"ဟေ့ကောင် မင်းက ဘာလို့ ပြန်မတိုက်တာလဲ၊ ကြောက်လို့လား"

ခံပြင်းစွာဖြင့် ပြောလိုက်သည်။ ချူးလုစန်း ပြုံးလိုက်သည်။

"ကျုပ်က ကြောက်လို့မဟုတ်ဘူး၊ မင်း တစ်ခုခု ဖြစ်သွားမှာ စိုးလို့ပါ"

"ဘာကွ"

လီထိုက်၏အသံ ဟိန်းထွက်လာသည်။ ချူးလုစန်းက သူ့အား ပညာသားပါပါဖြင့် စော်ကားလာသည် မဟုတ်ပါလား။

"ဟေ့ကောင် အပိုတွေ ပြောမနေနဲ့၊ သတ္တိရှိရင် တိုက်စမ်း"

ဒေါသတကြီး အော်ပြောလိုက်သည်။ ချူးလုစန်းက လေသံအေးအေးဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ငါမတိုက်ချင်ဘူး၊ မင်းတို့ အေးအေးဆေးဆေး ထွက်သွားရင် ကောင်းမယ်"

ဟု ပြောလိုက်လေသည်။

လီထိုက် အံကြိတ်လိုက်သည်။

"အလကားကောင်၊ မင်းဟာ အချောင်သမားတင် မဟုတ်ဘူး သတ္တိပါကြောင်တဲ့လူကိုး"

ကဲ့ရဲ့ရှုတ်ချလိုက်၏။ ချူးလုစန်း သက်ပြင်းချလိုက်သည်။ လီထိုက်အားစိုက်ကြည့်ကာ ...

"မင်းက ဒီလောက်အသားနာချင်မှတော့ ပြန်တိုက်ရတာပေ့ါ၊ တစ်ခုတော့ သတိပေးချင်တယ်"

"ဘာလဲ"

"ငါ့ရဲ့ဓားသိုင်းက နည်းနည်းရက်စက်တယ်၊ ခြေလွန် လက်လွန်ဖြစ်ရင် ငါ့အဆိုးမဆိုနဲ့"

အေးတိအေးစက်လေသံဖြင့် ပြောလိုက်သည်။ လီထိုက် ရှူးရှူးရှဲရှဲ ဖြစ်သွားသည်။

"မင်းကများ လူပါးဝလို့ ငါ့ကိုနိုင်အောင် တိုက်စမ်းပါဦးကွ"

ချူးလုစန်း သက်ပြင်းချလိုက်သည်။

လီထိုက်အား ပညာပေးမှ ဖြစ်တော့မည်မှန်း ရိပ်စားမိလိုက်သည်။



ထို့နောက် လီထိုက်အား နောက်ဆုံးအကြိမ် သတိပေးလိုက်၏။

"ကဲ ငါစတိုက်ပြီ၊ မင်း သတိထားပေတော့"

စကားဆုံးလျှင် ရှေ့သို့ ခုန်ထွက်ကာ စတင်တိုက်ခိုက်လိုက်တော့သည်။ သူ၏တိုက်ခိုက်မှုမှာ လေပွေမုန်တိုင်း တိုက်ခတ်သကဲ့သို့ ပြင်းထန်လှပေသည်။

လီထိုက်၏ အဝတ်အစားများ လေဟာပ်မှုကြောင့် တဖျပ်ဖျပ် လှုပ်ခါသွားလေသည်။

"ဟာ"

လီထိုက် လွှတ်ခနဲ ရေရွတ်လိုက်၏။ မျက်လုံးအစုံကလည်း ပြူးကျယ်သွားလေသည်။

ဓားရိပ်များသည် မိုးစက်များသဖွယ် ကျရောက်လာ၏။ လီထိုက် အသည်းအသန်ပင် ခုခံကာကွယ်ပေးလိုက်ရလေသည်။

'ချွင်'

'ချွင်'

ဓား ဓားချင်းထိခတ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

လီထိုက် ကပျာကယာ နောက်ဆုတ်သွားသည်။ သူ၏ ဓား ကိုင်လက်တစ်ခုလုံး ထုံကျဉ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ ခားချက်ကြောင့် အကျီလက်အချို့မှာ စုတ်ပြဲကုန်လေသည်။

ချူးလုစန်းက လိုက်လံမတိုက်ခိုက်ပါ။

ခားကို ရုပ်သိမ်းကာ ရုပ်တန့်လိုက်သည်။ သူက လီထိုက်အား အတတ်နိုင်ဆုံး သက်ညှာလိုက်ခြင်းပင် ဖြစ်သည်။

သူသာ တကယ်တိုက်ခိုက်လျှင် လီထိုက်၏ခန္ဓာကိုယ်တွင် ဒဏ်ရာသုံးလေးချက်ထက်မနည်း ရသွားမည်သာဖြစ်ပေသည်။

"မင်း ... မင်း"

လီထိုက်သည် သူ့အား မျက်လုံးပြူးကာ ကြည့်လာ၏။ ချူး လုစန်းက အေးတိအေးစက်ကြည့်ကာ ...

"မင်းတို့ ဆက်ပြီး မနှောင့်ယှက်ရင် ကောင်းမယ်"

ဟု ပြောလိုက်လေသည်။ လီထိုက် အံကြိတ်လိုက်သည်။ ချက်ချင်းပင် ...

"တိုက်ကြစမ်း"

သူ၏လူများအား အော်ဟစ်အမိန့်ပေးလိုက်လေသည်။

"ယား"

"သေပေတော့"

လီထိုက်၏အဖော်များသည် ဗြာသံပေး အော်ငေါက်ကာ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လာကြသည်။



ချူးလုစန်း မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတို့ ဘာတတ်နိုင်မှာမို့လဲ"

စကားဆုံးလျှင် ခားကိုင်လက်အား ခပ်သွက်သွက်ဝှေ့ယမ်းလိုက်လေသည်။ ဝင်းလက်သော ခားရောင်များ ထွက်ပေါ်လာသည်။ မရှေးမနှောင်းမှာပင် ...

"အား"

"အွန့်"

"အောင်မယ်လေး"

နာကျင်သော အော်ဟစ်သံများ ထွက်ပေါ်လာသည်။ လီထိုက်၏အဖော်များ ကပျာကယာ နောက်ဆုတ်သွားကြလေသည်။

သူတို့၏ခားကိုင်လက်များတွင် အသီးသီးဒဏ်ရာရရှိသွားကြလေသည်။

သူတို့သည် ချူးလုစန်းအား ကြောက်ရွံ့စွာဖြင့် ကြည့်နေမိကြလေသည်။

လီထိုက် မျက်နှာပျက်သွားသည်။ ချူးလုစန်း၏ သိုင်းပညာမှာ အလွန်ထက်မြက်နေသည်ဟု နားလည်လိုက်၏။ သူက အံတစ်ချက် ကြိတ်လိုက်သည်။

တပည့်များရှေ့တွင် သူက အရှက်မကွဲလိုပါ။ ဤမြို့တွင် သူက ဗိုက်ကျလာခဲ့သည်မှာ ကြာပြီဖြစ်သည်။ ယခုကဲ့သို့ တစ်ခါမျှ

www.burmeseclassic.com

www.burmeseclassic.com



မရှုံးနိမ့်ခဲ့ဖူးပါချေ။

သူ၏စိတ်ထဲတွင် ထိတ်လန့်မှုထက် ဒေါသနှင့် ခံပြင်းစိတ်များ ပေါက်ဖွားလာသည်။

"သေပေတော့"

အော်ငေါက်ကာ လက်နက်ပုန်းများအား အလစ်အငိုက်ဖမ်းကာ ပစ်လွှင့်လိုက်၏။

တစ်ဆက်တည်းပင် ...

"ယား"

ဟြာသံပေးကာ ဓားငွေ့ယမ်းရင်း ခုန်ဝင်ကာ ချူးလုစန်း အားတိုက်ခိုက်လိုက်လေသည်။

သူသည် အပိုင်တွက်ဆကာ တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

ချူးလုစန်းသည် လက်နက်ပုန်းကို ရှောင်သည်နှင့်တစ်ပြိုင်နက် သူ၏ဓားချက် ထိမှန်သွားမည်သာဖြစ်၏။ သို့သော် တကယ်ကမ်းတွင် သူထင်သလို ဖြစ်မလာပါချေ။

ချူးလုစန်းသည် လက်နက်ပုန်းများအား ဝဲဘက်လက်ဖြင့်ဖမ်းယူလိုက်၏။

တစ်ဆက်တည်းပင် ယာဘက်လက်ဖြင့် ဓားကို ခပ်သွက်သွက် ဝှေ့ယမ်းလိုက်လေသည်။



သူ၏လှုပ်ရှားမှုမှာ တစ်သားတည်းကျသွားလေသည်။

လက်နက်ပုန်းအား ဖမ်းယူပြီးသောအချိန် ပိုင်ဖြိုဟု တွက်ဆကာ ဝင်ရောက်လာသော လီထိုက်ထံသို့ ချူးလုစန်း၏ဓားမှာ မြွေလိမ် မြွေကောက်သဖွယ် တိုးဝင်သွားလေသည်။

"ဟာ"

လီထိုက် အထိတ်တလန့် ရေရွတ်လိုက်၏။ တိုက်ခိုက်မှုကို ရုပ်သိမ်းကာ ကပျာကယာ နောက်ပြန်ဆုတ်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော် နောက်ကျသွားပြီဖြစ်လေသည်။ ချူးလုစန်း၏ဓားမှာ သူ၏ရင်ဘတ်အား အသာပွတ်ဆွဲသွားလေသည်။

"အား"

လီထိုက် အထိတ်တလန့် အော်လိုက်မိသည်။ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ သူ၏ရင်ဘတ်တွင် သွေးခြင်းခြင်းနီရဲနေ၏။

သို့သော် အပေါ်ယံသာ ရှပ်ထိ၍ မပြောပလောက်ပါချေ။ သို့သော်လည်း လီထိုက်၏စိတ်ထဲတွင်ကား ထိတ်လန့်တုန်လှုပ်၍နေချေပြီ။

ချူးလုစန်းသာ အားအနည်းငယ်စိုက်လိုက်ပါက သူသည် သေလူဖြစ်သွားမည်သာ ဖြစ်လေသည်။ လီထိုက်၏တစ်ကိုယ်လုံး

www.burmeseclassic.com

www.burmeseclassic.com



ချေးများ ရွှဲနစ်နေလေသည်။

ချူးလုစန်းကိုလည်း မျက်လုံးပြူးကာ ကြည့်နေသည်။ ချူး

လုစန်းက သူ့အား ပြုံးပြကာ ...

"မင်း အခုလောက်ဆို သဘောပေါက်သင့်ပြီ၊ ထွက်သွားရင်

ကောင်းမယ်"

ဟု အေးတိအေးစက်လေသံဖြင့် ပြောလိုက်လေသည်။ လီ

ထိုက်၏ မျက်နှာသိသိသာသာ ပျက်သွားသည်။

အံတင်းတင်းကြိတ်ကာ ...

"မင်းကို ငါမကျေဘူးမှတ် ... သတိထားနေ"

ကြိမ်းမောင်းပြောဆိုလိုက်၏။ ထို့နောက် တပည့်များအား

ခေါ်ကာ သုတ်ခြေတင်ကာ ထွက်ပြေးသွားလေတော့သည်။

ချူးလုစန်း လေပူတစ်ချက် မှုတ်ထုတ်လိုက်လေတော့သည်။

✹ ✹ ✹



## အတားအဆီး

နောက်တစ်နေ့ ...

ချူးလုစန်းတို့ ဆက်လက်၍ ခရီးထွက်ခဲ့ကြသည်။

လမ်းခရီးတစ်လျှောက် အေးအေးဆေးဆေးဖြစ်သော်လည်း တောင်ကြားတစ်ခုကို ဖြတ်ကျော်မိသောအခါတွင် အနှောင့်အယှက် ကြုံခဲ့ရတော့သည်။

သူတို့အား လူတစ်စုက လမ်းပိတ်ထားခဲ့၏။ လမ်းပိတ်ထားသူများမှာ ဘုန်းတော်ကြီးသုံးပါးပင် ဖြစ်လေသည်။

ဘုန်းတော်ကြီးသုံးပါးသည် ချူးလုစန်းတို့၏သွားလမ်းကို ပိတ်ဆို့လျက် ရပ်နေ၏။

ခေါင်းဆောင်ဖြစ်သော ဘုန်းတော်ကြီးမှာ ထိပ်တန်းသိုင်းပညာရှင်တစ်ဦးဖြစ်မှန်း သိသာလှပေသည်။

ကျန်ဘုန်းတော်ကြီး နှစ်ဦးကား အသက်မငယ်တော့ပါ။

အသက်ခြောက်ဆယ်နီးပါးရှိပြီဟု ခန့်မှန်းရ၏။ ချူင်ဖုံးသည် ဘုန်းတော်ကြီးသုံးပါးကို တစ်ချက် ဝေ့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူမက မဲ့ပြုံးတစ်ချက်ပြုံးကာ ...

"ဘုန်းတော်ကြီးတွေက ခရီးသွားတွေကို နှောင့်ယှက်ဖို့ တောင် ကြံနေပြီ၊ အံ့သြစရာပဲ"

ထိုစကားကြောင့် ဘုန်းတော်ကြီးသုံးပါး မျက်နှာကွက်ခနဲ ပျက်သွားကြလေသည်။

ခေါင်းဆောင်ဖြစ်ဟန်တူသော ဘုန်းကြီးက သက်ပြင်းချကာ

"ကျုပ်တို့က နှောင့်ယှက်တာ မဟုတ်ပါဘူး"

ရှောင်ဝှားက ပခုံးတွန့်ကာ ...

"ဒါဖြင့် ဘာကြောင့် လမ်းပိတ်ထားရတာလဲ"

ဟု မေးလိုက်လေသည်။ ခေါင်းဆောင်ဘုန်းကြီးက တည် ကြည်သော မျက်နှာထားဖြင့် ...

"မင်း အထင်မှားနေပြီ၊ ကျုပ်တို့က လမ်းပိတ်ချင်လို့ ပိတ် တာ မဟုတ်ပါဘူး၊ မကောင်းတဲ့လူကို ဖယ်ချင်လို့၊ ဒါမှလည်း ကောင်း တဲ့သူတွေ သက်သာရာရမယ်၊ အခုတစ်လော လူဆိုးတွေ သိပ်လှုပ် ရှားနေတယ်"

'ဘုန်းတော်ကြီးရဲ့ ဘွဲ့နာမည်ကို သိခွင့်ပြုပါ"

ကြူးယွင်က ဝင်ရောက်မေးမြန်းလိုက်သည်။ ဘုန်းတော် ကြီးက ...

"ကျုပ်ဘွဲ့နာမည် ကုရှိုလို့ခေါ်တယ်"



ကြူးယွင် အံ့သြသွားသည်။

"လက်စသတ်တော့ သံမဏိတောင်ဝှေးကိုယ်တော်ပဲကိုး၊ အခုလိုတွေ့ရတဲ့အတွက် ဂုဏ်ယူပါတယ်၊ အရှင်ဘုရားက မကောင်း သူကို ဖယ်ချင်တယ်လို့ပြောတယ်၊ အဲဒါ ဘယ်သူ့ကိုပြောနေတာပါ လဲ"

ကုရှိုက တည်ငြိမ်လေးနက်သော အသံဖြင့် ရှင်းပြ၏။

"အခုတစ်လော လူတွေကို ဒုက္ခပေးမယ့် လူဆိုးအဖွဲ့ ပြန်ပြီး ခေါင်းထောင်လာပြီလို့ သတင်းကြားတယ်၊ သူတို့ရဲ့ တပည့်တွေဟာ ဒီလမ်းမကြီးပေါ်မှာ ရောက်နေကြတယ်"

'ဘုန်းကြီးက တပည့်တို့ကို လူဆိုးတွေလို့ ထင်နေသလား"

ကြူးယွင်က ပွင့်ပွင့်လင်းလင်း မေးလိုက်သည်။ ဘုန်းတော် ကြီးက ...

"ဒီလို မဆိုလိုပါဘူး၊ ဒါပေမဲ့ ဒီနေရာကို ရောက်လာတဲ့ သိုင်းလောကသားမှန်သမျှ လက်တွေ့စစ်ဆေးခံရမှာပဲ"

'ဘုန်းတော်ကြီးက ဘယ်လိုစမ်းသပ်မှာလဲ"

"မင်းတို့တွေ ငါ့တောင်ဝှေးသုံးချက်ကို ခံနိုင်ရင် ငါ အပြစ် မယူတော့ဘူး"

ကြူးယွင်က ဘုန်းတော်ကြီးလက်ထဲတွင် ကိုင်ထားသော တောင်ဝှေးကို လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ဝှေးမှာ ရှစ်ပေခန့်ရှည်ပြီး ကလေးငယ်၏ လက်မောင်းခန့် တုတ်ခိုင်သည်။

ထို့အပြင် ...

အရောင်တလက်လက် ထွက်နေသည်။ မြင်ရုံဖြင့် သံမဏိဖြင့် သွန်းလုပ်ထားသော ရှားပါးသည့်တောင်ဝှေးဖြစ်ကြောင်း သိသာနေသည်။

ကြူးယွင် သက်ပြင်းတစ်ချက် ချလိုက်၏။

"ဘုန်းတော်ကြီးကို ဘယ်လိုလုပ်ယှဉ်လို့ရပါ့မလဲ"

ဘုန်းတော်ကြီးကုရှီ ပြုံးလိုက်၏။

"ကျုပ်က မကောင်းသူကိုဘဲ ပယ်မှာပဲ၊ မင်းတို့ မစိုးရိမ်ပါနဲ့"

ရှောင်ဝှားက ဝင်ပြောလာသည်။

"ဒါဖြင့် ဘုန်းတော်ကြီးက ဘယ်သူ့ကို တိုက်ခိုက်မှာလဲ"

ကုရှီက တည်ကြည်သောမျက်နှာထားဖြင့် ...

"ကျုပ်က မတိုက်ခိုက်ပါဘူး။ ဒါပေမဲ့ မင်းတို့ ရှောင်လင်ကျောင်းကို လိုက်ခဲ့ရလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

ကြူးယွင်က မေးလိုက်၏။ ကုရှီက မဆိုင်းမတွ တုံ့ပြန်လိုက်၏။



"ရှောင်လင်အဖွဲ့ရဲ့ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က မင်းတို့ကို စမ်းသပ်လိမ့်မယ်၊ အပြစ်မရှိဘူးဆိုရင် ပြန်လွှတ်လိုက်ကြမှာပဲ"

"ကျွန်မတို့ မလိုက်ဘူးဆိုရင်ကော"

ရှောင်ဝှားက မေးလာသည်။ ကုရှီက ခပ်ပြတ်ပြတ်ပင်ပြောလာသည်။

"မင်းတို့ကို သွေးကြောပိတ်ပြီး ခေါ်သွားရမှာပဲ"

ချူးလုစန်းက မနေနိုင်တော့ဘဲ ဝင်ပြောလိုက်၏။

"ကျွန်တော်တို့ဟာ လူဆိုးလူကောင်း ဖြစ်တယ်ဆိုတာ ဘယ်လိုခွဲခြားမှာလဲ"

ကုရှီတစ်ချက် ပြုံးကာ ...

"သိုင်းပညာနဲ့ စမ်းသပ်မှာပေါ့၊ လူဆိုးတွေနဲ့ ပက်သက်တဲ့ လူဆိုရင် ရက်စက်တဲ့ သိုင်းပညာမျိုး တတ်မှာပဲ၊ ဥပမာ တစ်ချိန်က ရက်စက်ခဲ့တဲ့ ငရဲဓား ဆယ့်နှစ်ကွက်လိုပေါ့"

ထိုစကားကြောင့် ချူးလုစန်း မကျေမနပ် ဖြစ်သွား၏။

"ဘုန်းတော်ကြီးက အတွေးတစ်ဖက်သတ် ရောက်နေတာကိုး"

ကုရှီ ဒေါသအိုးပေါက်ကွဲသွားသည်။

"မင်းက အသက်ငယ်ငယ်နဲ့ ရိုင်းလှချည်လား၊ မင်း ...

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးပဲဖြစ်ဖြစ်, လူကောင်းပဲဖြစ်ဖြစ် ငါ ခွင့်မလွှတ်နိုင်တော့ဘူး"

ဒေါသတကြီး ပြောဆိုလာသည်။ ချူးလုစန်းက လေသံ အေးအေးဖြင့် ...

"ဘုန်းတော်ကြီးကို ရှင်းအောင်ပြောချင်တယ်၊ သိုင်း လောကမှာရှိတဲ့ သိုင်းပညာတွေဟာ တစ်ခုနဲ့တစ်ခု ဆင်တူရိုးမှားတွေ တစ်ပုံကြီး ရှိပါတယ်၊ ပြီးတော့ ... သိုင်းပညာဆိုတာ အဆိုးရယ် အကောင်းရယ် မရှိပါဘူး၊ သုံးတဲ့လူအပေါ်မှာသာ မူတည်တာပါ၊ အချို့ လူကောင်းတွေထဲမှာတောင် ယုတ်ညံ့တဲ့လူတွေ ပါတတ်ပါ တယ်၊ ကျွန်တော်ပြောတာ မမှန်ဘူးလား"

ချူးလုစန်းက ရှင်းပြလိုက်၏။ သူ၏စကားကြောင့် ကုချို မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

ထိုစဉ် ...

ဘုန်းကြီးတစ်ပါးက ရှေ့တိုးလာပြီး ...

"ဆရာ ... သူ့ကို တပည့်ပဲ ဆုံးမပါရစေ"

ကုချိုအား ခွင့်တောင်းလာလေတော့သည်။

✱



ကုချိုသည် ထွက်ပေါက်ရသွားသည်ဖြစ်သဖြင့် ကြိတ်၍ ဝမ်းသာသွားသည်။

သူသည် တပည့်၏တောင်းဆိုချက်ကို ချက်ချင်းပင် လက်ခံ လိုက်သည်။

ကြားဝင်လာသော ဘုန်းတော်ကြီးက သံမဏိတုတ်ရှည် အား ဝှေ့ယမ်းကာ ...

"ကျုပ်ရဲ့ဘွဲ့နာမည် ဝေစိမ်း၊ မင်း အရင်စတိုက်ပါ"

ဖြောင်ပင် စိန်ခေါ်လာ၏။ ချူးလုစန်း မျက်မှောင်ကြုတ် သွား၏။

"ဘုန်းကြီးက ဘာတွေများ မကျေမနပ် ဖြစ်လို့ တိုက်ခိုက် ချင်ရတာလဲ"

ဝေစိမ်း တစ်ချက်ပြုံးကာ ...

"သိုင်းပညာ ဖလှယ်ရုံပါ"

ချူးလုစန်း မငြင်းသာတော့ပါ။

"ကောင်းပြီလေ၊ ပညာဖလှယ်ရုံဆိုတော့လည်း ယှဉ်ပြိုင် ကြတာပေါ့"

စကားဆုံးလျှင် ဓားဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်၏။ ဝေစိမ်းကလည်း သံမဏိတုတ်ရှည်အား ဝှေ့ယမ်းကာ ပြန်လည်တိုက် ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ထန်'

'ထန့်'

သံ သံချင်း ထိခတ်သံကျယ်လောင်စွာ ထွက်ပေါ်လာ၏။ သူတို့နှစ်ဦးသည် တစ်ခဏချင်းမှာပင် သိုင်းကွက်ဆယ်ကွက်ကျော်မျှ ယှဉ်ပြိုင်လိုက်ပြီးဖြစ်သည်။

ချူးလုစန်း၏ပညာမှာ မခေမှန်း ဝေစိမ်းနားလည်သဘော ပေါက်သွားသည်။

သူက မပေါ့ဆရဲတော့ပါချေ။

သတိကြီးစွာထားကာ တိုက်ခိုက်လိုက်၏။

ချူးလုစန်းကလည်း ဓားကွက်များ ပြောင်းလဲကာ တိုက်ခိုက်လိုက်၏။

သူတို့ တစ်ဦးနှင့်တစ်ဦး သဲကြီးမဲကြီး တိုက်ခိုက်လိုက်ကြသည်။

ချူးလုစန်းသည် အာရုံထဲဝယ် မှတ်သားထားသော သိုင်းပညာများအနက်မှ သိုင်းကွက်တစ်ကွက်ကို စဉ်းစားမိကာ ချက်ချင်းပင် ဖော်ထုတ်တိုက်ခိုက်လိုက်၏။

ဝင်းလက်သော ဓားရောင် ထွက်ပေါ်လာသည်။ ဓားရိပ်များသည် လေပွေတစ်ခုနှယ် ဝေစိမ်းထံ တိုးဝင်သွားသည်။ မရှေးမနှောင်းမှာပင် ...



"အား"

စူးရှသောအော်ဟစ်သံတစ်ချက် ထွက်ပေါ်လာလေတော့သည်။

✸ ✸ ✸

www.burmeseclassic.com

www.burmeseclassic.com



## သေမင်းလက်မှ လွတ်မြောက်သူ

"အား"

ကျယ်လောင်သော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာလေသည်။

ဝေစိမ်းသည် ရှုံ့မဲ့သောမျက်နှာဖြင့် နောက်ဆုတ်သွားရလေသည်။

သူ၏ညာဘက်လက်မှာ တုံးတိပြတ်ထွက်သွားပြီဖြစ်၏။

သွေးများ မြင်မကောင်းအောင် ရဲနေ၏။ အဖော်တစ်ယောက်က ဝေစိမ်းအား ချက်ချင်းပင် တွဲခေါ်သွားလေသည်။

ချူးလုစန်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သူက စိတ်ကူးအတွင်း၌ရှိသော သိုင်းကွက်အား အမှတ်တမဲ့ ဖော်ထုတ်လိုက်ခြင်းဖြစ်ရာ ဤမျှအစွမ်းထက်လိမ့်မည်ဟု မထင်မိပါချေ။

ထို့ကြောင့် နေရာတွင် ငူငူကြီး ရပ်နေမိလေသည်။ ဝေစိမ်း၏အဖြစ်ကြောင့် ကုရှီ ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။



"ယား"

သူသည် ဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်လိုက်သည်။

ထို့နောက် ...

သံမဏိတောင်ဝှေးအား ဝှေ့ယမ်းလျက် တစ်ဟုန်ထိုးပြေးဝင်ကာ ချူးလုစန်းအား တိုက်ခိုက်လိုက်လေသည်။

ဒေါသတကြီး တိုက်ခိုက်လာသော ကုရှီ၏ရိုက်ချက်များမှာ ကြောက်ခမန်းလိလိ ပြင်းထန်လှပေသည်။ ချူးလုစန်း သတိကြီးစွာထား၍ ရှောင်တိမ်းလိုက်ရလေသည်။

သို့သော် ပညာချင်းကွာဟနေသည့်အပြင် ကုရှီ၏ တောင်ဝှေးရိုက်ချက် ပြင်းထန်နေသည့်အတွက် မကြာမီ ချူးလုစန်း တစ်ယောက် အကျဉ်းအကျပ်ထဲသို့ ရောက်လာ၏။

ချူးလုစန်းသည် တိုက်ရင်းခိုက်ရင်း အမှတ်မထင် စဉ်းစားမိသော သိုင်းကွက်ဖြင့် ဝေ စိမ်းအား အနိုင်ယူနိုင်ခဲ့သည်။

ယခုမှာမူ ဒဏ်ရာမရအောင် မနည်းခုခံကာကွယ်နေရသဖြင့် သိုင်းကွက်ကို အာရုံထဲတွင် ထည့်သွင်းစဉ်းစားနိုင်ခြင်း မရှိတော့ပေ။

သူသည် အစွမ်းကုန်ပင် ခုခံကာကွယ်နေရလေသည်။ ကုရှီမှာမူ ရှောင်လင်နာမည်ကျော် ရဟန်းသိုင်းပညာဖြင့် တရစပ်မြန်း တိုက်ခိုက်လာခြင်းကြောင့် အသာစီးရရှိနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ...

နောက်ထပ်ဆယ်ကွက်မြောက် တိုက်ခိုက်ပြီးသောအခါ ဝယ် ချူးလုစန်းမှာ မကာကွယ်နိုင်တော့ချေ။

သူက အတတ်နိုင်ဆုံး ရှောင်တိမ်းလိုက်သော်လည်း ကုရှိ၏ တောင်ဝှေးသည် သူ၏ခန္ဓာကိုယ်အား ပင့်ကော်သလို ခံစားလိုက်ရသည်။

သူ၏ခန္ဓာကိုယ်သည် လေထဲမြောက်တက်သွားပြီး မလှမ်းမကမ်း၌ရှိ ချောက်ကမ်းပါးထဲသို့ ထိုးကျသွားတော့သည်။

"အား"

ချူးလုစန်း၏ အော်ဟစ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

ချူးလုစန်း ချောက်ထဲကျသွားသည်နှင့် ကုရှိတို့သုံးဦးသည် လျင်မြန်စွာ ဆုတ်ခွာသွားကြလေတော့သည်။

✻

ကြူးယွမ်နှင့်ရှောင်ဗွားတို့သည် ကုရှိတို့နောက်သို့ လိုက်မသွားကြပါ။



သူတို့နှစ်ဦးသည် ချူးလုစန်းကျသွားသော ချောက်ကမ်းပါးအောက်သို့ အမောတကော ပြေးဆင်းသွားကြလေသည်။

မကြာမီ ... ချောက်ကမ်းပါးအောက်ခြေသို့ ရောက်လာကြ၏။

သို့သော် ချူးလုစန်းကို ရှာမတွေ့ပါ။ ရှောင်ဗွားသည် အပေါ်သို့ အမှတ်မထင် လှမ်းကြည့်မိပြီးနောက် ...

"ဟို ... ဟိုမှာ"

စိတ်စောမှု ဝမ်းသာမှုတို့ကြောင့် စကားကိုပင် ဆက်မပြောနိုင်အောင် အံ့ဩတုန်လှုပ်နေမိသည်။

အဘယ်ကြောင့်ဆိုသော ...

ရှောင်ဗွားက သစ်ပင်တစ်ပင်ပေါ်တွင် ကန့်လန့်တင်လျက်ရှိသော ချူးလုစန်းကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ချူးလုစန်းသည် အလွန်ကံကောင်းသည်ဟု ဆိုရပေတော့မည်။

တောင်နံရံတွင် သစ်ပင်များ၊ နွယ်ပင်များ ထူထပ်စွာပေါက်နေသဖြင့် ချူးလုစန်းသည် သက်သာရာရသွားခြင်းပင် ဖြစ်၏။

ကြူးယွင်နှင့်ရှောင်ဗွားတို့ အလွန်ပင် ဝမ်းသာသွားမိကြတော့သည်။

သူတို့သည် တောင်နံရံပေါ် ကုပ်တွယ်တက်ကာ ချူးလုစန်း

www.burmeseclassic.com

www.burmeseclassic.com



အား ခဲရာခဲဆစ် ကယ်တင်ခဲ့ကြရတော့သည်။

✹

BURMESE CLASSIC .com

ချူးလုစန်းမှာ ဒဏ်ရာပြင်းထန်စွာ ရရှိထားသည်။ ရှောင်ဗုအးတို့၏ ကြပ်မတ်ကုသမှုဖြင့် ဆယ်ရက်ကြာသောအခါဝယ် အနည်းငယ် ထူထူထောင်ထောင် ဖြစ်လာခဲ့၏။

သို့သော် အတွင်းဒဏ်ရာကား အရှင်းမပျောက်သေးပါချေ။ သူတို့သည် လုံခြုံသောနေရာတစ်ခု ရှာဖွေရန် အရေးကြီးသည်ဟု ကြူးယွင် စဉ်းစားမိသည်။

သူတို့သည် ဆိတ်ငြိမ်သောနေရာတစ်ခုရှာဖွေရင်းမှ တောင်ပေါ်တစ်နေရာရှိ လူသူမနေသော ကျောင်းအိုပျက်ကြီးတစ်ခုကို ရှာတွေ့သွားခဲ့သည်။

ထိုကျောင်းအိုပျက်တွင်ပင် နေထိုင်ရန် ကြူးယွင်က ဆုံးဖြတ်လိုက်လေတော့သည်။

✹



ကျောင်းအိုပျက် ...

အပျက်အစီးများပြားသော်လည်း လူသုံးယောက် နေထိုင်ရန်အတွက်မူ လုံခြုံလှပေသည်။ အစားအသောက်ပူစရာလည်း မလိုပါ။

ကျောင်းအိုအနောက်ဘက်တွင် ဆီးပင်များနှင့် အခြားသောသီးနှံပင်အချို့ ရှိနေပေသည်။ တောင်ခြေတစ်နေရာတွင် စမ်းချောင်းရှိ၍ ရေအတွက်လည်း မပူရပါချေ။

ကြူးယွင်တို့အတွက် အစစအရာရာ အဆင်ပြေသည်ဟု ဆိုရပေတော့မည်။

ကျောင်းအိုပျက်ကြီးတွင် ယာယီနေထိုင်စဉ် ကာလအတွင်း ကြူးယွင်သည် မိသားစုမူပိုင်ဖြစ်သော သိုင်းပညာ ရပ်များကို အိတ်သွန်ဖာမှောက် သင်ကြားပေးခဲ့သည်။

ကြူးယွင်သင်ကြားပေးသော သိုင်း ပညာမှာ စုံလင်လှ၏။ သူမ့သင်ပေးသော သိုင်းပညာထဲမှ ဝက်ပါလျှပ်စီး၊ နဂါးဖမ်းတိမ်လွှာခြေလှမ်းနှင့် သွေးလက်ဝါးတို့မှာ အလွန်အဆင့်မြင့်သော သိုင်းပညာရပ်များ ဖြစ်၏။

ထိုထိပ်တန်းသိုင်းကွက်များအနက် ဝက်ပါလျှပ်စီးသိုင်းပညာအား ချူးလုစန်းသည် ရှေးမဆွကပင် သင်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

သူသင်ခဲ့ရသော ဝက်ပါလျှပ်စီးပညာမှာ အခြေခံမျှသာ ဖြစ်သည်။

ယခု သူနေကောင်းသွားသည်နှင့် တစ်ပြိုင်နက် ကြူးယွင်သင်ကြားပေးသော ဝက်ပါလျှပ်စီးသိုင်းကွက်မှာ တကယ့် အဆီအနှစ် ဖြစ်သည်။

ထိုအခါမှ ... ဝက်ပါလျှပ်စီးသိုင်းကွက်သည် အလွန်ထက်မြက်သော ဓားသိုင်းတစ်မျိုးဖြစ်ကြောင်း ချူးလုစန်း လက်ခံမိတော့သည်။

ရဲမား ဆယ့်နှစ်ဖော်ဓားသိုင်းနှင့် ပုံစံချင်းမတူသော်လည်း ထိရောက်မှုတွင် မတိမ်းမယိမ်းဖြစ်၏။

ယင်းပညာနှစ်မျိုးကို သင်ယူခွင့်ရခြင်းသည် ချူးလုစန်းအဖို့ အလွန်ကံကောင်းသည်ဟု ဆိုရပေမည်။

မရဏာမီးပုံး၏ မူပိုင်ပညာထဲမှ သွေးလက်ဝါးပညာမှာ ဝက်ပါလျှပ်စီးသိုင်းကွက်ထက် သာလွန်ထက်မြက်နေသေးသည်။

ထိုပညာသည် ထူးဆန်းထက်မြက်ကာ အန္တရာယ် များလှသော သိုင်းကွက်ဖြစ်သည်။

အတွင်းအား အဓိကအသုံးပြုရသော လက်ဝါးသိုင်းပညာရပ်တစ်မျိုးပင် ဖြစ်သည်။



အတွင်းအား ပြည့်ဝသူတစ်ယောက်မဟုတ်လျှင် သွေးလက်ဝါးပညာကို လေ့ကျင့်၍ ရမည်မဟုတ်ပေ။

ထို့ကြောင့် သွေးလက်ဝါးပညာ တတ်မြောက်သူသည် အတွင်းအားကောင်းသူတစ်ဦး ဖြစ်ရမည်ကို တွက်ချက်သိရှိနိုင်ပေသည်။

ထို့အပြင် ...

သွေးလက်ဝါးသိုင်းပညာရပ်မှာ မရဏာမီးပုံး၏ အလျှို့ဝှက်ဆုံးပညာရပ်ဖြစ်၍ အင်မတန် အရေးကြီးဆုံးအချိန်မှ ထုတ်သုံးလေ့ရှိ၏။

ထို့ကြောင့် သိုင်းလောကသားများ ဝက်ပါလျှပ်စီး သိုင်းပညာကို သိကြသော်လည်း ဝက်ပါလျှပ်စီးထက်သာလွန်သော သွေးလက်ဝါးပညာကို သိုင်းလောကသားတိုင်း မသိကြပေ။

ရှောင်ဝှားပင်လျှင် သွေးလက်ဝါးပညာကို သင်ခွင့်မရခဲ့ပေ။ ချူးလုစန်းသည် မရဏာမီးပုံးရှင်၏တပည့်အဖြစ် လျာထားခြင်းခံရသူသာ ဖြစ်သည်။

သို့သော် ...

သွေးလက်ဝါးသိုင်းပညာကို သင်ခွင့်ရလိုက်၏။ သို့တစေ သိုင်းပညာဟူသည် လျှို့ဝှက်နက်နဲလေလေ သင်ရခက်လေလေ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တစ်နှစ်နီးပါးလေ့ကျင့်ပြီးမှ ချူးလုစန်းက သိုင်းပညာပ်များကို ပိုင်ပိုင်နိုင်နိုင် တတ်မြောက်သွားခြင်း ဖြစ်လေတော့သည်။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း(စာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

BURMESE CLASSIC .com

www.burmeseclassic.com